မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂)
အမှတ် (၁၆၈)

Established in 1914

Myanma Alinn Daily

၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်

၂၀၁၃ ခုနှစ်၊ မတ် ၁၇ရက်၊ တနင်္ဂနွေနေ့။

ဒို့တာဝန်အရေး(၃)ပါး

- ❒ ပြည်ထောင်စု မပြိုကွဲရေး။
- ❒ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- ❒ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အော့ကလန်မြို့တောင်ပိုင်းရှိ ပန်းမန်ပျိုးဥယျာဉ်သို့ ရောက်ရှိ

နေပြည်တော် မတ် ၁၆

နယူးဇီလန်နိုင်ငံ၌ ချစ်ကြည်ရေးခရီး ရောက်ရှိနေသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် မတ် ၁၆ ရက် နံနက်ပိုင်းတွင် နယူးဇီလန်နိုင်ငံ အော့ကလန်မြို့တောင်ပိုင်းရှိ Shipherd Nurseries ပန်းမန်ပျိုးဥယျာဉ်သို့ရောက်ရှိကြရာ ပျိုးဥယျာဉ်တာဝန်ခံ Mr. FransVan Dorsser က ခေတ်မီမှန်လုံအိမ် စိုက်ပျိုးနည်းစနစ်ဖြင့် နှင်းဆီပန်းမျိုးစုံနှင့် အခြားပန်းမန်များ စိုက်ပျိုးထုတ်လုပ်၍ ဈေးကွက်သို့တင်ပို့ရောင်းချမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ခေတ်မီမှန်လုံအိမ် စိုက်နည်းစနစ်ဖြင့် နှင်းဆီပန်းမျိုးစုံ စိုက်ပျိုးထားရှိမှုများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။ **(ယာပုံ)**

ယင်းနောက် ကာရာကာရှိ နို့စားနွားမွေးမြူရေးခြံသို့ ရောက်ရှိကြရာ ဒေသခံတောင်သူ Mr.Murray Shaw က နို့စားနွားများကို စားကျက်တွင် မွေးမြူထားရှိမှုနှင့် နို့ထုတ်လုပ်မှုအဆင့်ဆင့်ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် နို့စားနွားအကောင် ၅၀ အား တစ်ပြိုင်တည်း နို့ညှစ်နိုင်သည့် နို့ညှစ်စက်များ ၊ Fonterra ကုမ္ပဏီမှထွက်ရှိသည့် နွားနို့များကို အရည်အသွေးစစ်ဆေးသည့်ကားဖြင့် လာရောက်သယ်ယူမှု၊ နွားစာအဖြစ် စီမံထားသည့် မြက်ချဉ်ခြောက်များနှင့် မွေးမြူထားသည့် နို့စားနွားများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ထိုသို့ လေ့လာစဉ်အတွင်း နိုင်ငံတော်သမ္မတနှင့်အဖွဲ့က နို့စားနွားမွေးမြူ၍ နို့ထုတ်လုပ်နိုင်မှု အခြေအနေများနှင့်စပ်လျဉ်း၍ *စာမျက်နှာ ၃ ကော်လံ ၁* ☀

နယ်စပ်ကုန်သွယ်ရေး တိုးတက်မြင့်မားလာ

နေပြည်တော် မတ် ၁၆

မြန်မာနိုင်ငံသည် စီးပွားရေး တိုးတက်ဖွံ့ဖြိုးရန် အရှိန်အဟုန်မြင့် ကြိုးစားနေပြီး ပြုပြင်ပြောင်းလဲမှုများ လည်းပြုလုပ်လျက်ရှိရာ နိုင်ငံတကာနှင့်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအကောင်အထည်ဖော် လုပ်ကိုင်လာနိုင်လျက်ရှိသည့်အပြင် အိမ်နီးချင်းနိုင်ငံများနှင့် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများတိုးတက်ပြုလုပ်နိုင်လျက်ရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းတွေ တစ်နှစ်ထက်တစ်နှစ်တိုးတက်မြင့်မားအောင် ကြိုးစားနေပါတယ်။ နယ်စပ်ကုန်သွယ်ရေးစခန်းတွေလည်း တိုးချဲ့ဖွင့်လှစ်နေပြီး နယ်စပ်ကုန်သွယ်မှုကို အရင်ကထက် ဖြေလျှော့မှုတွေ ပြုလုပ်ထားတာမို့ အိမ်နီးချင်းနိုင်ငံတွေနဲ့ အပြန်အလှန်ကုန်သွယ်မှု တိုးတက်လာပါတယ်" ဟု ၄င်းက ပြောကြားသည်။

မြန်မာနိုင်ငံသည် လောလောဆယ်တွင် နယ်စပ်ကုန်သွယ်မှုစခန်း စုစုပေါင်း ၁၂ ခုအထိ ရှိနေပြီဖြစ်သည်။ ယင်းတို့မှာ တရုတ်နိုင်ငံနှင့် နယ်စပ်ကုန်သွယ်မှုစခန်း လေးခု၊ ထိုင်းနိုင်ငံနှင့် နယ်စပ်ကုန်သွယ်မှုစခန်းလေးခု၊ အိန္ဒိယနှင့်နယ်စပ်ကုန်သွယ်မှုစခန်းနှစ်ခုနှင့် ဘင်္ဂလားဒေ့ရှ်နှင့် နယ်စပ်ကုန်သွယ်မှုစခန်းနှစ်ခုတို့ဖြစ်သည်။

မြန်မာနိုင်ငံသည် အိမ်နီးချင်းနိုင်ငံများနှင့် နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများတိုးတက်မြင့်မားလျက်ရှိရာ ပြီးခဲ့သည့် ၂၀၁၁-၂၀၁၂ ခုနှစ် ဘဏ္ဍာရေးနှစ်ကထက် နှစ်ဆကျော် မြင့်တက်လာနိုင်ကြောင်း၊ လာမည့်နှစ်များတွင်လည်း ဆက်လက်တိုးမြင့်လာမည့် အလားအလာများရှိကြောင်း နယ်စပ်ကုန်သွယ်ရေး ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မြင့်တက်လာ

မြန်မာနိုင်ငံသည် နယ်စပ်ကုန်သွယ်ရေးမှ ၂၀၁၁-၂၀၁၂ခုနှစ် ဘဏ္ဍာရေးနှစ်ကာလအတွင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၀၄၆ ဘီလီယံကျော် ရရှိခဲ့ရာ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်ကာလထက် နှစ်ဆကျော် တိုးတက်ရရှိခဲ့သည်။ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း နယ်စပ်ကုန်သွယ်ရေးမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၉ ဘီလီယံကျော်ရရှိမှုနှင့် နှိုင်းယှဉ်လျှင် များစွာ မြင့်တက်လာခြင်းဖြစ်သည်။

သတင်းမှတ်စု - မောင်သစ္စာ

မြန်မာနိုင်ငံနယ်စပ်ကုန်သွယ်ရေးစခန်းများမှ အဓိကတင်ပို့သော ပစ္စည်းများမှာ ဆန်၊ သစ်တောထွက်ပစ္စည်း၊ ငါးထုတ်ကုန်များ၊ သတ္တု၊ ပြောင်း၊ မြေပဲ၊ ရော်ဘာ စသည်တို့ ဖြစ်သည်။ နယ်စပ်ကုန်သွယ်မှု၌ အများဆုံးမှာ တရုတ်နိုင်ငံဖြစ်သည်။

(မြန်မာ့အလင်း)

သတင်းအညွှန်း

မြောက်ကိုရီးယားက ဂျပန်ပင်လယ်တွင်းသို့ တာတိုပစ်ဒုံးကျည်များစမ်းသပ်ပစ်
စာမျက်နှာ - ၄

ဆိုယုဇ်အာကာသယာဉ် မြေပြင်သို့ ဘေးကင်းစွာ ဆင်းသက်
စာမျက်နှာ - ၅

ပြည်သူ့လိုအင် ဖော်ဆောင်ပေးမည့် သတင်းစာများ
ဆောင်းပါး စာမျက်နှာ - ၆

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

စီအယ်လ်အမ်ဗွီ ပူးပေါင်းဆောင်ရွက်မှုအရှိန်မြှင့်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သကဲ့သို့ စီအယ်လ်အမ်ဗွီ အဖွဲ့ဝင်နိုင်ငံလည်းဖြစ်ပေသည်။ စီအယ်လ်အမ်ဗွီ(CLMV)ကို ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်နိုင်ငံတို့ဖြင့် ဖွဲ့စည်းထားပါသည်။ ဤလေးနိုင်ငံသည် အာဆီယံနိုင်ငံများအနက် စီးပွားရေးဖွံ့ဖြိုးမှု နောက်ကျကျန်ရစ်ခဲ့သော နိုင်ငံများပင်ဖြစ်သည်။

ထို့ကြောင့် စီအယ်လ်အမ်ဗွီနိုင်ငံများသည် အခြားသောအာဆီယံနိုင်ငံများကို အမီလိုက်နိုင်ရေး၊ လူမှုရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုတို့တွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ခြင်းဖြင့် ပိုမိုဖွံ့ဖြိုးလာပြီး ပြည်သူများ၏ လူမှုအဆင့်အတန်း တိုးတက်လာစေရန် ရည်ရွယ်ဖွဲ့စည်းထားခြင်း ဖြစ်သည်။

ယခုအခါ စီအယ်လ်အမ်ဗွီ အဖွဲ့ဝင်နိုင်ငံများ၏ ထိပ်သီးအစည်းအဝေးများ ကျင်းပလာခဲ့သည်မှာ (၆)ကြိမ်မြောက်ပင်ရှိပြီဖြစ်သည်။ ဤ(၆)ကြိမ်မြောက် ထိပ်သီးအစည်းအဝေးများကို လွန်ခဲ့သည့် မတ် ၁၂ ရက်က လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ ကျင်းပခဲ့သည်။ ထိုထိပ်သီးအစည်းအဝေးသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။ ထိပ်သီးအစည်းအဝေးသို့ ကမ္ဘောဒီးယားဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်၊ လာအိုဝန်ကြီးချုပ် မစ္စတာသွန်ဆင်းသမာဗောင်၊ ဗီယက်နမ်ဝန်ကြီးချုပ် ငုယင်တန်ဖွန်း၊ အာဆီယံအတွင်းရေးမှူးချုပ် မစ္စတာလီယောင်မင်တို့နှင့်အတူ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။

ယခု ထိပ်သီးအစည်းအဝေးသည် ၂၀၁၀ ခုနှစ်က ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပခဲ့သည့် ထိပ်သီးအစည်းအဝေးက ချမှတ်ခဲ့သော ၂၀၁၅ ခုနှစ် အာဆီယံအသိုင်းအဝိုင်း ထူထောင်ရာတွင် အာဆီယံနိုင်ငံများအကြား ကွာဟချက် ကျဉ်းမြောင်းရေးအတွက် ဦးတည်၍ လုပ်ငန်းစီမံချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရေးပင် ဖြစ်သည်။

ဤ(၆)ကြိမ်မြောက် ထိပ်သီးအစည်းအဝေးသည် ၂၀၀၄ ခုနှစ်က လာအိုနိုင်ငံ ဗီယင်ကျန်းမြို့ ထိပ်သီးအစည်းအဝေး၊ ၂၀၀၅ ခုနှစ် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ ထိပ်သီးအစည်းအဝေး၊ ၂၀၀၇ ခုနှစ် ဖိလစ်ပိုင်နိုင်ငံ စီဘူးမြို့ ထိပ်သီးအစည်းအဝေး၊ ၂၀၀၈ ခုနှစ် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့ ထိပ်သီးအစည်းအဝေးနှင့် ၂၀၁၀ ခုနှစ် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ ထိပ်သီးအစည်းအဝေးများတွင် ချမှတ်ထားခဲ့သည့် ဆုံးဖြတ်ချက်များကို ပြန်လည်အမှတ်ရပြီး အဖွဲ့ဝင်နိုင်ငံများအကြား ချစ်ကြည်ရင်းနှီးသည့် အိမ်နီးချင်းကောင်းပီသမှုနှင့် ဘုံအကျိုးစီးပွားများကို ဆက်လက်အကောင်အထည်ဖော်ရန် ကတိကဝတ်များ ထပ်မံပြုလုပ်ခဲ့ကြသည်။

လာမည့် (၇)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေးကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်ကြောင်းသိရပါသည်။ ဤကဲ့သို့ စီအယ်လ်အမ်ဗွီနိုင်ငံများအကြား အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုကို အရှိန်အဟုန်မြှင့်တင်သွားခြင်းဖြင့် ဒေသတွင်းပြည်သူများ လူမှုစီးပွားတိုးပွားကာ အခြားသောအာဆီယံနိုင်ငံများနှင့် ဖွံ့ဖြိုးမှုကွာဟချက်လည်း တဖြည်းဖြည်း ကျဉ်းမြောင်းလာမည်ဟု ယုံကြည်ပါကြောင်း။ ။

ပြည်တွင်းသတင်း

ပြည်ထောင်စုဝန်ကြီးအား ဗြိတိန်နိုင်ငံဝန်ကြီးချုပ်ဟောင်း လာရောက်တွေ့ဆုံ

နေပြည်တော် မတ် ၁၆

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်အား ဗြိတိန်နိုင်ငံ ဝန်ကြီးချုပ်ဟောင်း မစ္စတာတိုနီဘလဲသည် မတ် ၁၅ ရက် ညနေ ၃ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံ၍ လက်ရှိမြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနှင့် ကချင်ပြည်နယ် အရေးကိစ္စများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (ဓါတ်ပုံ) (သတင်းစဉ်)

မြန်မာနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ်များတွင် ပိုမိုထိရောက်အောင်မြင်စေရေးအတွက် အမေရိကန်နှင့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ ကူညီထောက်ပံ့မှုများသည် များစွာအထောက်အကူဖြစ်

နေပြည်တော် မတ် ၁၆

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီအတွင်းရေးမှူး နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းအား အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာညှိနှိုင်းရေးမှူး Mr. Patrick Murphy သည် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Derek Mitchell၊ နိုင်ငံခြားရေးရာ အရာရှိ Ms. Cecili Brewer တို့နှင့်အတူ မတ် ၁၅ ရက် နံနက် ၁၀ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံရာ ဒုတိယဝန်ကြီးက နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဗဟို ကော်မတီ၊ လုပ်ငန်းကော်မတီ၊ လုပ်ငန်းဆပ်ကော်မတီ၊ ဒေသဆိုင်ရာလုပ်ငန်းကော်မတီတို့ဖြင့် အဆင့်ဆင့်ဖွဲ့စည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း ၂၀၁၃ ခုနှစ် မတ် ၁၃ ရက်တွင် ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဗဟိုကော်မတီကို ဒုတိယသမ္မတ(၁)မှ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်တို့အား ဒုတိယဥက္ကဋ္ဌများအဖြစ်လည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးအား အတွင်းရေးမှူးအဖြစ်လည်းကောင်း ခန့်အပ်၍ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ ပါဝင်သောအဖွဲ့အား ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါကြောင်း၊ အဆိုပါကော်မတီအနေဖြင့် ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်မြှင့်တင်ဆောင်ရွက်နိုင်ရန် ရေတိုရေရှည်စီမံချက်များ ချမှတ် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထို့အပြင် နှစ်ဖက်လူ့အဖွဲ့အစည်းအကြား ရေရှည်သဟဇာတရှိမှုဖြစ်ထွန်း ပေါ်ပေါက်ရေးကိုလည်း ပူးပေါင်းဆောင်ရွက်သွားရန် ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ်များတွင် ပိုမိုထိရောက်အောင်မြင်စေရေးအတွက် အမေရိကန်ပြည်ထောင်စုနှင့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ ဝိုင်းဝန်းကူညီထောက်ပံ့မှုများသည် များစွာအထောက်အကူဖြစ်မည်ဟု ယုံကြည်မိပါကြောင်း၊ မြန်မာနိုင်ငံတွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် အပစ်အခတ်ရပ်စဲပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရေးလုပ်ငန်းစဉ်များကိုလည်း အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာညှိနှိုင်းရေးမှူး Mr. Patrick Murphy က ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရေတိုရေရှည်ဆောင်ရွက်မည့် အစီအမံများ၊ ပြည်ထောင်စုအစိုးရနှင့် ရခိုင်ပြည်နယ်အစိုးရတို့၏ ဦးဆောင်မှုအခန်းကဏ္ဍများနှင့်စပ်လျဉ်း၍ သိရှိလိုသည့်အချက်များကို မေးမြန်းခဲ့ပြီး ဒုတိယဝန်ကြီးက ရှင်းလင်းဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ထင်သာမြင်သာ ပြုပြင်စရာ

မတ် ၁၅ ရက်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးအတွက် တာဝန်ရှိသူများက ပညာပေးသည့်အနေဖြင့် သတိပေးစာတန်းများလည်း ပဲခူးမြို့ နေရာအနှံ့စိုက်ထူထားပြီး ယာဉ်ကြောပိတ်ဆို့မှုမရှိအောင် ဆောင်ရွက်နေသည့်ကြားမှ မြို့လယ်ကောင်မြစ်ကူးတံတားထိပ်တွင် သုံးဘီးဆိုင်ကယ်များ နှစ်ထပ်၊ သုံးထပ်ရပ်ပြီး ခရီးသည်တင်ဆောင်နေသည်ကို တွေ့မြင်ရစဉ်။
သန့်စင်

လျှပ်စစ်ဓာတ်အားသုံးလျှင် သတိယှဉ်

မိမိအသုံးပြုနေသည့် လျှပ်စစ်ပစ္စည်းကိရိယာများဖြစ်သော မီးဖို၊ မီးပူ၊ လျှပ်စစ်ဓာတ်အားသုံး ပစ္စည်းများကို မပိတ်မိသည့်အတွက် အပူလွန်ကဲကာ မီးလောင်မှုဖြစ်ပွားလျက် ရှိနေပါသည်။ လျှပ်စစ်ပစ္စည်းများအား အသုံးပြုပြီးပါက သေချာစွာ ပိတ်ထားကြရန်နှင့် မီးဘေးလုံခြုံရေးအတွက် သတိရှိကြပါရန် နှိုးဆော်တိုက်တွန်းအပ်ပါသည်။ **မီးသတ်ဦးစီးဌာန**

ဓာတ်ဆီဖြည့်မှု သတိပြု

ပူပြင်းသောရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီလဲလှယ်ခြင်းများ ပြုလုပ်စဉ်ပွတ်တိုက်မှု (Friction) မှ သဘာဝတည်ငြိမ်လျှပ်စစ် (Static Electricity) တို့ ဖြစ်ပေါ်မှုကြောင့် မီးလောင်မှုများဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတုပူပြင်းချိန်တွင် ပလတ်စတစ်ပုံး၊ ပလတ်စတစ်ပိုက်တို့ဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြုရှောင်ကြဉ်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။
မီးသတ်ဦးစီးဌာန

ဒုတိယအသုတ် လျှပ်စစ်ဓာတ်အားပေးစက် ရန်ကုန်မြို့သို့ ထပ်မံရောက်ရှိလာမည်

ရန်ကုန် မတ် ၁၆

ထိုင်းနိုင်ငံအစိုးရက မြန်မာနိုင်ငံအစိုးရသို့ လှူဒါန်းသော မီးစက်တစ်လုံးလျှင် 120 MW ထွက်ရှိမည့် မီးစက်နှစ်စုံအနက် ပထမအစုံသည် မြန်မာနိုင်ငံ ရန်ကုန်မြို့သို့ ဖေဖော်ဝါရီ ၉ ရက်က ရောက်ရှိခဲ့ပြီးဖြစ်သည်။ ယခုအခါ ဒုတိယအစုံမီးစက်သည် မတ် ၁၉ ရက်ခန့်တွင်ရန်ကုန်မြို့သို့ ရောက်ရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ရောက်ရှိလာမည့် ဒုတိယအစုံမီးစက်တွင် ဗိုလ်အောင်ကျော်ဆိပ်ခံတံတား၌ သယ်ချထားသော ပစ္စည်းအရေအတွက် ၄၀၀ ကျော်ကို မတ် ၂၁ ရက်မှ စတင်၍ ဓာတ်အားပေးစက်စီမံကိန်းတည်ရှိရာ ရွာမဓာတ်အားပေးစက်ရုံသို့ ကမ်းနားလမ်း၊ ဘုရင့်နောင်လမ်း၊ အောက်မင်္ဂလာဒုံလမ်းများကို အသုံးပြု၍ သယ်ဆောင်မည်ဖြစ်ရာ သယ်ယူပို့ဆောင်မှုကာလ ခြောက်ရက်ခန့် ကြာမြင့်မည်ဖြစ်သည်။ အေးရှားဝေါလ် ထီးတန်းဆိပ်ခံတံတားတွင် ထားရှိသည့် အလေးချိန် တန် ၄၀ အထက်ရှိသော ပစ္စည်းလေးခုကိုလည်း မတ် ၂၆ ရက်မှစ၍ ရွာမဓာတ်အားပေးစက်ရုံသို့ ကမ်းနားလမ်း၊ သခင်မြပန်းခြံလမ်း၊ အောက်ကြည့်မြင်တိုင်လမ်း၊ ဗဟိုလမ်း၊ အလုံလမ်း၊ ပြည်လမ်း၊ ဂျပန်လမ်း၊ အောက်မင်္ဂလာဒုံလမ်းများကို အသုံးပြု၍ သယ်ယူပို့ဆောင်မည်ဖြစ်သည်။

သယ်ယူပို့ဆောင်မည့် ပစ္စည်းများသည် ထုထည်အားဖြင့် ကြီးမားခြင်း၊ အလေးချိန် လေးလံခြင်းတို့ကြောင့် သယ်ယူပို့ဆောင်မည့် လမ်းတစ်လျှောက်ရှိ ပြည်သူများ၊ ယာဉ်များ၊ လမ်းမီးကြိုးများ၊ အတားအဆီးများကို ထိခိုက်မှုနှင့် အနှောင့်အယှက်မရှိစေရန်အတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်သွားမည်ဖြစ်ရာ ခေတ္တခဏ လျှပ်စစ်မီးဖြတ်တောက်မှုနှင့် ကြုံတွေ့နိုင်မည်ဟု သိရှိရသည်။
အောင်သူရ

ပြည်တွင်းသတင်း

※ ရှေ့ဖုံးမှ

သိရှိလိုသည်များကိုမေးမြန်းကြသည်။

အဆိုပါ တောင်သူမွေးမြူထားသည့် နို့စားနွားမှာ အကောင် ၅၀၀ ရှိပြီး တစ်ကောင်လျှင် တစ်နေ့ ပျမ်းမျှ နွားနို့ ၂၄ လီတာ ရရှိကြောင်း၊ ဧက ၃၅၀ ပေါ်တွင် ကိုယ်ပိုင်စားကျက်ကွင်း၊ နို့ညှစ်စက်၊ နို့သိုလှောင်ကန် ပါဝင်၍ ခေတ်မီစွာ မွေးမြူထားခြင်းဖြစ်ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် အော့ကလန်ရေကြောင်းကယ်ဆယ်ရေးဌာန(Auckland Marine Rescue Centre)သို့ရောက်ရှိရာ Hamilton Jet ရေယာဉ်ထုတ်လုပ်ရေးစီမံကိန်းမန်နေဂျာ Mr. Brent Cleand က အမြန်ရေယာဉ်ထုတ်လုပ်မှုအခြေအနေနှင့် ရေကြောင်းကယ်ဆယ်ရေးဆောင်ရွက်မှုတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် Hamilton Jet ရေယာဉ်စမ်းသပ် မောင်းနှင်ပြသမှုကို ကြည့်ရှုလေ့လာကြသည်။

ထို့နောက် Auckland War Memorial Museum သို့ရောက်ရှိပြီး ပြတိုက်အတွင်း ရှေးဟောင်းယဉ်ကျေးမှုအနုပညာလက်ရာ ပစ္စည်းများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် ပြတိုက်ခန်းမ၌ ညွှန်ကြားရေးမှူး Mr.Rob Clare က ပြတိုက်ဖြစ်ပေါ်လာပုံ နောက်ခံသမိုင်းကြောင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်သမ္မတက သိရှိလိုသည်များကို မေးမြန်းသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ပြတိုက်ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ညနေပိုင်းတွင် နိုင်ငံတော်သမ္မတသည် သံအမတ်ကြီးနှင့် သံရုံးမိသားစုများ၊ နယူးဇီလန်နိုင်ငံတွင် ပညာသင်ကြားနေကြသည့် ပညာတော်သင်ကျောင်းသားများအား တွေ့ဆုံနှုတ်ဆက်ကာ အမှတ်တရ လက်ဆောင်များ ပေးအပ်ခဲ့သည်။ **(သတင်းစဉ်)**

ကြည့်ရှုလေ့လာ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကာရာကာရှိ နို့စားနွားမွေးမြူရေးခြံ၌ နို့စားနွားများ မွေးမြူထားရှိမှုကို ကြည့်ရှုလေ့လာစဉ်။

(သတင်းစဉ်)

နယ်သာလန်နိုင်ငံဘုရင်မကြီးထံ သံအမတ်ကြီး ဦးပေါ်လွင်စိန်က ၎င်း၏ခန့်အပ်လွှာပေးအပ်

နေပြည်တော် မတ် ၁၇

နယ်သာလန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးပေါ်လွင်စိန်သည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၃ ခုနှစ် မတ် ၁၃ ရက်တွင် သည်ဟိဂ်မြို့၌ နယ်သာလန်နိုင်ငံ ဘုရင်မကြီး ဘီယက်ထရစ်ထံ ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တန်ဖိုးထားမှု၊ ယုံကြည်မှု၊ သဘောထားရည်ရွယ်ချက်များနှင့်လူနေမှုဘဝအယူအဆများ ဒီမိုကရေစီစိတ်နေစိတ်ထားနှင့်အညီလိုက်လျောညီထွေပြောင်းလဲကြရန်လိုအပ်နေပြီဖြစ်

ရန်ကုန် မတ် ၁၆

(၁၁)ကြိမ်မြောက် ဆရာဝန်တင်ရွှေ စာပေဆုပေးပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းတင်၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြားထားသည့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ စာပေပညာရှင်ကြီးများ၊ ဆရာဝန်တင်ရွှေ စာပေဆုစိစစ်ရွေးချယ်ရေးအဖွဲ့ဝင်များ၊ ဆရာဝန်တင်ရွှေ မိသားစုဝင်များ၊ စာပေဆုရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က အမှာစကား ပြောကြားရာ၌ ယနေ့ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ရာတွင် အကြီးမားဆုံး တွေ့ကြုံနေရသည့် အခက်အခဲမှာ အသိပညာ၊ အတတ်ပညာကျွမ်းကျင်မှု မလုံလောက်ခြင်း ဖြစ်သည်ဟု မိမိခံစားမိကြောင်း၊ မိမိတို့၏တန်ဖိုးထားမှုများ၊ ယုံကြည်မှုများ၊ သဘောထားရည်ရွယ်ချက်များနှင့် လူနေမှုဘဝအယူအဆများသည် ဒီမိုကရေစီ စိတ်နေစိတ်ထားနှင့်အညီ လိုက်လျောညီထွေ ပြောင်းလဲကြရန် လိုအပ်နေပြီဖြစ်ကြောင်း။

ထို့ကြောင့် စာပေပညာရှင်များ၊ စာပေဆုရှင်များ၊ စာရေးသူများနှင့် ပေးဝေသူများဘက်က တတ်နိုင်သမျှ ဉာဏ်ပါရမီရင့်သန်စွာ၊ စိတ်အားထက်သန်စွာဖြင့် အမျိုးမျိုးအစားစား ကွဲပြားခြားနားသော ပညာရပ်များကို ပြည်သူလူထုလက်ဝယ်သို့ အများအပြား ရောက်ရှိအောင် ကြိုးစားပေးကြပါ၊ ဆရာကြီး ဆရာဝန်တင်ရွှေ၏ ဆိုစကားအတိုင်း "စာပေပညာ သေရွာမယူစတမ်းဟေ့"ဟု ကြွေးကြော်ပြီး အစွမ်းကုန် ပေးဝေသွားကြပါဟု တိုက်တွန်းပြောကြားသည်။

စာပေဆု အလှူရှင် ဆရာဝန်တင်ရွှေ မိသားစုကိုယ်စား မိခင်ကြီး ဒေါ်အေးသန့် က ကျေးဇူးတင်စကား ပြောကြားစဉ်။

(သတင်းစဉ်)

ထို့နောက် မြန်မာနိုင်ငံစာရေးဆရာအသင်း ဥက္ကဋ္ဌကိုယ်စား ဒုတိယဥက္ကဋ္ဌ ဦးကျော်ဝင်း(မနုဿကျော်ဝင်း)က နှုတ်ခွန်းဆက်စကားပြောကြားပြီး ဆရာဝန်တင်ရွှေစာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့ဝင် ဦးမြင့်ကြွယ်(မောင်မြင့်ကြွယ်)က ဆုရွေးချယ်ရေးအဖွဲ့၏ မှတ်ချက်အကျဉ်းကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က ၂၀၁၁ ခုနှစ်အတွက် ဆရာဝန်တင်ရွှေစာပေဆုစာပေဂုဏ်ဆောင်ဆုရ ဆရာကြီး ဦးဌေးမြိုင် (ဒဂုန်တာရာ) ကိုယ်စား ဦးမောင်မောင်ဦး (ဟိန်းလတ်) အားလည်းကောင်း၊ "ခင်ဦး၏ခင်ဦး" စာအုပ်ဖြင့် ဆုရရှိသူ ဒေါက်တာဒေါ်ရီရီလှ (ယုဝတီခင်ဦး) အား လည်းကောင်း ဆုများချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးသောင်းတင်က"မြင့်မားသော ပညာရေးဖြင့်သာ" စာအုပ်ဖြင့် ဆုရရှိသူ ဒေါက်တာမောင်သင်းအား လည်းကောင်း၊ ဆရာဝန်တင်ရွှေ စာပေဆုစိစစ်ရွေးချယ်ရေးအဖွဲ့ဝင် စည်သူ ဒေါက်တာသော်ကောင်းက "သစ္စာ" စာအုပ်ဖြင့် ဆုရရှိသူ ဒေါက်တာစိန်လင်း(ခွဲစိတ်နှင့်ကင်ဆာပါရဂူ) အားလည်းကောင်း၊ မြန်မာနိုင်ငံစာရေးဆရာအသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်ဝင်း(မနုဿကျော်ဝင်း)က "Bamar Snacks" စာအုပ်ဖြင့် ဆုရရှိသူ ဥမ္မာသျှားအားလည်းကောင်း ဆုများကို ချီးမြှင့်ကြသည်။

ဂုဏ်ပြုလက်ဆောင်

ထို့နောက် ဆရာဝန်တင်ရွှေ၏ ဇနီး ဒေါ်အေးသန့်က ဆုရွေးချယ်ရေးအဖွဲ့ကိုယ်စား အဖွဲ့ဝင် ဦးတင်ခ(တက္ကသိုလ်တင်ခ)အား ဂုဏ်ပြုလက်ဆောင်များကိုပေးအပ်သည်။

ယင်းနောက် စာပေဂုဏ်ဆောင်ဆုရ ဆရာကြီးဒဂုန်တာရာကိုယ်စား ဦးမောင်မောင်ဦး(ဟိန်းလတ်)နှင့်ဆရာဝန်တင်ရွှေ စာပေဆုရှင်များက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြပြီး စာပေဆုအလှူရှင် ဆရာဝန်တင်ရွှေ မိသားစုကိုယ်စား မိခင်ကြီး ဒေါ်အေးသန့်က ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ တာဝန်ရှိသူများ၊ အလှူရှင်မိသားစုများနှင့် စာပေဆုရှင်များသည် စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ **(သတင်းစဉ်)**

သဘာဝတောတွေ စိမ်းလန်းဖို့ သစ်တောသစ်ပင် ထိန်းသိမ်းစို့

အာဆီယံနိုင်ငံများနှင့် အမေရိကန်နိုင်ငံတို့ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆွေးနွေး

နေပြည်တော် မတ် ၁၆

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်သည် ဒုတိယဝန်ကြီးများနှင့်အတူ မတ် ၁၅ ရက် နံနက် ၁၁ နာရီတွင် အဆိုပါဝန်ကြီးရုံး မေခလာခန်းမ၌ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Derek Mitchell၊ Special Representative and Policy Coordinator, Mr.Patrick Murphy နှင့် Foreign Affairs Officer, Ms. Cecily Brewer တို့နှင့် တွေ့ဆုံပြီး သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု လုပ်ငန်းများ၊ လူမှုဝန်ထမ်းလုပ်ငန်းများနှင့် ပတ်သက်၍ နည်းပညာနှင့် အထောက်အပံ့များ ရရှိနိုင်မည့်အခွင့်အလမ်းများ၊ အာဆီယံနိုင်ငံများနှင့် အမေရိကန်နိုင်ငံတို့ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန်နှင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်နိုင်မည့် အခြေအနေများကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန နှစ်(၃၀)ပြည့် အခမ်းအနားကျင်းပ

နေပြည်တော် မတ် ၁၆

မိမိတို့ ဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံ၌နေထိုင်သော တိုင်းရင်းသား ပြည်သူများ၏ စားနပ်ရိက္ခာဖူလုံရေး (Food Security)၊ အစားအစာဘေးအန္တရာယ်ကင်းရှင်းရေး (Food Safety)ကို အဓိက တာဝန်ယူဆောင်ရွက်နေသော ဝန်ကြီးဌာနတစ်ခုဖြစ်ကြောင်း မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးခင်မောင်အေးက မတ် ၁၅ ရက်နံနက် ၁၀ နာရီတွင် အဆိုပါ ဝန်ကြီးဌာနစုဝေးခန်းမ၌ ကျင်းပသော နှစ် ၃၀ ပြည့်နှစ်ပတ်လည်နေ့အခမ်းအနားတွင် ပြောကြားသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက နိုင်ငံတော်အဆင့်နှင့် ဝန်ကြီးဌာနအဆင့် အားကစားပြိုင်ပွဲများ၌ ထူးချွန်ဆုရရှိခဲ့သော ဝန်ထမ်းများအား ဆုချီးမြှင့်ခြင်း၊ သကြန်ယိမ်းအဖွဲ့အကဖြင့် ဧည့်ခံဖျော်ဖြေခြင်းနှင့် ပျော်ပွဲရွှင်ပွဲများ ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဗုဒ္ဓံ ဓမ္မံ သံဃံ

သိမ်းငှက်သုံးကောင် အာမခံရွှေဆိုင်

"မြန်မာ့နှစ်သစ်အကူး"

၁.၃.၂၀၁၃ မှ ၃၀.၄.၂၀၁၃ ထိ

၁၅ပဲ ရည် ရွှေရည်ပြည့်ပြည့်ဖြင့် ပြုလုပ်ထားသော ရွှေသားရွှေဆွဲကြိုး - ၁၅ ကျပ် ကံစမ်းမဲ ဖောက်ပေးပါမည်။

- အမှတ် (၇၁၁)၊ မဟာဗန္ဓုလလမ်းမ၊ ၁၈ လမ်းနှင့် စဉ့်အိုးတန်းလမ်းကြား၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ - ၄၉၂၈၈၈၅၅

မြဝတီမြို့ - သိမ်းငှက်သုံးကောင် အာမခံရွှေဆိုင်မှလည်း အလားတူ ၁၅ပဲ ရည် ရွှေရည်ပြည့်ပြည့်ဖြင့် ပြုလုပ်ထားသော ရွှေသားရွှေဆွဲကြိုး - ၁၅ ကျပ် ကံစမ်းမဲ ဖောက်ပေးပါမည်။

- အမှတ် (၈/၇၅)၊ ဘုရင့်နောင်လမ်းမ၊ ညဈေးအနီး၊ မြဝတီမြို့။ ဖုန်း - ၀၅၈ - ၅၀၇၉၃

"ဖိတ်ဟောင်းဖိတ်သစ်များ အစဉ်ကြီးပွားတိုးတက်ပါစေ"

ရွှေဝယ်သူတိုင်း ကူပွန်ရရှိမည် အခွင့်အရေး...

နိုင်ငံတကာသတင်း

တောင်ကိုရီးယား၌ အလုပ်လက်မဲ့နှုန်းမြင့်တက်

ဆိုးလ် မတ် ၁၆

တောင်ကိုရီးယားနိုင်ငံတွင် ပြီးခဲ့သည့် ဖေဖော်ဝါရီလကုန်၌ အလုပ်လက်မဲ့နှုန်း ၄ ရာခိုင်နှုန်းအထိ တိုးမြင့်ခဲ့ကြောင်း၊ ယင်းမှာ ဘွဲ့ရလူငယ်များလုပ်ငန်းခွင်အတွင်း ဝင်ရောက်မှုအခွင့်အလမ်း နည်းပါးခဲ့၍ဖြစ်ကြောင်း မတ် ၁၅ ရက်က ထုတ်ပြန်သော တောင်ကိုရီးယားအလုပ်သမားအေဂျင်စီ၏ စာရင်းဇယား၌ ဖော်ပြသည်။

တောင်ကိုရီးယားနိုင်ငံတွင် ပြီးခဲ့သည့် ဇန်နဝါရီလက အလုပ်လက်မဲ့နှုန်း ၃ ဒသမ ၄ ရာခိုင်နှုန်းရှိခဲ့ရာ ဖေဖော်ဝါရီလတွင် ၄ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့သည်ဟု အဆိုပါစာရင်းအင်းများ၌ ဖော်ပြထားသည်။ ယင်းရာခိုင်နှုန်းမှာ ဇန်နဝါရီလက အလုပ်လက်မဲ့ဦးရေ ၈၄၇၀၀၀ မှ ဖေဖော်ဝါရီလကုန်တွင် ၉၉၀၀၀၀ အထိ တိုးမြင့်လာခြင်းဖြစ်သည်။ တောင်ကိုရီးယားနိုင်ငံတွင် ပြီးခဲ့သည့် ၂၀၁၁ ခုနှစ်က အလုပ်လက်မဲ့ဦးရေ ၀ ဒသမ ၂ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့သည်။ ယင်းမှာ တောင်ကိုရီးယား၌ အလုပ်လက်မဲ့ဦးရေ ၅၃၀၀၀ ခန့်အထိ ကျဆင်းခဲ့ခြင်းဖြစ်သည်။ **(ဆင်ဟွာ)**

မြောက်ကိုရီးယားက ဂျပန်ပင်လယ်တွင်းသို့ တာတိုပစ်ဒုံးကျည်များစမ်းသပ်ပစ်

ဆိုးလ် မတ် ၁၆

မြောက်ကိုရီးယားနိုင်ငံက မကြာသေးမီအချိန်အတောအတွင်းက နျူကလီးယားစမ်းသပ်ပြီးနောက် မတ် ၁၅ ရက်တွင် ဂျပန်ပင်လယ်အတွင်းသို့ တာတိုပစ်ဒုံးကျည်များ စမ်းသပ်ပစ်ခဲ့ကြောင်း စစ်ဘက်ဆိုင်ရာမှ ပြောကြားချက်ကို ကိုးကားပြီး ယွန်ဟတ်သတင်းဌာနက မတ် ၁၆ ရက်တွင် ဖော်ပြသည်။ **(အပေါ်ပုံ)**

မြောက်ကိုရီးယားစစ်တပ်သည် KN-02 ဟု ယူဆရသည့် တာတိုပစ်ဒုံးကျည်နှစ်ခုကို စမ်းသပ်ပစ်ခတ်ခဲ့ပြီး ယင်းဒုံးကျည်များသည် ခန့်မှန်းခြေ ကီလိုမီတာ ၁၂၀ အကွာအဝေးအထိ ရောက်ရှိနိုင်ကြောင်း ယင်းသတင်းဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ပြိုယမ်းက သတိပေးမှုများရှိနေသော်လည်း ဆိုးလ်နှင့် ဝါရှင်တန်တို့သည် ကိုရီးယားကျွန်းဆွယ်အနီး သီတင်းတစ်ပတ်ကြာ နှစ်ပတ်လည်ပူးပေါင်းစစ်ရေးလေ့ကျင့်မှုကို မတ် ၁၁ ရက်က စတင်လုပ်ဆောင်ခဲ့ပြီးနောက် မြောက်ကိုရီးယား၏ အဆိုပါဒုံးကျည်ပစ်ခတ်မှုထွက်ပေါ်လာခဲ့သည်။ ထိုအတောအတွင်း ယင်း၏အစိုးရဝက်ဘ်ဆိုက်များနှင့်အင်တာနက်ဆာဗာများကို ဆန့်ကျင်သည့် ဆိုက်ဘာတိုက်ခိုက်မှုများ အမေရိကန်နှင့်တောင်ကိုရီးယားတို့က အဆက်မပြတ်ပြင်းထန်စွာလုပ်ဆောင်နေကြောင်း မြောက်ကိုရီးယားက စွပ်စွဲပြောကြားသည်။ **(ဆင်ဟွာ)**

အထွေထွေရွေးကောက်ပွဲ၌ အနိုင်ရရှိရေး ကမ္ဘောဒီးယားပြည်သူ့ပါတီညီလာခံ ကျင်းပ

ဖနောင်ပင် မတ် ၁၆

အာဏာရကမ္ဘောဒီးယားပြည်သူ့ပါတီ(စီပီပီ)က လာမည့် ဇူလိုင် ၂၈ ရက်၌ ကျင်းမည့် အထွေထွေရွေးကောက်ပွဲ၌အနိုင်ရရှိစေရန် ကိုယ်စားလှယ် ၂၂၀၀ခန့် ပါဝင်သည့် ပါတီညီလာခံကို မတ် ၁၆ ရက်က ဖနောင်ပင်မြို့၌ ကျင်းပသည်။

ပြီးခဲ့သည့် ငါးနှစ်အတွင်း ပါတီ၏လုပ်ငန်းလမ်းစဉ်များကို ပြန်လည်သုံးသပ်ခြင်းနှင့် လာမည့်ငါးနှစ်တာကာလ၌ နိုင်ငံရေးလုပ်ငန်းစဉ်များကို ချမှတ်ရန်အတွက် ညီလာခံကျင်းပခြင်းဖြစ်ကြောင်း စီပီပီဥက္ကဋ္ဌ ချီရာဆင်းက ပြောကြားသည်။ လာမည့် ရွေးကောက်ပွဲတွင် အနိုင်ရရှိရန် မဲဆန္ဒရှင် ပြည်သူများလိုလိုလားလားထောက်ခံနိုင်ကြရေးမှာ အရေးကြီးကြောင်း၊ နိုင်ငံရေးလုပ်ငန်းစဉ်များ မှန်ကန်အောင်မြင်မှုရှိနိုင်ရေးကြိုးစားရမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ လက်ရှိကမ္ဘောဒီးယားဆီးနိတ်လွှတ်တော်၏ ဥက္ကဋ္ဌလည်းဖြစ်သည့် ချီရာဆင်းသည် စီပီပီပါတီ၏ခေါင်းဆောင်နေရာကိုလည်း တာဝန်ယူထားပြီး မှန်ကန်စွာ ဦးဆောင်လျက်ရှိသည်။ ကမ္ဘောဒီးယားနိုင်ငံသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ နိုင်ငံခြားရေးနယ်ပယ်များတွင် အောင်မြင်မှုများရရှိရန် ကြိုးစားလျက်ရှိသည်။

လာမည့် ရွေးကောက်ပွဲတွင် ဝန်ကြီးချုပ်ဟွန်ဆင်အား ဆက်လက်ထောက်ခံသွားမည်ဖြစ်သည်။ လက်ရှိအာဏာရ ကမ္ဘောဒီးယားပြည်သူ့ပါတီသည် ၂၀၀၈ ခုနှစ်က ပါလီမန်ကိုယ်စားလှယ် ၁၂၃ ဦးနေရာတွင် ၉၀ ရရှိကာ အောင်ပွဲခံနိုင်ခဲ့သည်။ **(ဆင်ဟွာ)**

တင်မောင်လွင်-စုစည်းသည်

နိုင်ဂျီးရီးယားအကျဉ်းထောင်တိုက်ခိုက်မှု အကျဉ်းသားများ ရာနှင့်ချီလွတ်မြောက်

မာဒူဂါရီ မတ် ၁၆

နိုင်ဂျီးရီးယားနိုင်ငံအရှေ့မြောက်ပိုင်းတွင် ဘိုကိုဟားမားစစ်သွေးကြွဂိုဏ်းမှ အဖွဲ့ဝင်များဟုယူဆရသော လက်နက်ကိုင်များက အကျဉ်းထောင်တစ်ခုကို စီးနင်းတိုက်ခိုက်ခဲ့မှုကြောင့် ဒေသခံတစ်ဦးသေဆုံးပြီး အကျဉ်းသားတစ်ရာကျော် လွတ်မြောက်သွားခဲ့ကြောင်း ရဲတပ်ဖွဲ့သတင်းအရင်းအမြစ်တစ်ခုက မတ် ၁၅ ရက်တွင် ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ယင်း လက်နက်ကိုင်များသည် နိုင်ငံအရှေ့မြောက်ပိုင်းရှိ အဆိုပါအကျဉ်းထောင်ကို မတ် ၁၄ ရက် ည ၇ နာရီခန့်က ဝင်ရောက်တိုက်ခိုက်ခဲ့ကြောင်း ဘော်ဒိုပြည်နယ် ဒေသခံများက အကြောင်းကြားခဲ့ပြီးနောက် ရဲတပ်ဖွဲ့က ယင်းတိုက်ခိုက်မှုကို အတည်ပြုခဲ့သည်။

၎င်း တိုက်ခိုက်ရေးသမားများသည် ပြီးခဲ့သည့် မတ် ၁၀ ရက်က ရဲအရာရှိတစ်ဦးအပါအဝင် ဒေသခံရှစ်ဦးသေဆုံးခဲ့သည့် နိုင်ဂျီးရီးယား-ကင်မရွန်းနယ်စပ် ဂိုဇာမြို့ရှိ ရဲစခန်းတစ်ခုကို ပစ်မှတ်ထားတိုက်ခိုက်သည့် လက်နက်ကိုင်အုပ်စုမှ ဖြစ်သည်ဟု ယူဆရကြောင်း ရဲတပ်ဖွဲ့တာဝန်ရှိသူများက ပြောကြားသည်။ ဘိုကိုဟားမားလက်နက်ကိုင်များသည် ဂိုဇာမြို့အကျဉ်းထောင်အတွင်း၌ ရာဇဝတ်မှုများ သို့မဟုတ် ယခင်တိုက်ခိုက်မှုများဖြင့် ဖမ်းဆီးအကျဉ်းချခံထားရသည့် ၎င်းတို့၏အဖွဲ့ဝင်အချို့အတွက် တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။ **(ဆင်ဟွာ)**

ပါကစ္စတန်၌ မော်တော်ယာဉ် လျှိုမြောင်ထဲထိုးကျ

အစ္စလမ္မာဘတ် မတ် ၁၆

ပါကစ္စတန်အနောက်မြောက်ပိုင်း ကိုဟီစတန်ပြည်နယ်တွင် မတ် ၁၆ ရက် နံနက်အစောပိုင်းက မှန်လုံမော်တော်ယာဉ်တစ်စီး တိမ်းမှောက်ပြီး လျှိုမြောင်တစ်ခုထဲသို့ ထိုးကျခဲ့ရာ စစ်သား အနည်းဆုံး ၂၄ ဦး သေဆုံးပြီးလေးဦးဒဏ်ရာရရှိခဲ့ကြောင်း ဒေသခံရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

ကိုဟီစတန်ဒေသခံ ရဲအရာရှိ အာကဘာအလီက အဆိုပါစစ်သား ၂၉ ဦးတင်ဆောင်လာသော အလုံပိတ်မော်တော်ယာဉ်သည် ကိုဟီစတန်နယ်မြေရှိ ကာရာကွန်ဟိုင်းဝေးလမ်းမပေါ်၌ ရုတ်တရက် ချိုးကွေ့လိုက်စဉ် တိမ်းမှောက်မှု ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။

ကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက ဒဏ်ရာရသူများနှင့် သေဆုံးသူများကို လျှိုမြောင်အတွင်းမှ သယ်ထုတ်ကာ စစ်ဆေးရုံသို့ ရဟတ်ယာဉ်များဖြင့် မတင်ပို့မီ နီးစပ်ရာဆေးကုသရေးဌာနသို့ ပို့ဆောင်ပေးခဲ့ရသည်ဟု ဆိုသည်။

ပါကစ္စတန်နိုင်ငံသည် ဆိုးဆိုးရွားရွား မတော်တဆဖြစ်မှုများ ရှိနေသောနိုင်ငံများတွင် တစ်နိုင်ငံအဖြစ် ပါဝင်သည်။ မတော်တဆဖြစ်ပွားမှုအများစုမှာ အဓိကအားဖြင့် လမ်းပိုင်းတည်ဆောက်မှုအားနည်းခြင်း၊ ယာဉ်မောင်းမကျွမ်းကျင်မှုနှင့် စက်ပိုင်းဆိုင်ရာချွတ်ယွင်းမှုဖြစ်ခြင်း၊ လမ်းစည်းကမ်းချိုးဖောက်ခြင်းများကြောင့် ဖြစ်သည်ဟု ဆိုသည်။ **(ဆင်ဟွာ)**

ကမ္ဘာကျော် အဆင့်မြင့်ကိုရီးယား ကျင်ဆင်းကို ရရန် (၆) နှစ်စောင့်ရပါသည်။
မြန်မာ့ရတနာ ဆေးပက်ဝင် သနပ်ခါးကို ရရန် အနည်းဆုံး (၇) နှစ်ကြာပါသည်။

ကျွန်မက မူလတန်းပြကျောင်းဆရာမတစ်ဦးပါ။ ကျွန်မရဲ့အိမ်နဲ့ကျောင်းက (၆)မိုင်လောက်ကွာဝေးပါတယ်။ နေ့စဉ်အသွားအပြန် (၁၂)မိုင်လောက်ကွာဝေးတဲ့ခရီးကို ဆိုင်ကယ်နဲ့အပြဲသွားရပါတယ်။ နေ့စဉ်ကျောင်းတက်နေရတော့ ကျွန်မရဲ့ပင်ကိုယ်အသားအရေတွေပျောက်ပြီး အသားများနေလောင်ကာ မျက်နှာမှာတင်းတိပ်၊ ဝက်ခြံနှင့် အမည်းစက်များက တစ်နေ့တခြားပေါ်ထွက်လာခဲ့ပြီး လျော့ပါးမသွားခဲ့ပါဘူး။ ကျွန်မလေကျောင်းတောင်မသွားချင်လောက်အောင် စိတ်ညစ်ရပါတယ်။ သူငယ်ချင်းဆရာမနဲ့လမ်းမှာတွေ့ပြီး ကျွန်မကို**ရွှေပြည်နန်းရှင်မတောင်အမွှေးသနပ်ခါး**ကို စမ်းသုံးကြည့်ပါလားပြော၍ ကျွန်မလည်းသုံးကြည့်ရာ ရှင်မတောင်နံ့လေးမွှေးပြီး စိတ်ကိုကြည်လင်လန်းဆန်းစေတဲ့အတွက် ကျွန်မအရမ်းကြိုက်မိလို့ ဆွဲစွဲမြဲမြဲသုံးခဲ့ရာ (၁)လခွဲလောက်အကြာတွင် ကျွန်မရဲ့မျက်နှာပေါ်မှာရှိတဲ့ ဝက်ခြံနှင့်အမည်းစက်များ လျော့ပါးသွားခဲ့ပါတယ်။ ကျွန်မအရမ်းပျော်သွားတာပဲ။ **အခုတော့ကျွန်မဘယ်သွားသွား၊ ဘယ်လာလာစိတ်မညစ်ရတော့ပါဘူး။** ရွှေပြည်နန်းသနပ်ခါးကိုလည်း အရမ်းပဲ ကျေးဇူးတင်မိပါတယ်။ အစဉ်အမြဲသုံးစွဲတော့မည်ဟုလည်း ဆုံးဖြတ်ထားပါတယ်။ ရွှေပြည်နန်းထုတ်လုပ်သူ ရွှေပြည်နန်းကုမ္ပဏီမိသားစုအား အထူးပင်ကျေးဇူးတင်ရှိကြောင်း ရေးသားတင်ပြရခြင်းဖြစ်ပါသည်။ ရွှေပြည်နန်းကုမ္ပဏီလည်း အောင်မြင်မှုသရဖူကို အမြဲတမ်းဆောင်းနိုင်ပါစေလို့ ဆုတောင်းမေတ္တာပို့သလိုက်ပါတယ်ရှင်။

ထပ်ဆင့်ထောက်ခံအပ်ပါသည်။
ဆရာမဒေါ်စိုးမြနန္ဒာ (မူလတန်းပြ) ဓနပါဝင်းကျောင်းရှစ်ဆယ်၊ ဇာတ်တွင်းမြို့နယ်၊ တောင်ငူမြို့။

ဆရာမဒေါ်စိုးမြနန္ဒာ၏ပေးစာတွင်ဖော်ပြထားသော အကြောင်းအရာအချက်အလက်များမှာ မှန်ကန်သောဖြစ်ရပ်များဖြစ်ပါကြောင်းနှင့် ကျွန်မကိုယ်တိုင်သိရှိခဲ့သော မျက်မြင်ကိုယ်တွေ့ အကြောင်းအရာများဖြစ်ပါကြောင်း ထပ်ဆင့်ထောက်ခံအပ်ပါသည်။

စိစစ်ပြီးအပ်ပါသည်။
ဆရာကြီးဒေါ်စင်ဆုန်းမြင့် (မူလတန်းကျောင်းအုပ်) ဓနပါဝင်းကျောင်းရှစ်ဆယ်၊ ဇာတ်တွင်းမြို့နယ်၊ တောင်ငူမြို့။

(ရွှေပြည်နန်း သနပ်ခါးသုံးစွဲရခြင်းကြောင့် ရရှိသောအကျိုးကျေးဇူးများနှင့် ပတ်သက်၍ ကိုယ်တိုင်ကြုံတွေ့ရသော ဖြစ်ရပ်များကို အခြေခံပြီး (စာမျက်နှာ အကန့်အသတ်ချက်မရှိ) နေရပ်လိပ်စာ အပြည့်အစုံ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ဖြင့် အမှတ်-၂၈ (H)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီးရေးသားပေးပို့နိုင်ပါကြောင်း လေးစားစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်)

ရွှေပြည်နန်းမှရရှိထားသော နိုင်ငံတကာအသိအမှတ်ပြုဆုတံဆိပ်နှင့် အရည်အသွေးဆိုင်ရာလက်မှတ်များ

Halal Certificate
BFAD Philippines
FDA (Thailand)
TÜV

မြန်မာနိုင်ငံရဲ့ အကောင်းဆုံးထဲကတစ်ခု

အာဂျင်တီးနားနှင့် ဗြိတိန်နိုင်ငံတို့၏အငြင်းပွားမှု ဖောက်ကလင်ပြည်သူ့ဆန္ဒခံယူပွဲက ဖြေရှင်းပေးနိုင်ပါမည်လော

တိုး ရေးသည်

ဗြိတိန်နှင့် အာဂျင်တီးနားနိုင်ငံတို့ သူပိုင်ကိုယ်ပိုင် အငြင်းပွားလျက်ရှိသည့် ဖောက်ကလင်ကျွန်းစုခေါ် မာဗီးနက်ကျွန်းစု၌ နေထိုင်ကြသည့် ပြည်သူများ၏ နှစ်ရက်ကြာ ပြည်သူ့ဆန္ဒခံယူပွဲ၌ ၎င်းတို့က ဗြိတိန်နိုင်ငံ လက်အောက် ပင်လယ်ရပ်ခြား ပိုင်နက်အဖြစ် ဆက်လက်နေထိုင်လိုကြကြောင်း တစ်ခဲနက် ဆန္ဒပြုကြသည်ကိုတွေ့ရသည်။

မဲပေးပိုင်ခွင့်ရှိသူ ၉၀ ရာခိုင်နှုန်းကျော်က မဲရုံများသို့ လာရောက်မဲပေးကြသည်။ ဆန္ဒမဲပေါင်း ၁၅၁၇ မဲလာပေးကြရာတွင် ၁၅၁၃ မဲက ဗြိတိန်လက်အောက် ဆက်လက်နေထိုင်လိုကြောင်း ဆန္ဒပြုသည်။ သုံးမဲသာလျှင် ကန့်ကွက်မဲပေးကြသည်။ အာဂျင်တီးနားနိုင်ငံနှင့် ဗြိတိန်နိုင်ငံတို့ ဖောက်ကလင်စစ်ပွဲဖြစ်ပွားပြီးနောက် ၃၁ နှစ်အကြာတွင် ယင်းသို့ ပြည်သူ့ဆန္ဒခံယူပွဲ ကျင်းပခြင်းဖြစ်သည်။

ဖောက်ကလင် ပြည်သူ့ဆန္ဒ ခံယူပွဲ၌ ပြည်သူအများစုက ဗြိတိန်လက်အောက်တွင် ဆက်လက်နေထိုင်လိုကြောင်း ဆန္ဒထုတ်ဖော်ပြလိုက်ခြင်းအပေါ် ဗြိတိန်အစိုးရက ဝမ်းမြောက်ဝမ်းသာကြိုဆိုလိုက်ပြီး ဖောက်ကလင် ပြည်သူဆန္ဒခံယူပွဲရလဒ်ကို နိုင်ငံအားလုံးက လက်ခံကြရန်နှင့် ဖောက်ကလင်ကျွန်းသူကျွန်းသားများ၏ ဆန္ဒကို စောင့်စားကြရန် တိုက်တွန်းလိုက်သည်။

ဖောက်ကလင်ကျွန်းသူ ကျွန်းသားများအနေဖြင့် လက်ရှိနိုင်ငံရေးအနေအထားအတိုင်း ဗြိတိန်နိုင်ငံ၏ ပင်လယ်ရပ်ခြားနယ်မြေအဖြစ် ဆက်လက်နေထိုင်လိုခြင်းရှိမရှိ ပြည်သူ့ဆန္ဒခံယူပွဲက မေးခွန်းထုတ်လိုက်ခြင်းဖြစ်သည်ဟု ဆိုနိုင်သည်။ လူဦးရေ ၂၉၀၀ ခန့်အနက် မဲပေးပိုင်ခွင့်ရှိသည့် ဗြိတိန်နိုင်ငံသား ၁၆၇၂ ဦး ရှိသည်။ ၎င်းတို့အနက် ၉၀ ရာခိုင်နှုန်းကျော်တို့က မဲရုံသို့သွားရောက်ဆန္ဒမဲပေးကြခြင်းဖြစ်သည်။

ဆန္ဒခံယူပွဲ၌ ဤတစ်ကြိမ်မဲပေးရာတွင် ပြည်သူတို့အနေဖြင့် တစ်ခဲနက် ထောက်ခံဆန္ဒပြုကာ ကိုယ်ပိုင်ဆုံးဖြတ်မှုကို အထင်အရှားပြသလိုက်ခြင်းဖြစ်ကြောင်း ပြည်သူတစ်ရပ်လုံးအနေဖြင့် ကိုယ့်ကြမ္မာကိုယ် ဖန်တီးခွင့်ရှိရေးသည် ကုလသမဂ္ဂ၏ အဓိကမူဝါဒတစ်ခုဖြစ်ကြောင်း ဖောက်ကလင်ကျွန်းစု ဘုရင်ခံနီဂဲဟေးဝပ်က ပြောကြားသည်။

ဤဖောက်ကလင်ကျွန်းစု ပြည်သူ့ဆန္ဒခံယူပွဲရလဒ်မှာ လုံးလုံးထူးကဲသည့် ရလဒ်တစ်ခုဖြစ်ပြီး ၁၉၈၂ ခုနှစ်က တိုက်ပွဲဝင်ခဲ့ရသည့် ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်နှင့်ပတ်သက်၍ ကမ္ဘာတစ်ဝန်းသို့ မိမိတို့ ဆန္ဒကို အထင်ရှားဆုံးပြသလိုက်ခြင်းလည်း ဖြစ်ပါကြောင်း ဖောက်ကလင် ကျွန်းစု အမတ်ဒစ်ဆောလီက ပြောကြားသည်။ ဤကျွန်းစုသည် အာဂျင်တီးနားနိုင်ငံပိုင်မဟုတ်ကြောင်းကိုလည်း အထင်အရှားပြသခြင်းဖြစ်သည်ဟု ၎င်းက

> “ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်နှင့် ပတ်သက်၍ ကမ္ဘာတစ်ဝန်းသို့ မိမိတို့ ဆန္ဒကို အထင်ရှားဆုံးပြသလိုက်”

ထည့်သွင်းပြောကြားသည်။

ဖောက်ကလင်ကျွန်း ပြည်သူများအနေဖြင့် သူတို့အနာဂတ်ကို သူတို့ဆုံးဖြတ်ခွင့်၊ သူတို့ ကြိုက်သည့်လမ်းကို သူတို့ ရွေးချယ်ခွင့်ရှိကြောင်း သူတို့၏ ယုံကြည်လက်ခံမှုကို အမြဲထုတ်ဖော်ပြောဆိုခဲ့သည်ဟု ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးဝီလျံဟိတ်ကပြောကြားသည်။ ယင်းအခွင့်အရေးများမှာ ၂၁ ရာစုနှစ်အတွင်း လေးစားရမည့် အခွင့်အရေးဖြစ်သည်။ ဖောက်ကလင်ကျွန်းစုပြည်သူ့ဆန္ဒခံယူပွဲ ရလဒ်များကို နိုင်ငံအားလုံးက လေးစားလက်ခံပြီး ဖောက်ကလင်ပြည်သူတို့၏ ဖွံ့ဖြိုးတိုးတက်မှုရှင်သန်ရေးကိုလည်း ထောက်ခံသင့်သည်စသဖြင့် မစ္စတာ ဟိတ်က ပြောကြားသည်။

အာဂျင်တီးနားသမ္မတ ခရစ္စတီးနား ဖာနန်ဒက်ဒီကာရှ်နာကမူ ဖောက်ကလင်ကျွန်းသူ ကျွန်းသားများ၏ ဆန္ဒသဘောထားနှင့် နယ်မြေပိုင်နက်ကိစ္စသည် တစ်ခုနှင့်တစ်ခု မပတ်သက်ကြောင်း အခိုင်အမာရပ်တည်လျက်ရှိသည်။

သူတို့အခေါ် မာဗီးနက်ကျွန်းစုမှာ အာဂျင်တီးနားပိုင်အဖြစ် အာဂျင်တီးနားပြည်သူအများစုက မှတ်ယူထားကြပြီး ယင်းကျွန်းစုပြန်လည်ရရေးကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဖော်ပြထားသည်ကို တွေ့ရသည်။

ဖောက်ကလင်ကျွန်းစု ပြည်သူ့ဆန္ဒခံယူပွဲကို နိုင်ငံစုံမှလေ့လာအကဲခတ်ကြသည်။ ဤအရေးတွင် လက်တင်အမေရိကနိုင်ငံများပါဝင်ခြင်း မပြုရန်အာဂျင်တီးနားနိုင်ငံက မေတ္တာရပ်ခံထားသည့်ကြားမှပင် လေ့လာရေးကိုယ်စားလှယ်များတွင် ချီလီနှင့်မက္ကဆီကိုနိုင်ငံကိုယ်စားလှယ်များ ပါဝင်သည်။

သမိုင်းကို ပြန်ကြည့်လျှင် အာဂျင်တီးနားတပ်များသည် ဖောက်ကလင်ကျွန်းစုကို ၁၉၈၂ ခုနှစ် ဧပြီ ၂ ရက်တွင် ကျူးကျော်ဝင်ရောက် သိမ်းပိုက်သည်။ ဗြိတိန်စစ်တပ်က တုံ့ပြန်တိုက်ခိုက်ခဲ့သည်။ နှစ်လခန့်အကြာတွင် အာဂျင်တီးနားတပ်များ လက်နက်ချလိုက်ရသည်။ ထိုစစ်ပွဲတွင် ဗြိတိန်တပ်ဖွဲ့ဝင် ၂၅၅ ဦး၊ အာဂျင်တီးနားတပ်ဖွဲ့ဝင် ၆၅၀တို့သည်ဖောက်ကလင်အရပ်သားသုံးဦးနှင့်အတူ အသက်ဆုံးရှုံးခဲ့ကြရသည်။ အာဂျင်တီးနားနိုင်ငံက ဖောက်ကလင်ကျွန်းစုကို စပိန်တို့ဘက်မှ ၁၇၆၇ ခုနှစ်တွင် အမွေရလိုက်ပြီး ၁၈၃၃ ခုနှစ်တွင် ထိုကျွန်းစုကို ဗြိတိန်တို့က သိမ်းပိုက်လိုက်ခြင်းသာဖြစ်ကြောင်း ကြေညာသည်။ သို့သော် ဗြိတိန်နိုင်ငံကမူ ဖောက်ကလင်ကျွန်းစုတွင် ရှေးပဝေသဏီမှစ၍ အခြေချခဲ့ကြောင်း၊ ကျွန်းစု၏ အချုပ်အခြာအာဏာကိုလည်း မည်သည့်အခါကမျှ လက်လွှတ်ဆုံးရှုံးခြင်း မရှိခဲ့ကြောင်း ပြောဆိုကြေညာနေသည်။ ထို့ကြောင့် ဗြိတိန်နှင့် အာဂျင်တီးနားနိုင်ငံတို့၏ အငြင်းပွားမှုကို ဖောက်ကလင်ပြည်သူ့ဆန္ဒခံယူပွဲက အပြီးသတ်ဖြေရှင်းမပေးနိုင်ကြောင်း ပြသလျက်ရှိပါသည်။

လက်ဖက်ရည်ကြမ်းနှင့်ကော်ဖီ နေ့စဉ်သောက်ခြင်းက လေဖြတ်မည့် အန္တရာယ်ကို လျော့နည်းစေနိုင်

ကော်ဖီနှင့် လက်ဖက်ရည်ကြမ်း နေ့စဉ် ပုံမှန်သောက်သုံးခြင်းသည် လေဖြတ်ခြင်းကို ကာကွယ်နိုင်ကြောင်း သုတေသနအသစ်ပြချက်တစ်ရပ်က ဆိုသည်။

ယူနိုက်တက် ကင်းဒမ်းတွင် လေဖြတ်မှု ဖြစ်ပွားသူဦးရေသည် နှစ်စဉ် ၁၅၂၀၀၀ ခန့်ရှိသည်။ ဦးနှောက်တွင်း သွေးလွှတ်ကြောယ်များ ပြတ်တောက်ပြီး ဦးနှောက်ဆဲလ်များ ပျက်စီးခြင်း၊ သေဆုံးခြင်းကြောင့် လေဖြတ်ခြင်းဖြစ်သည်။

“လူတစ်ဦးရဲ့ နေ့စဉ်စားသောက်မှုအာဟာရတွင် လက်ဖက်ရည်ကြမ်းကို ဖြည့်စွက်လျက် ပုံမှန်သောက်သုံးသွားမယ်ဆိုရင် လေဖြတ်မယ့်ဘေးကို လျော့နည်းသက်သာ စေနိုင်ပါတယ်” ဟု ဒေါက်တာ ယိုရှီဟီရိုကိုကူဗိုက ထုတ်ပြန်ချက်တွင် အကြံပြုထားသည်။

ထို့အပြင် လက်ဖက်ရည်ကြမ်းသည် နှလုံးရောဂါကြောင့် သေဆုံးမှုအန္တရာယ်ကိုလည်း လျော့ပါးစေနိုင်ကြောင်း ယခင်သုတေသနပြုချက်များအရ သိရသည်။

ဂျပန်တွင် အသက် ၄၅ နှစ်မှ ၇၄ နှစ်အကြားရှိ လူပေါင်း ၈၂၀၀၀ ကျော်၏ ကော်ဖီနှင့်လက်ဖက်ရည်ကြမ်းသောက်သုံးမှုများကို ၁၃ နှစ်နီးပါးကြာမျှ စောင့်ကြည့်ကာ လက်ဖက်ရည်ကြမ်းနှင့်ကော်ဖီတို့ကို သောက်သုံးမှုပိုများလေလေ လေဖြတ်သည့်အန္တရာယ်လျော့နည်းလေလေဖြစ်သည်ကိုတွေ့ရှိပြီး အမေရိကန် နှလုံးကျန်းမာရေးသင်္ဂဟဂျာနယ်တွင် ရေးသားဖော်ပြခဲ့ခြင်းဖြစ်သည်။ နေ့စဉ် အနည်းဆုံး ကော်ဖီတစ်ခွက် သောက်သုံးသူများသည် ရံဖန်ရံခါ ရှားပါးစွာ သောက်သုံးတတ်သူများနှင့် နှိုင်းစာလျှင် လေဖြတ်မည့်ဘေးမှ ၂၀ ရာခိုင်နှုန်း နည်းပါးသည်ဟုဆိုသည်။

ထို့အတူ လက်ဖက်ရည်ကြမ်းနှစ်ခွက်မှ သုံးခွက်သောက်သုံးသူများတွင် ၁၄ ရာခိုင်နှုန်း လျော့နည်းပြီး ပုံမှန်လေးခွက် နေ့စဉ်သောက်သုံးသူများတွင် ၂၀ ရာခိုင်နှုန်းအထိ လျော့နည်းစေကြောင်း သိရသည်။

ယခု သုတေသနပညာရှင်များသည် စောင့်ကြည့်သူများ၏ အသက်အရွယ်အပိုင်းအခြား၊ အမျိုးသမီး အမျိုးသား စသည်တို့ကို ခွဲခြားပြီး သုတေသနပြုခဲ့ခြင်းဖြစ်သည်။

ထို့အပြင် ဆေးလိပ်အရက်သောက်သုံးမှု၊ အစာအာဟာရစားသုံးမှုနှင့် ကျန်းမာရေးလေ့ကျင့်ခန်း ပြုလုပ်မှုစသည့် နေထိုင်မှုဘဝပုံစံကိုလည်း ထည့်သွင်းတွက်ချက်ကာ သုတေသနရလဒ်ကို ဖော်ထုတ်ခဲ့ခြင်းဖြစ်သည်။

မောင်သံဆင့် - ရေးသည်

နိုင်ငံတကာသတင်း

အိတ်ချ်အိုင်ဗွီ ၁၀ ဦးလျှင် တစ်ဦးကုသနိုင်

အိတ်ချ်အိုင်ဗွီပိုးရှိသူများသည် စောစီးစွာ ကုသပါက လူ ၁၀ ဦးလျှင် တစ်ဦးပျောက်ကင်းနိုင်ကြောင်း ပြင်သစ်နိုင်ငံတွင် သုတေသနပညာရှင်များက လေ့လာတွေ့ရှိထားသည်။ ပြင်သစ်နိုင်ငံ၌ ထိုနည်းဖြင့် ကုသခဲ့ရာ လူ ၁၄ဦး အထိပျောက်ကင်းခဲ့ပြီဖြစ်ကြောင်း၊ ၎င်းတို့တွင် ဗိုင်းရပ်စ်ပိုးလက္ခဏာများ မတွေ့ရတော့ကြောင်း သုတေသီများက လေ့လာတွေ့ရှိထားသည်။ သို့သော်လည်း အိတ်ချ်အိုင်ဗွီပိုးကူးစက်ခံရသော လူအများစုသည် ခန္ဓာကိုယ်အတွင်း ဗိုင်းရပ်စ်ပိုးများ ပြည့်ဝနေသည့်တိုင်အောင် ရောဂါလက္ခဏာများ မပြဘဲရှိတတ်သည်။

ဆီးရီးယား သူပုန်ကို ပြင်သစ်နှင့် ယူကေလက်နက်ပို့မည်

ဆီးရီးယားအစိုးရ ဆန့်ကျင်မှုများစတင်ခဲ့ပြီး နှစ်နှစ်ပြည့်အထိမ်းအမှတ်အဖြစ် ပြင်သစ်နိုင်ငံက ဆီးရီးယားဆိုင်ရာ လက်နက်ပိတ်ပင်မှု ရုပ်သိမ်းရန် စီစဉ်လျက်ရှိသည်။ သူပုန်များအနေဖြင့် လက်နက်များကို အသုံးပြုရာတွင် မှားယွင်းစွာ အသုံးမပြုရန်လည်း ပြင်သစ်သမ္မတ ဖရန်ဆွာဟော်လန်က အီးယူအစည်းအဝေး၌ပြောကြားလိုက်သည်။ အီးယူသည် ပြင်သစ်နှင့် ယူကေတို့က ဆီးရီးယား သူပုန်များထံ လက်နက်တင်ပို့မှုကို ရုပ်သိမ်းပေးရန် ကြိုးစားလျက်ရှိကြသည်။

ကဘူးလ်၌ ရှစ်တန်ရှိကားဗုံးတွေ့

အာဖဂန်မြို့တော် ကဘူးလ်၌ ပေါက်ကွဲပစ္စည်းရှစ်တန်နီးပါးတင်ဆောင်ထားသော ထရပ်ကားဗုံးတစ်ခုကို မပေါက်ကွဲမီ အချိန်မီထိန်းသိမ်းလိုက်နိုင်ကြောင်း ထောက်လှမ်းရေးရဲအရာရှိများက ပြောကြားသည်။ ယင်းဗုံးတွေ့ရှိခဲ့ပြီးနောက် တိုက်ပွဲဖြစ်ပွားခဲ့ရာ ဟတ်ကာနီကွန်ရက်နှင့်ဆက်နွှယ်သော အယ်လ်ခိုင်ဒါငါးဦး သေဆုံးခဲ့သည်။

မြင့်မောင်စိုး - စုစည်းသည်

ဆိုယုဇ်အာကာသယာဉ် မြေပြင်သို့ ဘေးကင်းစွာဆင်းသက်

နိုင်ငံတကာ အာကာသယာဉ်စခန်း၌ ငါးလကြာမျှ သွားရောက်ချိတ်ဆက်ကာ လုပ်ငန်းများဆောင်ရွက်ခဲ့သော ဆိုယုဇ်အာကာသယာဉ်သည် ကာဇက်စတန်ရှိ သတ်မှတ်နေရာသို့ ဘေးကင်းစွာ ပြန်လည်ဆင်းသက်နိုင်ခဲ့ကြောင်း မတ် ၁၆ ရက်၌ သတင်းထုတ်ပြန်သည်။

အဆိုပါဆိုယုဇ်အာကာသယာဉ်သည် မတ် ၁၆ ရက် နံနက်က မြေပြင်သတ်မှတ်နေရာသို့ ဘေးကင်းစွာဆင်းသက်ခဲ့ခြင်းဖြစ်ပြီး ၎င်းအာကာသယာဉ်နှင့်အတူ နာဆာအာကာသယာဉ်မှူး ကီဗင်ဖို့ဒ်၊ ရုရှားအာကာသယာဉ်မှူးများဖြစ်သည့် နိုဗစ်စကီးနှင့် တာရယ်ကင်တို့လည်း ပြန်လည်လိုက်ပါလာကြသည်။

အာကာသယာဉ်မှူးများသည် နိုင်ငံတကာ အာကာသယာဉ်စခန်း၌ ရက်ပေါင်း ၁၄၂ ရက်ကြာ နေထိုင်ကာ တာဝန်များထမ်းဆောင်ခဲ့ကြသည်။ အဆိုပါအာကာသယာဉ်မှူးများသည် နိုင်ငံတကာအာကာသယာဉ်စခန်းရှိ ဓာတ်ခွဲသုတေသနခန်းမှ မတ် ၁၄ ရက်၌ ထွက်ခဲ့ကြသူများ ဖြစ်သည်။

ဆိုယုဇ်အာကာသယာဉ်သည် မြေပြင်စခန်းသို့ ဆင်းသက်ချိန်တွင် မိုးသည်းထန်ခြင်းနှင့် မြေပြင်တွင် မြူနှင်းများလည်း ကျဆင်းလျက်ရှိသည်။ သို့သော် ဆိုယုဇ်အာကာသယာဉ်သည် ဘေးကင်းစွာဆင်းသက်နိုင်ခဲ့သည်။ ယခုပြန်လည်လိုက်ပါလာသည့် အာကာသယာဉ်မှူးများအနက် ရုရှားအာကာသယာဉ်မှူး နိုဗစ်စကီးနှင့် တာရယ်ကင်တို့အတွက် ပထမဆုံးအကြိမ် အာကာသခရီးစဉ်ဖြစ်ပြီး နာဆာအာကာသယာဉ်မှူး ကီဗင်ဖို့ဒ်အတွက် ဒုတိယအကြိမ် ဖြစ်သည်။

နိုင်ငံတကာအာကာသစခန်းတွင် ကနေဒါအာကာသယာဉ်မှူး ခရစ်ဟက်ဖီးလ်၊ ရုရှားအာကာသယာဉ်မှူး ရိုမင်ရိုမာနင်ကို၊ နာဆာအာကာသယာဉ်မှူး တွမ်မက်ဘန်တို့ ကျန်ရစ်ခဲ့ကြသည်။

အရက်ဦး - ရေးသည်



ပြည်တွင်းသတင်း

ပြည်သူ့လိုအင် ဖော်ဆောင်ပေးမည့် သတင်းစာများ

အမေး/အရေး - မျိုးမြင့်သောင်း၊ ဓာတ်ပုံ - ကျော်မျိုးသီဟ

နိုင်ငံပိုင်သတင်းစာတွေဖြစ်တဲ့ မြန်မာ့အလင်း၊ ကြေးမုံနဲ့ The New Light of Myanmar သတင်းစာတွေကို ၂၀၁၂ ခုနှစ် အောက်တိုဘာလ ၁၈ ရက်ကစပြီး ရောင်စုံသတင်းစာတွေအဖြစ် ပုံနှိပ်ထုတ်ဝေခဲ့ပြီး အသွင်သဏ္ဌာန်နဲ့အနှစ်သာရ တိုးတက် ရှင်သန်စေဖို့ ကြိုးပမ်းပြုပြင်ဆောင်ရွက်လျက် ရှိပါတယ်။ အခုဆိုရင် နေပြည်တော်၊ ရန်ကုန်နဲ့မန္တလေးမြို့ကြီးတွေမှာ ရောင်စုံသတင်းစာတွေ ပုံနှိပ်ထုတ်ဝေလျက်ရှိတဲ့အပြင် အခြားတိုင်းဒေသကြီးနဲ့ပြည်နယ်တွေကိုလည်း လေကြောင်းလိုင်းကတစ်ဆင့် ဖြန့်ဝေပေးပို့လျက်ရှိပါတယ်။

ရောင်စုံသတင်းစာ ထုတ်လုပ်ခဲ့တဲ့ လေးလကျော်ကာလအတွင်း သတင်းစာတွေရဲ့ ထုတ်လုပ်မှုနဲ့ ပတ်သက်ပြီး ပြည်သူတွေရဲ့ သဘောထားအမြင်နဲ့ အကြံပြုချက်တွေကို သိရှိနိုင်ဖို့အတွက် မတ်လ ၁၀ ရက်နေ့က ပြန်ကြားရေးဝန်ကြီးဌာနမှာပြုလုပ်တဲ့ ပြည်နယ်အစိုးရနဲ့ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ ပူးပေါင်း၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တိုင်းရင်းသားရုပ်သံလိုင်းတစ်ခုထုတ်လွှင့်ရေး ညှိနှိုင်းအစည်းအဝေးကို တက်ရောက်လာကြတဲ့ သက်ဆိုင်ရာပြည်နယ်များမှ တာဝန်ရှိသူတွေနဲ့ တွေ့ဆုံမေးမြန်းခဲ့ပြီး အောက်ပါအတိုင်း တင်ပြလိုက်ရပါတယ်-

ဦးအောင်ကျော်သန်း (အတွင်းရေးမှူး၊ ရခိုင်ပြည်နယ်ယဉ်ကျေးမှုအဖွဲ့)

ခေတ်စနစ် တိုးတက်လာတာနဲ့အညီ ရောင်စုံတွေ မြင်ရတာရော၊ ကြော်ငြာပိုင်းကအစ သတင်းအားလုံး ကွက်ကွက်ကွင်းကွင်း၊ ရှင်းရှင်းလင်းလင်းမြင်ရတာ၊ သိရတာဖြစ်တဲ့အတွက် စိတ်ဝင်စားပြီး ဆွဲဆောင်မှုအများကြီးရှိပါတယ်။ သတင်းစာကို အရင်က သာမန်ပဲကြည့်ခဲ့ပါတယ်။ လုံးဝလှည့်မကြည့်တဲ့သူတောင် အခုသတင်းစာကြည့်တော့ အကြားအမြင်၊ ဗဟုသုတ ပိုရတာပေါ့။ ပိုကောင်းပါတယ်။ ရုပ်ပုံတွေ ပြွတ်သိပ်နေတာမျိုးတွေ တချို့တွေ့ရပါတယ်။ ကြော်ငြာပိုင်းတွေမှာပေါ့။ အပြစ်ပြောလို့တော့ မရပါဘူး။ ဖော်ပြစရာတွေများနေလို့ ဖြစ်နိုင်ပါတယ်။ နည်းနည်းတော့ ရှင်းလင်းအောင် ပိုပြီးလုပ်သင့်တယ်လို့ မြင်ပါတယ်။



ဒေါ်နန်းလောဝ်ငင်း (ညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ် ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန)

ကျွန်မတို့ ရှမ်းပြည်နယ်မှာတော့ ရောင်စုံသတင်းစာ ရပါတယ်။ ဒါပေမယ့် ထုတ်ပြီးနောက်တစ်ရက်မှ ကျွန်မတို့ဆီရောက်ပါတယ်။ အဲဒီလိုရောက်တဲ့အတွက် ကျွန်မတို့ရောင်စုံသတင်းစာကို ဖတ်ရှုခွင့်ရပါတယ်။ နောက်တစ်ခုကတော့ ကျွန်မတို့ဆီမှာ ကိုယ်ပွားသတင်းစာတိုက် ရှိပါတယ်။ ကိုယ်ပွားသတင်းစာတိုက်က ထုတ်တဲ့ သတင်းစာတွေကို ပြည်နယ်အတွင်းကိုဖြန့်ပါတယ်။ ဖြန့်လိုက်တဲ့အခါမှာ အရည်အသွေးပိုင်းမှာကျတော့ စက္ကူအရည်အသွေး အနည်းငယ်ညံ့တယ်လို့ ကျွန်မအနေနဲ့မြင်ပါတယ်။ ဒါပေမယ့် အခုနောက်ပိုင်း ရောင်စုံသတင်းစာထုတ်လိုက်တဲ့အခါမှာတော့ ဒီရောင်စုံသတင်းစာမှာထုတ်လုပ်တဲ့ အရည်အသွေးနဲ့ စာလုံးတွေရဲ့ အရည်အသွေးက ပိုမြင့်ပါတယ်။ အခုလက်ရှိ ရောင်စုံသတင်းစာထုတ်နေတဲ့စက္ကူအရည်အသွေးအရ ဆိုရင်တော့ ကောင်းပါတယ်။ အဲဒီအတိုင်းပဲ ဆက်ထုတ်သွားဖို့ ကျွန်မအနေနဲ့ အကြံပြုချင်ပါတယ်။

ဦးစိုင်းအောင်ဆာ (ဥက္ကဋ္ဌ၊ ရှမ်းစာပေနှင့်ယဉ်ကျေးမှုအသင်း)

ရောင်စုံသတင်းစာကတော့ ကျွန်တော်တို့လည်း သတင်းစာနေ့တိုင်းဖတ်တာဆိုတော့ ပိုနှစ်သက်တာပေါ့။ ကျွန်တော်တို့ ကိုယ်ပွားသတင်းစာက ကာလာမပါတဲ့အတွက် အမြင်အာရုံ ဆွဲဆောင်မှုက ကာလာပါတာထက် အားနည်းတာပေါ့။ ရောင်စုံသတင်းစာကတော့ ကျွန်တော်တို့ဖတ်ချင်တဲ့ စိတ်ဆန္ဒပိုပြင်းပြတာပေါ့။ ရန်ကုန်မှာ ဖြန့်သလိုမျိုး ကျွန်တော်တို့ဆီမှာလည်း ဖတ်ရ၊ မြင်ရတဲ့အတွက် ကျေနပ်တဲ့ ခံစားမှုမျိုး ရရှိပါတယ်။

သတင်းစာ အမြဲတမ်းဖတ်တဲ့ အတွေ့အကြုံအရဆိုရင် ပြောင်းလဲလာတာတွေ တွေ့ရပါတယ်။ ဘာပြောင်းလာလဲဆိုရင် ကြော်ငြာကို ကြော်ငြာအချပ်ပိုနဲ့ထည့်လိုက်တာ ပိုပြီးတော့သဘောကျပါတယ်။ အဲဒီလိုမဟုတ်ဘဲ သတင်းစာရဲ့စာမျက်နှာမှာ ကြော်ငြာပါလာတဲ့အတွက် ကျွန်တော်တို့လိုချင်တဲ့ သတင်းတွေဟာ ရေးဖို့နေရာ နည်းသွားတာပေါ့။ အခုနောက်ပိုင်း ကျွန်တော်တို့ မြင်တာကလည်း သတင်းစာထဲမှာ ညှပ်ပြီး ကြော်ငြာလာတဲ့အတွက် အဲဒီအစီအစဉ်ကို ကျွန်တော်က ပိုပြီးနှစ်သက်ပါတယ်။ သတင်းတွေ ပိုဖတ်ရတာပေါ့။

ဦးထန်ဘိလ်လွယ် (ဆေးရုံအုပ်၊ ကလေးမြို့ WESLEY ဆေးရုံ)

အရင်က သတင်းစာကို အဖြူအမည်းထုတ်ပါတယ်။ အဖြူ အမည်းထုတ်တဲ့အချိန်မှာ ကျွန်တော့်ရဲ့ စိတ်ထဲမှာ နိုင်ငံတကာမှာ သူတို့အရောင်နဲ့ ထုတ်တာတွေ့တဲ့အခါ ကျွန်တော်တို့မြန်မာနိုင်ငံမှာ ရောင်စုံသတင်းစာကို ဘယ်တော့ထုတ်နိုင်မလဲလို့ ကျွန်တော့်အနေနဲ့ အမြဲတမ်းလို စဉ်းစားခဲ့ပါတယ်။ အခုလို ရောင်စုံသတင်းစာ ထုတ်တဲ့အခါကျတော့ ကျွန်တော်တို့နိုင်ငံရဲ့ တိုးတက်မှုခြေလှမ်းတစ်ခုလို့ ပထမအနေနဲ့ မြင်ပါတယ်။ ဒုတိယအနေနဲ့ကတော့ ဖတ်ရှုသူ၊ ကြည့်ရှုသူအနေနဲ့ ရောင်စုံလေးနဲ့ဆိုတဲ့အခါကျတော့ ဆွဲငင်အား အင်မတန်ကောင်းပါတယ်။ နောက်ပြီးတော့ ရောင်စုံနဲ့ဖြစ်တဲ့အခါကျတော့ ဥပမာ-ကြော်ငြာတာဆိုလို့ရှိရင် အရောင်နဲ့တွေ့လိုက်မှ ဒီပစ္စည်းဟာဘယ်လို အရည်အသွေးရှိတယ်ဆိုတာ ခန့်မှန်းလို့ ပိုကောင်းပါတယ်။ အဲဒါကြောင့် ဒီရောင်စုံသတင်းစာထုတ်တာဟာ အင်မတန်သင့်တော်တဲ့၊ ကောင်းမွန်တဲ့ အစီအစဉ်လို့မြင်ပါတယ်။

သတင်းစာဟာ ပြည်သူကိုအကျိုးပြုဖို့ဖြစ်တဲ့အတွက်ကြောင့် နယ်အစုံ၊ နယ်အစွန်က သတင်းတွေများများပါပြီး ပြည်သူလူထုကို အကျိုးပြုမယ့်အကျိုး၊ အကြောင်းတွေ ပိုများလို့ရှိရင်တော့ ပိုကောင်းမယ်လို့မြင်ပါတယ်။ နောက်တစ်ခုက ကြော်ငြာတွေထည့်တဲ့အခါမှာ တစ်ခါတလေဖတ်ဖို့ အင်မတန် ခက်ပါတယ်။ မင်ပျံ့တာတွေလည်းရှိပါတယ်။ အဲဒါလည်း စက္ကူအရည်အသွေးပေါ်မူတည်လို့များလားတော့ မသိပါဘူး။ နေရာကိုစဉ်းစားပြီးတော့မှ သိပ်သိပ်သည်းသည်း ဖော်ပြတာတွေကို အင်မတန်မှ ခက်ခက်ခဲခဲ ဖတ်ရတဲ့အတွက် အဲဒါလေးတော့ ပိုပြီးရှင်းလင်းအောင် ရှေ့ဆက်ပြီး ကြိုးစားဖို့လိုမယ်လို့ ထင်ပါတယ်။

ပြည်သူလူထုအတွက် အရေးကြီးတဲ့ ဥပမာ-လမ်းပန်းဆက်သွယ်မှုသတင်း၊ မိုးလေဝသသတင်း၊ စိုက်ပျိုးရေးသတင်းစတဲ့ ပြည်သူလူထုအများစုအတွက်အသုံးကျမယ့်သတင်းလေးတွေ ပိုများရင်တော့ကောင်းမယ်လို့ ကျွန်တော်ထင်ပါတယ်။ ကျွန်တော်တွေ့တာကတော့ ရန်ကုန်မှာထုတ်တဲ့သတင်းစာတွေက စာသားပိုကောင်းသလားလို့ပါ။ ကျွန်တော်တို့ ကလေးမြို့မှာ ထုတ်တဲ့ဟာတွေကျတော့ စာသားကပိုညံ့သလားမသိပါဘူး။ သူ့ရဲ့အရည်အသွေးကြောင့်ဖြစ်မယ်လို့ ထင်ပါတယ်။ အဲဒါကြောင့် တစ်ပြေးညီတည်း အရည်အသွေးကောင်းတဲ့ သတင်းစာဖြစ်အောင် ဆက်ပြီးကြိုးစားသွားဖို့ ကျွန်တော့်အနေနဲ့ အကြံပြုလိုပါတယ်။

ဦးစောအောင်သိန်း (လ/ထ ညွှန်ကြားရေးမှူး၊ ကရင်ပြည်နယ် ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန)

ရောင်စုံသတင်းစာတွေ ပေါ်လာတာ တော်တော်လေးကို အဆင်ပြေပါတယ်။ ကျွန်တော့်အနေနဲ့ အရင်တုန်းက သတင်းစာဆိုရင် နောက်ကိုပဲကြည့်တယ်။ အခုတော့ ရှေ့ရော၊ နောက်ရော၊ အလယ်ရောအကုန်လုံးကြည့်ပါတယ်။ ကာလာပါလာတော့ ဆွဲဆောင်မှုလည်း ကောင်းပါတယ်။ ရှင်းရှင်းပြောရရင် သတင်းတွေကလည်း ပွင့်ပွင့်လင်းလင်းပါလာတယ်၊ သူ့အမြင်၊ ကိုယ့်အမြင်တွေလည်း ပါလာတဲ့အခါကျတော့ တော်တော်ကောင်းလာပါတယ်။

အကြံပြုချင်တာကတော့ သတင်းစာက ဂျာနယ်မဟုတ်ပါဘူး။ ဂျာနယ်ကတော့ လွတ်လပ်စွာရေးသားခွင့်ရှိတာပေါ့။ သတင်းစာကတော့ နည်းနည်းထိန်းချုပ်မှု ရှိပါတယ်။ ဒါပေမယ့်လည်း သတင်းစာမှာ ရေးသားပုံ၊ ရေးသားနည်းတွေဟာ လိုရင်းတိုရှင်းနဲ့ သွက်သွက်လက်လက်၊ မြန်မြန်ဆန်ဆန်ပြောင်းလဲပြီး မလိုလားအပ်တဲ့အရာတွေမထည့်ဘဲ တကယ့်ကျစ်ကျစ်လျစ်လျစ်ထည့်ပေးမယ်ဆိုရင်တော့ ပိုပြီးတော့ စိတ်ဝင်စားဖို့ကောင်းပါတယ်။ အခုလည်း စိတ်ဝင်စားဖို့ကောင်းပါတယ်။ ဒီ့ထက် ပိုကောင်းအောင်လုပ်ဖို့ ဆိုလိုတာပါ။

ဒေါ်ကေထွဲဘူ (လ/ထ ညွှန်ကြားရေးမှူး၊ ကချင်ပြည်နယ် ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန)

ကချင်ပြည်နယ်မှာတော့ ရောင်စုံသတင်းစာမရသေးပါဘူး။ နောက်ပိုင်းဆိုရင်တော့ ရရှိမယ်လို့မျှော်လင့်ပါတယ်။ ခုနောက်ပိုင်းကတော့ သတင်းစာမှာသတင်းတွေအစုံဖတ်ရတဲ့အတွက်ကြောင့်မို့ အများကြီးတိုးတက်လာတယ်လို့မြင်ပါတယ်။ အကြံပြုချင်တာကတော့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေကို သတင်းစာထဲမှာ အဓိကထားပြီး ထည့်သွင်းဖော်ပြစေလိုပါတယ်။ ပျောက်ကွယ်လုနီးပါးဖြစ်နေတဲ့အကြောင်းအရာတွေနဲ့ ယဉ်ကျေးမှုဓလေ့တွေကို သတင်းစာထဲမှာ ဆောင်းပါးအနေနဲ့ ဖော်ထုတ်ရေးသားပေးစေလိုတဲ့ ဆန္ဒရှိပါတယ်။

သတင်းစာများအနေနဲ့ မိမိတို့ရဲ့ အလုပ်ကို အများပြည်သူဝန်ဆောင်မှုအဖြစ် ခံယူဆောင်ရွက်လျက်ရှိပါတယ်။ တစ်နည်းပြောရရင် ပြည်သူလူထုကိုဗဟိုပြုစဉ်းစားလျက် ပွင့်လင်းမြင်သာစွာနဲ့ စွမ်းဆောင်ရည်တိုးတက်အောင် အစဉ်ကြိုးပမ်းဆောင်ရွက်နေပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ အပြုသဘောဆောင်တဲ့ ပြည်သူ့သဘောထားအမြင်တွေကို အလေးထားပြီး ပြည်သူ့လိုအင်တွေကို စွမ်းနိုင်သမျှ ဖော်ဆောင်ပေးလျက်ရှိကြောင်းပါခင်ဗျား။

ရှေးဟောင်းအဆောက်အအုံများ၏ ပရဝဏ်နှင့် လွတ်ကင်းသောနေရာများတွင် ညစာစားပွဲများပြုလုပ်နိုင်

ယမန်နှစ် အောက်တိုဘာ ၃၁ ရက်တွင် နေပြည်တော် ယဉ်ကျေးမှုဝန်ကြီးဌာန ဘက်စုံခန်းမ၌ ကျင်းပခဲ့သော ရှေးဟောင်းအမွေအနှစ်များ စနစ်တကျစီမံခန့်ခွဲရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေး အလုပ်ရုံဆွေးနွေးပွဲမှ အကြံပြုချက်များတွင် အချို့သော ခရီးသည်အုပ်စုဖြင့် စီစဉ်သောခရီးသွားဧည့်သည်များအတွက် တောင်းခံလာပါက ဘုရားပရဝဏ်များနှင့်စေတီ၊ ပုထိုးဘုရားများကို မထိခိုက်စေဘဲ ညစာစားပွဲပြုလုပ်ခွင့် အကြံပြုချက်များပါရှိသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲ၏ ဖော်ထုတ် အကြံပြုချက်များအပေါ် ညှိနှိုင်းဆောင်ရွက်သည့် အနေဖြင့် ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေအတွင်းရှိ ရှေးဟောင်းအဆောက်အအုံများ၏ ပရဝဏ်နှင့်လွတ်ကင်းသော ဓမ္မရံကြီးဘုရား၏ အနောက်မြောက်ဘက်ရှိ ယာကွက်၊ အိုးထိန်းတောင်နှင့် ရွှေနန်းရင်တော ဘုရား၏ တောင်ဘက်တို့တွင် ပုဂံဟိုတယ်လုပ်ငန်းရှင်များနှင့် ပုဂံခရီးသွားလုပ်ငန်းရှင်များက ခရီးသွားဧည့်သည်များအတွက် သန့်ရှင်းသပ်ရပ်သော ညစာစားပွဲများ ပြုလုပ်လိုပါက တာဝန်ခံ၍ ပြုလုပ်ခွင့်ပြုသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ပြုလုပ်လိုခြင်းအတွက် ပုဂံမြို့ရှိ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနသို့ ကြိုတင်မှတ်ပုံတင် အသိပေးသွားရန်သာလိုကြောင်း၊ ဌာနရမ်းခ ဝန်ဆောင်ခများ မည်သည့်ခေါင်းစဉ်နှင့်မျှပေးသွားရန်မလိုဘဲ ညစာစားပွဲ ပြုလုပ်ပြီးသည့် နောက်တစ်နေ့အပြီး ပတ်ဝန်းကျင်သန့်ရှင်းရေးကို အပြည့်အဝ တာဝန်ခံဆောင်ရွက်ပေးရန်သာလိုကြောင်း သိရသည်။ ယခုကိစ္စနှင့်ပတ်သက်၍ ယဉ်ကျေးမှုဝန်ကြီးဌာနသည် ပုဂံဇုန်သို့ လည်ပတ်သော ခရီးသည်များအတွက် စိတ်ရွှင်လန်းမှုရစေရန်သာ ဝန်ဆောင်မှုပံ့ပိုးခြင်း ဖြစ်သည်ဟု သိရသည်။ **(မြန်မာ့အလင်း)**

ဒေသ၊ ရာသီဥတုနှင့်ကိုက်ညီသော မျိုးစေ့ထုတ်လုပ်ငန်းများနှင့်မျိုးစေ့ အရောင်းဆိုင်လုပ်ငန်းများ ပုဂ္ဂလိကကဏ္ဍမှပေါ်ထွန်းရေးအတွက် တိုက်တွန်းချက်

၁။ တောင်သူလယ်သမားများ စိုက်ပျိုးကြသည့် အဓိကဆန်စပါး အပါအဝင် သီးနှံများဖြစ်ထွန်းအောင်မြင်ရေးနှင့်ဈေးကောင်းရရှိရေးအတွက် မျိုးကောင်းမျိုးသန့်မျိုးစေ့များ အသုံးပြုစိုက်ပျိုးရန်လိုအပ်သည်မှာ အဓိကအသက်သွေးကြောသဖွယ် အခြေခံလိုအပ်ချက်ဖြစ်ပါသည်။

၂။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် မျိုးစေ့ထုတ်လုပ်ငန်းများ၊ မျိုးစေ့အရောင်းဆိုင်များ ပုဂ္ဂလိကအခန်းကဏ္ဍမှ ပေါ်ထွန်းလာရေးအတွက် အားပေးကူညီလျက်ရှိနေပါသည်။

၃။ နိုင်ငံတော်၏ လယ်ယာကဏ္ဍဖွံ့ဖြိုးရေးနှင့် တောင်သူလယ်သမားများ၏ လူနေမှုဘဝနှင့်ဝင်ငွေ တိုးတက်လာရေးအတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များအခန်းကဏ္ဍမှ မျိုးစေ့ထုတ်လုပ်ငန်းများ၊ မျိုးကောင်းမျိုးသန့်အရောင်းဆိုင်များ ကျယ်ပြန့်စွာပေါ်ထွန်းလာရေးအတွက် ရင်းနှီးမြှုပ်နှံကြပါရန် တိုက်တွန်းဖိတ်ခေါ်အပ်ပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

အမြို့မြို့အနယ်နယ် ပျံ့သည့်သတင်းစာ မြန်မာ့အလင်းတွင် ကြော်ငြာပါ

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေကြမ်းနှင့်ပတ်သက်၍ ဆွေးနွေးရန် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)သို့ ဖိတ်ကြား

နေပြည်တော် မတ် ၁၆

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကြမ်းနှင့် ပတ်သက်၍ မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ (ယာယီ) အနေဖြင့် ပြင်ဆင်ဖြည့်စွက်လိုသည့် အချက်များအား ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသို့ အကြံပြု ဆွေးနွေးတင်ပြနိုင်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မတ် ၂၃ ရက်တွင် မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ(ယာယီ)၏ ကိုယ်စားလှယ်များနှင့်တွေ့ဆုံရန် အစည်းအဝေး ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မီဒီယာအပြောင်းအလဲ

နိုင်အောင်ဝင်း

လူ့သမိုင်းကို အပြောင်းအလဲများဖြင့် တည်ဆောက်ခဲ့ကြသည်။ အပြောင်းအလဲများသည် သမိုင်းခေတ်ကို ဖန်တီးခဲ့ကြသည်။ မြန်မာနိုင်ငံ၏ သမိုင်းသည်လည်း ဤသို့ပင်ဖြစ်ခဲ့သည်။ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးသည်မှစ၍ ၂၀၁၁ ခုနှစ်ထိ ၆၄နှစ်တာ မြန်မာ့သမိုင်း၌ အပြောင်းအလဲကြီးများစွာ ဖြစ်ခဲ့ပြီးလေပြီ။ သမိုင်းရာစုတစ်စု မရှိမီကပင် ပြောင်းလဲမှုအကြိမ်ကြိမ်ဖြင့် နိုင်ငံသည် လူးလွန့်ရွေ့လျားခဲ့ရလေသည်။ လူသားတို့၏ကဏ္ဍစုံမှ ပြောင်းလဲခဲ့သည်။ သို့သော် နိယာမတရားအရ အစွန်းတစ်ဖက်၌ အမြဲတမ်း မတည်ရှိနိုင်ပါ။ ထို့ကြောင့် မြန်မာနိုင်ငံသည် ၂၀၁၁ ခုနှစ်မှစ၍ သမိုင်းစာမျက်နှာသစ်ကိုလှန်ခဲ့ပါပြီ။ ခြေကုန်လက်ပန်းကျနေသော လူ့အဖွဲ့အစည်းသည် အရာရာ၌ လူးလွန့်လှုပ်ရှားရုန်းထရပေတော့သည်။ လက်တွဲဆွဲထူသူတို့က ဆွဲထူနေသော်ငြား မဝံ့မရဲလက်မကမ်းရဲသူလည်းရှိမည်။ ဆွဲသောလက်ကိုတွဲခို၍ ရေသာခိုလိုက်လိုသူလည်းရှိမည်။ ဆွဲသောလက်ကို ဟန်ချက်ညီ အလိုက်သင့်လိုက်သူလည်းရှိမည်။ ဆွဲသောလက်ဖြင့် ထူမတ်၍ ကျောခိုင်းသူတို့လည်းရှိမည်။ ဆွဲသောလက်ကို မတွဲလို၍ ငြင်းဆန်နေသူလည်း ရှိပေမည်။ မည်သို့ဆိုစေ အပြောင်းအလဲသမိုင်းစာမျက်နှာသစ်ဆီသို့ ကာလယန္တရား သွားမြဲသွားနေမည်သာဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သမိုင်းသည် ရပ်နေသောသဘောမရှိပါ။

မြန်မာ့သမိုင်းအပြောင်းအလဲ၌ ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲအပြီး နောက်ပိုင်း အပြောင်းအလဲသည် ယနေ့မျိုးဆက်လူငယ်များအတွင်း အတွေ့အကြုံသစ်ကို ရရှိစေမည်သာဖြစ်သည်။ သို့ရာတွင် ယင်းအတွေ့အကြုံသစ်ကို သတိကြီးစွာဖြင့် ရယူကျော်ဖြတ်ရပေမည်။ဤနေရာတွင် မိမိနှင့်မိမိအသိုင်းအဝိုင်းထက် နိုင်ငံနှင့်မိမိလူ့အဖွဲ့အစည်း၏ အခန်းကဏ္ဍကို အဓိက ထားသင့်ပေသည်။ နိုင်ငံ၌အရေးကြီးဆုံးသော မဏ္ဍိုင်ထောင့်ကြီးသုံးရပ်ကို နားလည်ပြီး ခိုင်မာတောင့်တင်းအောင် ဝိုင်းဝန်းထူမခြင်းဖြင့် "မိမိနိုင်ငံ"၏ ဖြစ်ထွန်းမှု အပြောင်းအလဲကို လက်ခံကြရပေမည်။ အကောင်းဘက်ကို ရှေးရှုသော အပြောင်းအလဲကို ရှေ့သို့ရောက်အောင် တွန်းရွေ့၍ရနိုင်သမျှ ကောင်းသော အရွေ့ကိုဖြစ်စေသင့်သည်။ အဘယ်ကြောင့်ဆိုသော် ပြောင်းလဲခြင်းအရှိန်ရအောင် သည်းခံထိန်းသိမ်းခြင်းဖြင့် နိုင်ငံ၏ရင့်ကျက်သော နိုင်ငံသားကောင်းဖြစ်အောင် ဆောင်ရွက်နိုင်ပါ၏။ မိမိနိုင်ငံ၏အပြောင်းအလဲတွင် စတုတ္ထမဏ္ဍိုင်၏ အပြောင်းအလဲကို သာဓကပြုလိုပါသည်။ နိုင်ငံတစ်နိုင်ငံ၏ အရေးကြီးသော စတုတ္ထမဏ္ဍိုင်ဟု ခေါ်ကြသော မီဒီယာပင်ဖြစ်ပေသည်။

မြန်မာနိုင်ငံသည် ၁၉၆၂ ခုနှစ်မှစ၍ မီဒီယာထိန်းချုပ်မှုကို အစဉ်တစိုက် ဆောင်ရွက်ခဲ့သည်။ ဥပဒေ၊ နည်းဥပဒေညွှန်ကြားချက်များဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ စာပေစိစစ်ရေးနှင့် မှတ်ပုံတင်ဌာနခွဲက တာဝန်ယူခဲ့သည်။ ပုံနှိပ်ထုတ်ဝေခြင်းမပြုမီ စာမူကို ကြိုတင်ရသော **'တင်ထုတ်'** စနစ်ကို သာမက စာအုပ်ဖြစ်ပြီးမှပင် ပြင်ဖြတ်ရသော အနေအထား၌ ဆယ်စုနှစ်ပေါင်းများစွာ ကျင်လည်ခဲ့ရပေသည်။ သက်ဆိုင်ရာအစိုးရတို့ကမိမိတို့မူဝါဒကို ကာကွယ်ရန် ထိန်းချုပ်စီစဉ်ခြင်း အလေ့အထဖြင့် တင်းကျပ်စွာ ဆောင်ရွက်ခဲ့ကြပေသည်။ ထို့ကြောင့် ၂၀၁၁ ခုနှစ် အပြောင်းအလဲ၌ အရေးတကြီးပြောင်းလဲရမည့် အစီအစဉ်တစ်ရပ်အဖြစ်မီဒီယာအပြောင်းအလဲကိုဆောင်ရွက်ရန် သက်ဆိုင်သူတို့က စီစဉ်ခဲ့ကြပေသည်။ ထိုသို့ စီစဉ်ဆောင်ရွက်ခဲ့သော အစီအစဉ်ဇယားကိုမှတ်မိသရွေ့ တင်ပြလိုက်ရပေသည်။

၁။ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့နှင့် Asia Media Information and Communication Centre (Singapore)တို့မှ မလေးရှား၊ အင်ဒိုနီးရှား၊ ထိုင်း၊ ဖိလစ်ပိုင်၊ သီရိလင်္ကာ၊ စင်ကာပူနှင့် ဗွီအိုအေတို့မှ မီဒီယာကျွမ်းကျင်သူများနှင့် မြန်မာနိုင်ငံမှ မီဒီယာသမားတို့ ပူးပေါင်း၍ ၂၀၁၂ ဇန်နဝါရီလ ၃၀နှင့် ၃၁ ရက်နေ့တို့တွင် ရန်ကုန် အင်းလျားလိတ်ဟိုတယ်၌ နှစ်ရက်တာ အလုပ်ရုံဆွေးနွေးပွဲလုပ်ခဲ့ပါသည်။ ထိုဆွေးနွေးပွဲမှ မြန်မာနိုင်ငံအတွက် Media and Press Law ရေးဆွဲလျှင် အောက်ပါအချက်များ သတိရှိစေရန် ဖော်ပြခဲ့ကြပါသည်။

(၁) မီဒီယာကျင့်ဝတ်နှင့် ပတ်သက်၍ သီးခြားဆွေးနွေးပွဲကျင်းပရန်၊

(၂) မီဒီယာ တရားရုံးသဖွယ်ဖြစ်နေသော စာပေစိစစ်ရေးကဲ့သို့ အဖွဲ့အစည်းများ မပါဝင်ရန်၊

(၃) မီဒီယာသမားများ အခွင့်အရေးနှင့်တာဝန်မှုတစ္စာယူရန်တို့ ပါဝင်ခဲ့ပါသည်။

၂။ ပြန်ကြားရေးဝန်ကြီးဌာနနှင့် UNESCO တို့ပူးပေါင်း၍ Media Law Workshop ကို ရန်ကုန်မြို့၌ ၂၀၁၂ ခုနှစ် မတ်လ ၁၂ ရက်နှင့် ၁၃ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် UNESCOမှ Mr.Dieter Schlenker နှင့် ပညာရှင် သုံးဦး ပါဝင်ခဲ့ပါသည်။ ယင်းဆွေးနွေးပွဲမှာ မြန်မာနိုင်ငံ၏ Printing Presses and Publication Law ဆွဲရာတွင် အောက်ပါအချက်များကို စဉ်းစားရေးဆွဲထည့်သွင်းရန် သဘောတူခဲ့ကြပါသည်။

(၁) ဥပဒေရေးဆွဲရာတွင် နိုင်ငံတကာလူ့မှုအခွင့်အရေးဆိုင်ရာ သဘောတူညီချက်စာချုပ်အပိုဒ် ၁၉၊ ၂၀၊ ၂၉ တို့ကို သတိပြုထည့်သွင်းရန်

(၂) အပြစ်ဒဏ်ပေးရာတွင် ထောင်ဒဏ်အစား ငွေဒဏ်ကို အဓိက ထားပေးရန်

(၃) ဥပဒေပါအဓိပ္ပာယ် သတ်မှတ်ချက်နှင့် ကဏ္ဍတစ်ခုချင်းအတွက် ရေးသားထားသော အကြောင်းအရာများသည် ရှင်းလင်းသိသာ ထင်ရှားစေရန်

(၄) Media Literary and Awareness သင်တန်းများကို UNESCO နှင့် ပူးပေါင်းဆောင်ရွက်ရန်တို့ ပါဝင်ပါသည်။

၃။ ပြန်ကြားရေးဝန်ကြီးဌာနနှင့် နိုင်ငံတကာမီဒီယာပံ့ပိုးကူညီရေးအဖွဲ့ (IMS) တို့ ပူးပေါင်းကျင်းပသော အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၂ ခုနှစ် ဧပြီလ ၂၅ ရက်နေ့တွင် ရန်ကုန်မြို့၌ ကျင်းပခဲ့ပါသည်။ မီဒီယာလောကမှ သမ္မာရင့်ဆရာကြီးများနှင့် နိုင်ငံတကာမီဒီယာပညာရှင်များ တက်ရောက်ကြပါသည်။ ယင်းဆွေးနွေးပွဲမှ အောက်ပါတို့ကို သဘောတူခဲ့ကြပါသည်။

(၁) စာနယ်ဇင်းလွတ်လပ်ခွင့်ဆိုရာတွင် တာဝန်ပါပူးတွဲရှိနေကြောင်း လူထုပညာပေးခြင်း၊ အသိပညာ အဆင့်မြှင့်တင်ရေး

(၂) မီဒီယာ အရည်အသွေးမြှင့်တင်ရေး

(၃) စာနယ်ဇင်းကျင့်ဝတ်များကို လေးစားလိုက်နာရန်

(၄) ထောင်ဒဏ်အစား အမြင့်ဆုံး ငွေဒဏ်ဖြစ်စေရန်

(၅) နိုင်ငံ၌ အသားကျနေပြီဖြစ်သော မှတ်ပုံတင်ခြင်းစနစ်ကို လောလောဆယ် ဆက်လက်ကျင့်သုံး၍ နောင်ပိုပြင်လာသောအခါမှ အခြား ပိုမိုကောင်းမွန်သောစနစ်ဖြင့် ဆောင်ရွက်ရေး

(၆) မီဒီယာပိုင်ဆိုင်ခွင့်ကို စည်းမျဉ်းဥပဒေများဖြင့် ပြဋ္ဌာန်းထားရှိရေး

(၇) မီဒီယာသမားများသည် အကြွင်းမဲ့အခွင့်အရေးရရှိသည် မဟုတ်သဖြင့် တလွဲသုံးစွဲခြင်းမပြုရန် အသိပညာပေးခြင်း၊ နည်းဥပဒေဖြင့် ပြဋ္ဌာန်းပေးခြင်းပြုရန်

(၈) အခြားသော ပြည်တွင်း ပြဋ္ဌာန်း ဥပဒေများနှင့်အညီ မီဒီယာလောကကို ထိန်းသိမ်းစောင့်ရှောက်ရန်တို့ ဖြစ်ပါသည်။

ဤသည်တို့မှာ မီဒီယာအပြောင်းအလဲအတွက် အရေးကြီးသော ဆွေးနွေးပွဲကြီးများဖြစ်ပြီး ကုလသမဂ္ဂ၏ UNESCO အဖွဲ့နှင့် လည်းကောင်း၊ မီဒီယာကမ္ဘာ့အဖွဲ့အစည်းကြီးဖြစ်သည့် IMS နှင့်လည်းကောင်း ပြန်ကြားရေးဝန်ကြီးဌာနက ညှိနှိုင်းဆောင်ရွက်ခဲ့သော ကြိုးပမ်းမှုဖြစ်ပါသည်။ ဤဆွေးနွေးပွဲများ၏ ရလဒ်ကြောင့်

(က) စာပေစိစစ်ရေးအဖွဲ့ လုံးဝရပ်ဆိုင်းသွားခြင်း

(ခ) စာနယ်ဇင်းကောင်စီ (ယာယီ) ဖွဲ့စည်းပေးနိုင်ခဲ့ခြင်း

(ဂ) ပုဂ္ဂလိကသတင်းစာများ ရှိလာစေသော အနေအထား

(ဃ) လက်ရှိအနေအထားနှင့် သင့်လျော်မည့် မီဒီယာဆိုင်ရာ ဖြေလျှော့ထားသည့် ဥပဒေများ ဖြစ်ပေါ်လာခဲ့ရသည်မှာ အကောင်းကို ရှေးရှုသော အပြောင်းအလဲများပင်ဖြစ်ကြောင်း ယူဆနိုင်ပေသည်။

မည်သို့ဆိုစေ အချိန်ကာလနှင့် လိုက်လျောညီထွေဖြစ်မည့် အပြောင်းအလဲရလဒ်သည် ကောင်းမွန်သောအနာဂတ်ဆီသို့ ရွေ့လျားနေခြင်းသာ ဖြစ်သည်ဟု ယူသော်ရကောင်းပါ၏။

❒ မီဒီယာဆိုင်ရာ ဖြေလျှော့ထားသည့် ဥပဒေများ ဖြစ်ပေါ်လာခဲ့ရသည်မှာ အကောင်းကို ရှေးရှုသော အပြောင်းအလဲများပင်ဖြစ်ကြောင်း၊

❒ မည်သို့ဆိုစေ အချိန်ကာလနှင့် လိုက်လျောညီထွေဖြစ်မည့်အပြောင်းအလဲရလဒ်သည်ကောင်းမွန်သော အနာဂတ်ဆီသို့ ရွေ့လျားနေခြင်းသာဖြစ်။

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

ဟာရိတ၏ စာအုပ်လောက



၁၉၅၈ -၁၉၆၂ မြန်မာ့နိုင်ငံရေး ပထမတွဲ၊ ဒုတိယတွဲ



ပြုစုသူများ- ဦးစံငြိမ်းနှင့် ဒေါက်တာ ဒေါ်မြင့်ကြည်တို့က ပြုစု၍ မြန်မာ့သမိုင်းဖြစ်ရပ်အမှန်များ ရေးသားပြုစုရေးအဖွဲ့က စိစစ်သည်။ ထုတ်ဝေသူ- သမိုင်းသုတေသနဦးစီးဌာန၊ နေပြည်တော်။

"၁၉၅၈-၁၉၆၂ မြန်မာ့နိုင်ငံရေး" သည် ငါးနှစ်တာကာလအတွင်း ဖြစ်ပျက်ခဲ့သော မြန်မာနိုင်ငံ၏ နိုင်ငံရေးအကြောင်းဖြစ်သည်။ သမိုင်းဖြစ်ရပ်တို့မည်သည် အကြောင်းအကျိုးဆက်စပ်ကာ ကွင်းဆက်သဖွယ် အစဉ်အတန်းလိုက်ဖြစ်ပျက်ရာတွင် အချို့သော အစိတ်အပိုင်းတို့မှာ သမိုင်းကြောင်းအတွက်အရေးပါသော အလှည့်အပြောင်းဖြစ်ရပ်များဖြင့် ရှုပ်ထွေး၊ နက်ရှိုင်း၊ ကျယ်ဝန်းနေတတ်ပါသည်။ ၁၉၅၈ မှ ၁၉၆၂ ထိ ငါးနှစ်တာကာလ မြန်မာ့နိုင်ငံရေး၏ အရေးပါသော အလှည့်အပြောင်းဖြစ်ရပ်များကို လေ့လာလိုသူများ၊ သုတေသီများအဖို့ ဤစာအုပ်များကို မလွတ်တမ်း လေ့လာကြရန် လိုအပ်ပေမည်။

မြန်မာ့နိုင်ငံရေးစနစ်ပြောင်းကာလ(၁၉၆၂-၁၉၇၄) ပ၊ ဒု၊ တ တွဲ

ပြုစုသူများ- ဦးမြဟန်၊ ဒေါက်တာ ဒေါ်ခင်လှဟန်၊ ဦးကျော်ငြိမ်း၊ ဦးသန်းလွင်၊ ဦးစိန်မြင့်တို့က ပြုစု၍ မြန်မာသမိုင်းအဖွဲ့က စိစစ်သည်။

ထုတ်ဝေသူ-ယဉ်ကျေးမှုဝန်ကြီးဌာန၊ သမိုင်းသုတေသနဦးစီးဌာန၊ စာအုပ်စာတမ်းများ ပုံနှိပ်ထုတ်ဝေရေးကော်မတီ။

မြန်မာနိုင်ငံရေးစနစ်ပြောင်းကာလ (၁၉၆၂-၁၉၇၄) သုံးတွဲကို တက္ကသိုလ်များ၊ သမိုင်းသုတေသနဌာနမှ သုတေသီပညာရှင်များက အချက်အလက်ခိုင်လုံစွာဖြင့် ရေးသားပြုစုနိုင်ရန်ရနိုင်သမျှသော ပြည်တွင်း ပြည်ပ အထောက်အထားများ၊ အဆိုပါကာလက နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ရေးဆွဲ အတည်ပြုရေးတို့တွင် ကိုယ်တိုင်ပါဝင်ဆောင်ရွက်ခဲ့သော ပုဂ္ဂိုလ်များ၏ ကိုယ်တွေ့ပြောကြားချက်များကိုကိုးကား၍ သုတေသနနည်းစနစ်များနှင့်အညီ ရေးသားပြုစုခဲ့ကြခြင်းဖြစ်သည်။

မြန်မာ့နိုင်ငံရေးသမိုင်းဖြစ်စဉ်တွင် ၁၉၆၂ မှ ၁၉၇၄ အထိ ကာလသည် တော်လှန်ရေးကောင်စီအစိုးရခေတ်၊ နိုင်ငံရေးစနစ်ပြောင်းကာလဖြစ်သည်။ ယင်းခေတ်ကာလက အစိုးရ၏အားထုတ်ကြိုးပမ်းမှုများ၊ အောင်မြင်မှုများ၊ ဆုံးရှုံးမှုများ၊ အားသာချက်များ၊ အားနည်းချက်၊ ချို့ယွင်းချက်များကို ပြုစုရေးသားမှတ်တမ်းတင်ထားခြင်းဖြစ်ရာ မိမိနိုင်ငံသမိုင်းကို စဉ်ဆက်မပြတ်လေ့လာလိုသူများ၊ သုတေသီများ၊ စာကြည့်တိုက်များတွင် ထားရှိထားသင့်သော စာအုပ်များဖြစ်သည်။

တစ်ကိုယ်ရေအရည်အသွေးမြှင့်ဆောင်းပါးများ

စာရေးသူ-အေးဖြူ၊ တန်ဖိုး- ငွေကျပ် ၁၂၀၀

ကိုယ်တိုင်ရေးဆောင်းပါးနှင့် ဘာသာပြန်ဆောင်းပါး စုစုပေါင်းပုဒ်ရေ ၃၀ ကို စုစည်းထားသော စာအုပ်ဖြစ်သည်။ "တစ်ကိုယ်ရေ အရည်အသွေးမြှင့်ဆောင်းပါးများ" ဟူသော စာအုပ်၏ အမည် ခေါင်းစီးနှင့် လိုက်ဖက်ညီစွာပင် ဆောင်းပါးတိုင်းသည် အရွယ်သုံးပါးသော စာရှုသူများအတွက် ကိုယ်ရည်ကိုယ်သွေးမြှင့်တင်ရေးစိတ်အာဟာရစာစုများဟု ဆိုရမည်ဖြစ်သည်။ သို့တိုင်အောင် ဆုံးမစာဆန်ဆန် လေးလံသောအရေးအသားမျိုး မဟုတ်ဘဲ သွက်သွက်လက်လက်၊ ပေါ့ပေါ့ပါးပါး၊ ထက်ထက်မြက်မြက်၊ ထိထိမိမိနှင့် ရေးသားတင်ပြထားကြောင်း တွေ့ရသည်။

ခေတ်မီပြည့်စုံသော လွယ်လွယ်ကူကူ အင်္ဂလိပ်စကားပြော

စာရေးသူ-ဆရာဦးကြည်ရွှင်
စာအုပ်တိုက်-မဇ္ဈိမစာပေ၊ ဖုန်း-၀၁-၃၉၂၈၃၅
တန်ဖိုး- ငွေကျပ် ၂၀၀၀

Colloquial English အင်္ဂလိပ်စာအုပ်မှ မလိုအပ်သည်များကို ဖြုတ်ပယ်၍ စကားပြောအခန်းများအား ဘာသာပြန်ဆိုထားခြင်းဖြစ်သည်။ အခြေခံမှစ၍ အဆင့်မြင့်ထိ လေ့လာနိုင်ပြီး မူရင်း CD ခွေပါ နားထောင်မှု စွမ်းရည်တိုးတက်စေရန်အတွက် မေတ္တာလက်ဆောင် ထည့်သွင်းပေးထားသည်။ အင်္ဂလိပ်စကားပြောဆိုရာတွင် သိရှိသင့်သည့်အချက်များ၊ တစ်ဦးနှင့်တစ်ဦး နှုတ်ဆက်စကားပြောဆိုခြင်း၊ ဘဏ်အကြောင်းပြောဆိုခြင်း၊ အစားအသောက်အကြောင်းပြောဆိုခြင်း၊ အလည်အပတ်ပြောဆိုခြင်း၊ စားသောက်ဆိုင်တွင်ပြောဆိုခြင်း၊ တယ်လီဖုန်းပြောဆိုခြင်း၊ တစ်ဦးနှင့်တစ်ဦး ချိန်းဆိုခြင်း စသည့် အကြောင်းအရာပေါင်း မြောက်မြားစွာပါဝင်သည်။

ပြည်တွင်းသတင်း

ကျိုက်ခနုတ်ဆံတော်ရှင်စေတီတော်မြတ်ကြီး စိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်ပူဇော် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းတက်ရောက်ကြည်ညိုပြီး ရွှေထီးတော်ဘုံအဆင့်ကို စေတီတော်အထွတ်သို့ တင်လှူ

ရန်ကုန် မတ် ၁၆

ရှေးမြန်မာမင်း အဆက်ဆက် တည်ထားပြုပြင်ကိုးကွယ် ပူဇော်အပ်သော ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ခနုတ်စံပြကျေးရွာရှိ ဆုတောင်းပြည့်ကျိုက်ခနုတ် ဆံတော်ရှင်စေတီတော်မြတ်ကြီး၏ မြန်မာ့ရိုးရာရွှေထီးတော် ဘုံအဆင့်နှင့် စိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်ပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် အဆိုပါစေတီတော် ပရဝဏ်အတွင်း၌ ခမ်းနားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဒလမြို့နယ် ခနုတ်စံပြကျေးရွာရှိ ဆုတောင်းပြည့်ကျိုက်ခနုတ် ဆံတော်ရှင်စေတီတော်မြတ်ကြီး ထီးတော်တင်ပွဲတွင် ဆရာတော်များထံ ဥာပနာပစ္စည်းများ ဆက်ကပ်စဉ်။ (သတင်းစဉ်)

မဟာမင်္ဂလာ အခမ်းအနားသို့ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ညောင်တုန်းဆရာတော် ဘဒ္ဒန္တစန္ဒဝရ အမှူးပြုသော ဆရာတော်သံဃာတော်အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်ဇနီးမိသားစု၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းအောင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ပြည်သူ့လွှတ်တော်၊ စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမောင်မောင်သိမ်းနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများနှင့် ရပ်နီးရပ်ဝေးမှ ဘုရားဖူးပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ဇနီး၊ အဖွဲ့ဝင်များ၊ အလှူရှင်များက စေတီတော်မြတ်ကြီးအား ရည်မှန်း၍ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် လှူဖွယ်ပစ္စည်းတို့ကို ဆရာတော် သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

အမျှပေးဝေ

ယင်းနောက် ကျိုက်ထီးဆောင်း ဆရာတော် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ပညာဒီပထံမှ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ အမှူးပြုသောအဖွဲ့ဝင်များ၊ အလှူရှင်များနှင့်ဧည့်ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် မဟာမင်္ဂလာအခမ်းအနားကို "ဗုဒ္ဓသာသနံစိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ဒလမြို့နယ် ခနုတ်စံပြကျေးရွာ…
စိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှ…

❀ *ကျောဖုံးမှ*

မိမိတို့နိုင်ငံသည် နိုင်ငံတကာ အစည်းအ…
ကြီးများကို လက်ခံကျင်းပသည့်အတွေ့အ…
ဆောက်လုပ်ရေး၏ အချို့သောအပိုင်းများသည်…
အပိုင်းများရှိသလို အချိန်ယူ ဆောင်ရွက်ရမည့်…

ဥပဒေနှင့်မညီညွတ်သည့် မင်းမဲ့စရိုက်များ၊ အုပ်စုဖွဲ့ အနိုင်ကျင့်သည့် ဒီမိုကရေစီအနိုင်ကျင့်မှုများ၊ ဒီမိုကရေစီအလွဲသုံးမှုများကို လျစ်လျူရှုလျှင် တိုင်းပြည်နစ်နာမည်ဟု ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဒလမြို့နယ်မှ ဒေသခံများနှင့် တွေ့ဆုံစဉ်ပြောကြား

ရန်ကုန် မတ် ၁၆

"ဥပဒေနှင့်မညီညွတ်သည့် မင်းမဲ့စရိုက်များ၊ အုပ်စုဖွဲ့ အနိုင်ကျင့်သည့် ဒီမိုကရေစီအနိုင်ကျင့်မှုများ၊ ဒီမိုကရေစီအလွဲသုံးမှုများကို လျစ်လျူရှုလျှင် တိုင်းပြည်နစ်နာမည်ဖြစ်ကြောင်း" ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် သီရိဇေယျအနော်ရထာခန်းမ၌ ကျင်းပသည့် မြို့မိမြို့ဖများနှင့်ဒေသခံပြည်သူများအား တွေ့ဆုံပွဲအခမ်းအနားတွင် ထည့်သွင်းပြောကြားသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းအောင်နှင့် ဒေါက်တာဖေသက်ခင်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ပြည်သူ့လွှတ်တော် စီးပွားရေးနှင့် ကုန်သွယ်ရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်သိမ်း၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဒလမြို့သို့ လာရောက်ရခြင်းနှင့်စပ်လျဉ်း၍ ပဏာမရှင်းလင်းပြောကြားသည်။

ထို့နောက် ဒလမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းက မြို့နယ်ဆိုင်ရာအချက်အလက်များကို တင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့မိမြို့ဖများက မြို့နယ်၏ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေးနှင့် သန့်ရှင်းသောက်သုံးရေရရှိရေးများ အပါအဝင် မြို့နယ်၏လိုအပ်ချက်များနှင့် ပတ်သက်၍ ကဏ္ဍအလိုက် တင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဒလမြို့၌ မြို့မိမြို့ဖများနှင့်ဒေသခံပြည်သူများအားတွေ့ဆုံပွဲတွင် ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် "မြို့နယ်၏တင်ပြချက်များနှင့်စပ်လျဉ်း၍ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များရှိသေး၍ နိုင်ငံတော်၏ဘတ်ဂျက်ဘဏ္ဍာငွေများကို တိုးမြှင့်ပေးခဲ့ကြောင်း၊ စိုက်ပျိုးရေးနှင့် သန့်ရှင်းသောသောက်သုံးရေ ရရှိရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနတို့ပူးပေါင်း၍ အလျင်အမြန်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ မိမိတို့အနေဖြင့် ဒီမိုကရေစီနည်းလမ်းကို လွှတ်တော်အတွင်းသာမက လွှတ်တော်ပြင်ပ ပြည်သူများထံ၌လည်း ထိထိရောက်ရောက် ကျင့်သုံးနိုင်ရန် အချိန်ယူ၍ ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်မှုမှာ အကျိုးရှိသည်ကိုလည်း မျက်ဝါးထင်ထင်မြင်ခဲ့ရကြောင်း။

လွှတ်တော်အတွင်း မကြားရသေးသည့်အသံများကို ကြားရကြောင်း၊ ယခုခရီးစဉ်တွင်လည်း ပြည်ထောင်စုဝန်ကြီးများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးနိုင်၍ ဒေသအတွက် အဆင်ပြေကြောင်း၊ မြို့နယ်နှင့် ဒေသခံပြည်သူများအတွက် အကျိုးရှိပါလိမ့်မည်ဖြစ်ကြောင်း။

ဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်ကို ပြောင်းလဲကျင့်သုံးနိုင်ရန် ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်သူတို့က ၉၂ ဒသမ ၄၈ ရာခိုင်နှုန်းဖြင့် ပြဋ္ဌာန်းပေးခဲ့ကြောင်း၊ အဆိုပါပြဋ္ဌာန်းမှုဖြင့် ဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးနေခြင်းဖြစ်ကြောင်း၊ အလားတူ ၂၀၁၀ ခုနှစ်တွင် အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ခဲ့၍ လွှတ်တော်များပေါ်ပေါက်လာခဲ့ကြောင်း။ ၎င်းလွှတ်တော်များကပင် အစိုးရကို ရွေးချယ်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းအစိုးရက ပြည်သူ့ဆန္ဒ၊ ပြည်သူ့သဘောထားအပေါ် မူတည်၍ ပြည်သူ့အစိုးရအနေဖြင့် အုပ်ချုပ်နေခြင်းဖြစ်ကြောင်း။

သို့ဖြစ်၍ ပြည်သူ့ဆန္ဒ၊ ပြည်သူ့သဘောထား လိုအပ်ချက်များကို လွှတ်တော်မှတစ်ဆင့် လွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းများ မေးမြန်းကြကြောင်း၊ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးများကလည်း ပြန်လည်ဖြေကြားရကြောင်း၊ ထိုသို့မေးမြန်းဖြေကြားရာတွင် လွှတ်တော်ဥက္ကဋ္ဌကတစ်ဆင့်သာ မေးကြရခြင်းဖြစ်ကြောင်း၊ မေးခွန်းများ မေးမြန်းဖြေ ကြားမှုများသည်လည်း အစိုးရ၏ အာမခံချက်ကတိများနှင့် တာဝန် ခံချက်များဖြစ်သွားကြောင်း၊ အစိုးရ ကဖြေရှင်းပေးရပါမည်ဖြစ်ကြောင်း၊ အဆိုပါအာမခံချက်များနှင့် ကတိများနှင့် တာဝန်ခံချက်များကို အကောင်အထည်ဖော်ပေး ရမည်ဖြစ်ကြောင်း၊ အကောင်အထည်မဖော်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ တာဝန်သာဖြစ်ကြောင်း၊ သို့ဖြစ်၍ မေးခွန်းများ၏ အာနိသင်မှာ လွှတ်တော်အပေါ် အာမခံချက်များနှင့် ကတိများပင်ဖြစ်ကြောင်း။

အဆိုပါမူဝါဒများကို လက်တွေ့အကောင်အထည်ဖော်ရန် လိုအပ်လျှင် ဥပဒေတစ်ရပ်ဖြစ်သွားကြောင်း၊ ယနေ့ကာလသည် "လူနှင့် အုပ်ချုပ်ခြင်းမဟုတ်ဘဲမူဖြင့်အုပ်ချုပ်နေခြင်းဖြစ်ကြောင်း" အဆိုပါမူများကို လွှတ်တော်က ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ဥပဒေကြမ်းများကို လွှတ်တော်နှစ်ခုက သဘောတူလျှင် ပြည်ထောင်စုလွှတ်တော်က ဥပဒေအဖြစ် အတည်ပြုပေးရကြောင်း၊ သမ္မတက ၁၅ရက်အတွင်း အတည်ပြုပေးရကြောင်း မှတ်ချက်နှင့် ပြန်ပို့လျှင် လွှတ်တော်က ပြန်လည်ဆွေးနွေးပြီး မူလအတိုင်းအတည်ပြုပါက လက်မှတ်မထိုးလျှင် ၁၅ရက်အတွင်း အတည်ဖြစ်ကြောင်း၊ လွှတ်တော်ကတင်သွင်းသည့် ဥပဒေကြမ်းသည် ပြည်သူကရွေးချယ်ထားသည့် လွှတ်တော်ကိုယ်စားလှယ်များသာမက ကော်မတီများ၊ ပညာရှင်များကပါ ပါဝင်ဆောင်ရွက်ခြင်းဖြစ်၍ ပြည်သူကပြဋ္ဌာန်းခြင်းဖြစ်ကြောင်း၊ ပြဋ္ဌာန်းပြီးလျှင် အားလုံးက လိုက်နာရမည်ဖြစ်ကြောင်း၊ ပြည်သူ့ဆန္ဒ၊ ပြည်သူ့အသံ၊ ပြည်သူ့သဘောထားဖြင့်အုပ်ချုပ်သည့် ခေတ်တစ်ခေတ်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် မူဝါဒချမှတ်ရာတွင် နိုင်ငံတော်နှင့်နိုင်ငံသားများ၏ အကျိုးစီးပွားကိုဖြစ်စေနိုင်မည့် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်နိုင်မည့် ဥပဒေဖြစ်ရမည်ဖြစ်ကြောင်း၊ လူတစ်ဦး၊ အစိုးရအဖွဲ့နှင့် လွှတ်တော်ကိုကာကွယ်သည့် ဥပဒေမျိုးမဖြစ်စေရန် လိုအပ်ကြောင်း၊

ပြည်တွင်းသတင်း

ဓနုတ်စံပြကျေးရွာရှိ ဆုတောင်းပြည့်ကျိုက်ဓနုတ် ဆံတော်ရှင်စေတီတော်မြတ်ကြီး၏ မြန်မာ့ရိုးရာရွှေထီးတော်ဘုံအဆင့်နှင့် မြတ်နားတော် တင်လှူပူဇော်ပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

...် နိုင်ငံတကာ အစည်းအဝေးကြီးများနှင့် အခမ်းအနား ကျင်းပသည့်အတွေ့အကြုံ နည်းပါးနေသေးကြောင်း၊ ...ချို့သောအပိုင်းများသည် ချက်ချင်းဆောင်ရွက်၍ရသည့် ...ချိန်ယူ ဆောင်ရွက်ရမည့်အပိုင်းများလည်း ရှိပါကြောင်း၊

...မှုများကို ...ကြား

...ကာင်အထည်
...ရာဝန်ကြီးဌာန
...ကြောင်း၊ သို့
...၊ အာနိသင်မှာ
...ာမခံချက်များ
...ကြောင်း။
...းကို လက်တွေ့
...ာ်ရန် လိုအပ်
...စ်သွားကြောင်း၊
...လူနှင့် အုပ်ချုပ်
...ုပ်ချုပ်နေခြင်း
...ဆိုပါမှုများကို
...င်ရွက်နေခြင်း
...ဒေကြမ်းများကို
...သဘောတူလျှင်
...တော်က ဥပဒေ
...ပေးရကြောင်း၊
...တွင်း အတည်
...်ချက်နှင့် ပြန်ပို့
...ာ ပြန်လည်
...ကိုင်းအတည်ပြု
...းလျှင် ၁၅ရက်
...ကြောင်း၊ လွှတ်
...သို့ ဥပဒေကြမ်း
...ရွေးချယ်ထား
...ယ်စားလှယ်များ
...း၊ ပညာရှင်များ
...ရွက်ခြင်းဖြစ်၍
...င်းဖြစ်ကြောင်း၊
...လုံးက လိုက်နာ
... ပြည်သူ့ဆန္ဒ၊
...သူ့သဘောထား
...ခတ်တစ်ခေတ်

... မူဝါဒချမှတ်
...င့်နိုင်ငံသားများ
...ဖြစ်စေနိုင်မည့်
...င်ငံသားများ၏
...ာကွယ်စောင့်
...ဖြစ်ရမည်ဖြစ်
...အစိုးရအဖွဲ့နှင့်
...ယ်သည့် ဥပဒေ
...ိုအပ်ကြောင်း၊

လွှတ်တော်၏ ဥပဒေပြုရေးသည် ပြည်သူ့ဆန္ဒ၊ ပြည်သူ့သဘောထား၊ ပြည်သူ့အသံများဖြစ်ရန် လိုအပ်ကြောင်း၊ ဥပဒေတစ်ရပ်ပေါ်ပေါက်လျှင် အစိုးရကလည်းလိုက်နာ၊ နိုင်ငံသားများကလည်း လိုက်နာကြရမည်ဖြစ်ကြောင်း၊ ယနေ့ကမ္ဘာပေါ်တွင် ဒီမိုကရေစီစနစ်သည် အကောင်းဆုံးစနစ်အဖြစ် ယူဆနေကြောင်း။

တရားဥပဒေစိုးမိုးရေး(Rule of Law)ဖြစ်ရန်လည်း လိုအပ်ကြောင်း၊ သို့သော်ဥပဒေနှင့်မညီ ညွတ်သည့် မင်းမဲ့စရိုက်များ၊ အုပ်စုဖွဲ့အနိုင်ကျင့်သည့် ဒီမိုကရေစီအနိုင်ကျင့်မှုများ ဒီမိုကရေစီအလွဲသုံးမှုများကို လျစ်လျူရှုလျှင် တိုင်းပြည်နစ်နာမည် ဖြစ်ကြောင်း၊ နောက်ကြောင်းပြန်စေမည့် အဖြစ်မျိုးသို့ ဖိတ်ခေါ်မိစေမည့် အဖြစ်မျိုးမလုပ်ကြရန် လိုကြောင်း။

စနစ်တစ်ခုမှ စနစ်တစ်ခုသို့ ပြောင်းလဲရာတွင် ခက်ခဲမည်ဖြစ်ကြောင်း၊ မည်သို့ပင်ဖြစ်စေ ဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ်ကို မဖြစ်မနေ လုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် လွှတ်တော်တစ်ခုထဲ ဆောင်ရွက်၍မရကြောင်း၊ ပြည်သူပါဝင်မှ အောင်မြင်မည်ဖြစ်ကြောင်း၊ တရားဥပဒေစိုးမိုးမှုရှိမှ ဖြစ်မည်ဖြစ်ကြောင်း၊ တရားဥပဒေစိုးမိုးမှုရှိပါက လက်ရှိတည်ငြိမ်အေးချမ်းမှု ပျက်ပြားသွားမည်ဖြစ်ကြောင်း၊ မိမိဒေသ၊ မိမိနိုင်ငံ တိုးတက်ချင်လျှင် တိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ဖြစ်ချင်သည်များကို အကောင်အထည်ဖော်ရာတွင် အားလုံးပါဝင်မှရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ရည်မှန်းချက်ဖြစ်သော အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်အဖြစ် ဆောင်ရွက်မည်ဆိုပါလျှင် ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်မှ အောင်မြင်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

(သတင်းစဉ်)

ထို့ကြောင့် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပမည့် Ruby Hall ၊ Jade Villa အဆောက်အအုံများနှင့် ပါဝင်ရမည့်စနစ်များအားလုံးကို မြန်မြန်ဆန်ဆန် အကောင်အထည်ပေါ်လာအောင်ဆောင်ရွက်ရန် အထူးလိုအပ်ပါကြောင်း။

၂၀၁၄ ခုနှစ်တွင်ကျင်းပမည့် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို အခြားနိုင်ငံများနည်းတူ နိုင်ငံတကာအဆင့်မီမီဖြင့် အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် အစည်းအဝေးများ ကျင်းပရာတွင် ဧည့်ခံကြိုဆိုရေး၊ သွားလာရေး၊ တည်းခိုနေထိုင်စားသောက်ရေး၊ ဖျော်ဖြေရေး၊ လုံခြုံရေး၊ သတင်းရုပ်သံထုတ်လွှင့်ရေးလုပ်ငန်းများကို ဆောင်ရွက်မည့် ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီး သွားလာရေးလုပ်ငန်း ဝန်ကြီးဌာနများသည် အဆောက်အအုံများကို တာဝန်ယူဆောက်လုပ်လျက်ရှိသောကုမ္ပဏီများနှင့် ယခုအချိန်ကတည်းက လိုအပ်သည်များကို အချင်းချင်းဆွေးနွေးညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်းဖြင့် လမ်းညွှန်မှာကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီက တာဝန်ယူဆောက်လုပ်လျက်ရှိသော Ruby Hall ဆောက်လုပ်ပြီးစီးနေမှုအခြေအနေများကိုလည်းကောင်း၊ Jade Villa အဆောက်အအုံများ တည်ဆောက်နေမှုနှင့် ပြီးစီးမှုအခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ၂၀၁၄ ခုနှစ်တွင် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို အာဆီယံအဆင့်၊ နိုင်ငံတကာအဆင့် အောင်မြင်စွာကျင်းပနိုင်အောင် နိုင်ငံတော်အစိုးရနှင့် ပုဂ္ဂလိကများ တက်ညီလက်ညီဖြင့် ဝိုင်းဝန်းကြိုးစား ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ၏ အစိုးရအသုံးစရိတ် ပြန်လည်သုံးသပ်မှုစတင်ဆောင်ရွက်သည့် အထိမ်းအမှတ်အစည်းအဝေးကျင်းပ

နေပြည်တော် မတ် ၁၆

မြန်မာနိုင်ငံ၏အစိုးရအသုံးစရိတ် ပြန်လည်သုံးသပ်မှု စတင်ဆောင်ရွက်သည့် အထိမ်းအမှတ်အစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၂ နာရီခွဲတွင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းက အစိုးရအသုံးစရိတ် ပြန်လည်သုံးသပ်မှု ပထမအဆင့်အနေဖြင့် ဆောင်ရွက်မည့် မြန်မာနိုင်ငံ၏ မေခရိုစီးပွားရေးအခြေအနေ၊ မြန်မာနိုင်ငံ၏ ရငွေနှင့် အသုံးစရိတ်ခွဲဝေချထားမှု၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်များအကြား ဘဏ္ဍာငွေခွဲဝေသုံးစွဲမှု၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍနှင့်စွမ်းအင်ကဏ္ဍတို့တွင် ဘဏ္ဍာငွေရရှိမှုနှင့် အသုံးစရိတ်ခွဲဝေချထားမှု စသည့် နယ်ပယ်(၆)ခုနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

တက်ရောက်

အဆိုပါအစည်းအဝေးသို့ ကမ္ဘာ့ဘဏ်မှ မြန်မာနိုင်ငံဆိုင်ရာ Country Manager Mr. Kanthan Shankar ဦးဆောင်သော နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်မှု မိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့်AUS AID, DFID, ADB တို့မှကိုယ်စားလှယ်များနှင့် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာ့စီးပွားရေးဘဏ်၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ စီမံကိန်း စိစစ်ရေးနှင့်တိုးတက်မှု အစီရင်ခံရေးဦးစီးဌာန၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ကျန်းမာရေးစီမံကိန်းဦးစီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❈ *ကျောဖုံးမှ*

ထို့နောက် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်က သာသနာရေးဆိုင်ရာများကို လျှောက်ထားရာ၌ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများသည် လေးလတစ်ကြိမ် မျက်နှာစုံညီ အညီအညွတ်စည်းဝေးတော်မူကြလျက် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို ဆောင်ရွက်တော်မူနေကြခြင်းသည် ဗုဒ္ဓဘုရားရှင်ဟောကြားထားသော အပရိဟာနိယတရားတော်နှင့်အညီ သာသနာတော်မြတ်ကြီး တိုးတက်ကြီးပွားကြောင်းနှင့် ထေရဝါဒဗုဒ္ဓသာသနာတော်မြတ်ကြီး နှစ်ပေါင်းငါးထောင်မကဘဲ နေရောင်လရောင်ပမာ ထွန်းလင်းတောက်ပစွာ အဓွန့်ရှည်ကြာခိုင်မာရေးအတွက် အစဉ်အလာကောင်းကြီးကို အမြော်အမြင်ကြီးမားစွာ လမ်းညွှန်ပေးနေသကဲ့သို့ ဖြစ်ပါကြောင်း။

သံဃာ့အဖွဲ့အစည်းကြီး အဓွန့်ရှည်ကြာတည်တံ့ခိုင်မြဲသည်နှင့်အမျှ ဗုဒ္ဓဘုရားရှင်၏အဆုံးအမ သာသနာတော်အောက်တွင် ဝိနည်းပညတ်တော်များနှင့်အညီ ရဟန်းသံဃာတော်များ၏ စည်းလုံးညီညွတ်မှုအဓိပ္ပာယ် ပေါ်လွင်လျက်ရှိသဖြင့် "သုခါသံဃဿ သာမဂ္ဂီသမဂ္ဂါနံ တပေါ သုခေါ" "သံဃာ ညီညွတ်ခြင်းသည် ချမ်းသာ၏။ ညီညွတ်သော သံဃာတော်တို့အကျင့်သည် ချမ်းသာ၏" ဟု ဘုရားရှင် မိန့်ကြားတော်မူသည့်အတိုင်း ညီညွတ်ချမ်းသာစွာဖြင့် သာသနာတော်အကျိုး သံဃာ့အဖွဲ့အစည်းအကျိုး တိုး၍ တိုး၍ ထမ်းဆောင်နိုင်ကြလိမ့်မည်ဟု ယုံကြည်ပါကြောင်း။

နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ကြီးသည် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တွင် အဆင့်အမြင့်ဆုံးအဖွဲ့ကြီးဖြစ်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ရဟန်းရှင်လူ ဗုဒ္ဓဘာသာဝင်အားလုံးတို့၏ သာသနာ့ကိစ္စအဝဝအတွက် စံပြုအားကိုးရာ အားထားရာအဖွဲ့ကြီးဖြစ်ပါကြောင်း၊ ဂိုဏ်းပေါင်းစုံပါဝင်သည့် တစ်ခုတည်းသော သံဃာ့အဖွဲ့အစည်းကြီးဖြစ်သည့် အားလျော်စွာ ဆရာတော်ကြီးများ ဦးဆောင်ဦးရွက်ပြုလျက် မြန်မာနိုင်ငံ တစ်ဝန်းလုံး ငါးသိန်းခွဲခန့်မျှရှိသည့် သံဃာတော်များ၏ အရေးအရာကိစ္စအဖြာဖြာတို့ကို ဖြေရှင်းဆောင်ရွက်တော်မူကြလျက် ဗုဒ္ဓသာသနာတော်မြတ်ကြီး ရောင်ရှိန်လင်းလက်တိုးတက်စေရန် ဆောင်ရွက်နေကြခြင်းပင် ဖြစ်ပါကြောင်း။

၁၉၈၀ ပြည့်နှစ် ပထမအကြိမ် သာသနာတော်သန့်ရှင်း တည်တံ့ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီးနောက် ဖြစ်ပေါ်လာသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံဃာ့အဖွဲ့အစည်းကြီးသည် ယခု ၂၀၁၃ ခုနှစ်တွင် နှစ်ပေါင်း (၃၃)နှစ်ထဲသို့ ချင်းနင်းဝင်ရောက်ခဲ့ပြီဖြစ်ကြောင်း၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးသည် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများ၊ ဝိနည်းမြေကံအဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ပရိယတ္တိပညာရေး စီမံချက်များ၊ သာသနာပြုလုပ်ငန်း စီမံချက်များ စသည်တို့၌ ဖော်ပြပါရှိသည့် သာသနာ့တာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်ကြရသည်ကို တွေ့ရှိနိုင်ပါကြောင်း၊ ယင်းလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တစ်ဝန်းလုံးရှိ သံဃာထုကပေးအပ်သော တာဝန်ကို ဆောင်ရွက်နေခြင်းဖြစ်၍ သံဃာ့ကိစ္စ သံဃာ့တာဝန်ကို ဆောင်ရွက်နေခြင်းပင်ဖြစ်ပါကြောင်း။ ဤသို့ဆောင်ရွက်ခြင်းသည် သာသနာ့ဝန်ထမ်း ရဟန်းတော် သံဃာတော်များအတွက် မြတ်စွာဘုရားရှင် သတ်မှတ်ထားတော်မူခဲ့သော ဓုရနှစ်ပါးကို ဘုရားရှင် အလိုတော်ကျ ဆောင်ရွက်ခြင်းပင် ဖြစ်ပါကြောင်း။

ရဟန်းသံဃာတော်များအနေနှင့် လောကီလူမှုကိစ္စများ၌ ပါဝင်ဆောင်ရွက်ခြင်း၊ လောကီလူမှုကိစ္စများနည်းတူ ဆောင်ရွက်ခြင်းတို့ကို မူကား ရှေးရှေးဆရာတော်ကြီးများ လမ်းစဉ်အတိုင်း ရှောင်ကြဉ်ကြခြင်းအားဖြင့် ရဟန်းသံဃာများ၏ တာဝန်နှစ်ရပ်ကို အနှောင့်အယှက်ကင်းလွတ်စွာ ဆောင်ရွက်နိုင်ကြမည်ဖြစ်ပါကြောင်း၊ ထိုသို့ သံဃာ့ကိစ္စများကိုဆောင်ရွက်ရာ၌ ကျောင်းကန်အငြင်းပွားမှုခင်းကဲ့သို့ အချို့သော အငြင်းပွားမှုများတွင် ဝိနည်းတရား ရှုထောင့်အရလည်းကောင်း၊ သတ်မှတ်ပေးထားသည့် စည်းမျဉ်းစည်းကမ်း လုပ်ထုံးလုပ်နည်းများ အရလည်းကောင်း ဆုံးဖြတ်မှုသည် ပကတိအခြေအနေနှင့် ကိုက်ညီမှုမရှိ၍ အကောင်အထည်ဖော်ရန် ခက်ခဲနေသော ဝိနည်းမြေကံမှုခင်းများလည်းပါရှိတတ်ရာ ထိုဆုံးဖြတ်မှုကိုလက်ခံရန် ခက်ခဲကြသူအချို့၏ ကဲ့ရဲ့မှုနှင့်လည်း ကြုံရနိုင်ပါကြောင်း၊ ထိုသို့ ကြုံရသည့်အခါတွင် "ဓမ္မဝိနယကို အလေးဂရုပြုခြင်းဖြင့် သံဃာကို အလေးဂရုပြုရမည်။ ပုဂ္ဂိုလ်ကို အလေးဂရုမပြုရ။" ဟု ဝိနည်းပိဋကတ်၊ ပရိဝါပါဠိတော်တွင် ဗုဒ္ဓဘုရားရှင် မိန့်ကြားတော်မူချက်နှင့်အညီ ဝိနည်းတရားတော်ကို အလေးအနက်ပြုကာ သာသနာ့တာဝန်ကို ထမ်းဆောင်တော်မူကြလိမ့်မည်ဟု ယုံကြည်ပါကြောင်း။

"သံဃာ့ကိစ္စ သံဃာဆောင်ရွက်" ဟူသောမူအရ သံဃာအဖွဲ့အစည်း အဆင့်ဆင့်ကို ဖွဲ့စည်းကာ သာသနာတော်ကိစ္စများကို သံဃာတော်များ ဆောင်ရွက်တော်မူလာကြသည်မှာ ပထမအကြိမ်၊ ဒုတိယအကြိမ်၊ တတိယအကြိမ်၊ စတုတ္ထအကြိမ် (သက်တမ်းငါးနှစ်စီ) ပဉ္စမအကြိမ် (သက်တမ်းခြောက်နှစ်) နှင့် ဆဋ္ဌအကြိမ်(သက်တမ်းခြောက်နှစ်)ပြည့်ခဲ့ပြီး သုံးနှစ် တစ်ကြိမ် ၂၅ ရာခိုင်နှုန်း အလှည့်ကျ အနားယူအစားထိုးခြင်းမှာလည်း လေးကြိမ်အထိ ၁၂ နှစ်ပြည့်ပြီဖြစ်ပါသဖြင့် အသစ်အသစ် ရွေးချယ် အစားထိုးပြီးဖြစ်သည့် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့ဖြင့် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးတာဝန်ကို ဆက်လက်၍ ထမ်းဆောင်ကြတော့မည်ဟု သိရှိရပါကြောင်း။

ယခုအခါ ဘာသာရေးစာစောင်များ၊ လစဉ်ထုတ် ဘာသာရေးဆိုင်ရာ မဂ္ဂဇင်းများ၊ တရားစာအုပ်များ စသည်တို့ကို မိမိတို့ရေးသားထုတ်ဝေမှုများ မိမိတို့ဘာသာ တာဝန်ယူစေလျက် ကြိုတင်စိစစ်ပြီးမှ ပုံနှိပ်ထုတ်ဝေခြင်းကို ဖြေလျှော့ထားပြီး

ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဧကူနဝီသတိမအစည်းအဝေးတွင် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့် သာသနာရေးဆိုင်ရာများ လျှောက်ထားစဉ်။ (သတင်းစဉ်)

ဖြစ်ရာ စာအုပ်စာပေများ အပတ်စဉ်၊ လစဉ်အမြောက်အမြား ထုတ်ဝေလျက်ရှိပါကြောင်း၊ ၎င်းအပြင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အနေဖြင့် ကမ္ဘာ့ကုလသမဂ္ဂဆိုင်ရာလူ့အခွင့်အရေး ကြေညာစာတမ်း အမှတ်စဉ်(၁၉)ပါ ပြဋ္ဌာန်းချက်အရလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းသဘောတူညီချက်အရလည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ(၃၅၄)ပါ ပြဋ္ဌာန်းချက်အရလည်းကောင်း၊ တိုင်းရင်းသားတိုင်းသည် မိမိတို့၏ယုံကြည်ထင်မြင်ချက်များကို လွတ်လပ်စွာ ထုတ်ဖော်ပြောကြားခွင့်၊ ရေးသားဖြန့်ဝေခွင့်များရှိသည့်အားလျော်စွာ ထေရဝါဒပိဋကတ်တော်လာ ကျမ်းဂန်များနှင့်အညီ ရေးသားထုတ်ဝေကြလျှင် သာသနာပြုရာရောက်မည် ဖြစ်ပါသော်လည်း ထေရဝါဒပိဋကတ်တော်နှင့်မညီညွတ်ပါက ထေရဝါဒဗုဒ္ဓဘာသာအတွင်း ငြင်းခုံမှုများဖြစ်ပွားလာနိုင်ပါကြောင်း၊ ယခင်က ထေရဝါဒဗုဒ္ဓဘာသာ သံဂါယနာ ၆ တန်တင်ထားသည့် ပိဋကတ်တော်နှင့် ဆန့်ကျင်ပြောဟောမှုများကို စိစစ်၍ အဓမ္မဝါဒအဖြစ် ထုတ်ပြန်ကြေညာပြီးသော အဓမ္မဝါဒများသည်လည်း ပြန်လည်ပေါ်ပေါက်လာမည့် အရိပ်လက္ခဏာများကို တွေ့မြင်နေရပါသဖြင့် နိုင်ငံတော် သံဃာမဟာနယက ဆရာတော်ကြီးများအနေနှင့် ယခုကြွရောက်လာသော အစည်းအဝေးတွင် ထိုကိစ္စကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးဆုံးဖြတ်ပေးတော်မူကြပါရန် လျှောက်ထားအပ်ပါကြောင်း၊ ထေရဝါဒ ဗုဒ္ဓသာသနာတော်မြတ်ကြီး နှစ်ပေါင်းများစွာ ကာလကြာမြင့်အောင် အစဉ်သဖြင့် သန့်ရှင်းတည်တံ့ပြန့်ပွားစေရန် ဆရာဒကာညီညာလက်တွဲ၍ ဆောင်ရွက်ကြရာတွင် ဆရာတော် သံဃာတော် အရှင်သူမြတ်တို့၏ သာသနာတော်မြတ်ကြီးအား ဓမ္မာနုဂ္ဂဟအားဖြင့် ချီးမြှောက်မှုသည် အဓိကအရေးကြီးလှပါကြောင်း၊ သာသနာ့ဝန်ဆောင် ရဟန်းသံဃာတော်များ ဦးဆောင်မှုအင်အားတောင့်တင်းမှ သာသနာတော် တည်တံ့နိုင်မည်ဖြစ်ရာ ဆရာတော် သံဃာတော် အရှင်သူမြတ်တို့၏ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ချီးမြှောက်ထောက်ပံ့မှုများ ဆတက်ထမ်းပိုးတိုး၍အောင်မြင်ဖြစ်ထွန်းစေရန်အတွက် တပည့်တော်တို့ ဒါယကာ ဒါယိကာမများဘက်မှ ပစ္စယာနုဂ္ဂဟဖြင့် ချီးမြှောက်ထောက်ပံ့လျက်ရှိပါကြောင်း၊ နိုင်ငံတော်အစိုးရ အနေနှင့်လည်း သံဃာ့အဖွဲ့အစည်းနှင့်သက်ဆိုင်သည့် သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာ၊ ပညာရေးရာကဏ္ဍများ၌ တည်တံ့ခိုင်မြဲရေးမဏ္ဍိုင်မယိမ်းမယိုင်စေရန် ဓမ္မစက်ကို အာဏာစက်အကူအညီဖြင့် ဖြည့်ဆည်း ပံ့ပိုးပေးလျက်ရှိပါကြောင်း လျှောက်ထားအပ်ပါကြောင်း။

နိဂုံးချုပ်အားဖြင့် ဤကဲ့သို့ ဆရာနှင့် ဒါယကာ ညီညာဆန့်တန်း အလှမ်းညီစွာ ဗုဒ္ဓသာသနာတော်မြတ်ကြီးအား ပစ္စယဓမ္မာ နှစ်ဖြာနုဂ္ဂဟ ချီးမြှောက်ထောက်ပံ့ကြသည့် ညီညာပေါင်းစု မြတ်ကောင်းမှုကြောင့် သာသနာ့ဂုဏ်ရှိန်ထွန်းထိန်ဝင်းပလျက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး ညီညွတ်ပွားတိုး ဖွံ့ဖြိုးစည်ပင်၍ ကမ္ဘာ့အလယ် ဝင့်ထည်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းရင်း ဘုရားတပည့်တော်၏ လျှောက်ထားလွှာကို နိဂုံးချုပ်အပ်ပါကြောင်းဖြင့် လျှောက်ထားသည်။

ထို့နောက် ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(ပထမအဖွဲ့ခွဲ)၏ ဆဋ္ဌအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာအကျဉ်းကို တာဝန်ကျအဖွဲ့ခွဲ၏ကိုယ်စား နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တ ပညာနန္ဒက တင်သွင်းလျှောက်ထားတော်မူသည်။

ယင်းနောက် ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (ပထမအဖွဲ့ခွဲ)၏ ဆဋ္ဌအကြိမ်တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာကို အဖွဲ့ဝင်ဆရာတော်များက ကမ္မာအလိုက် တင်သွင်း လျှောက်ထားတော်မူကြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တင်သွင်းလာသည့် သာသနာရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြပြီး ပထမနေ့အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါး စုံညီ ဧကူနဝီသတိမ အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင်ဆရာတော်ကြီးများအား မတ် ၁၃ ရက် အကြိုညီနှိုင်း(ပထမနေ့) တွင် တစ်နေ့တာအတွက် အရုဏ် ဆွမ်း၊ နေ့ဆွမ်းကို ဦးဇော်ဝင်း- ဒေါ်ခင်မာကြွယ်မိသားစု ကျွန်းရွှေမြိုင်လမ်း သုဝဏ္ဏမြို့၊ မတ် ၁၄ ရက် အကြိုညီနှိုင်း(ဒုတိယနေ့) တွင် တစ်နေ့တာအတွက် ဦးအောင်စိုး-ဒေါ်ခင်မြင့် မိသားစု သာယာအေးလမ်း မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့၊ မတ် ၁၅ ရက် အကြိုညီနှိုင်း (တတိယနေ့) တစ်နေ့တာအတွက် ဦးအောင်ကြီး- သုမေ့သီဂီ ဒေါ်နန်းတိုးတိုးရွှေ မိသားစု ချမ်းသာပလာဇာကွန်ဒိုမင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့၊ မတ် ၁၆ ရက် အစည်းအဝေး (ပထမနေ့)တွင် တစ်နေ့တာ အလှူရှင်များဖြစ်ကြသည့် သူရ ဦးထွန်းတင်(ဝန်ကြီးချုပ်-ငြိမ်း)-ဒေါ်မြင့်မြင့်သိန်း မိသားစု၊ ဗိုလ်မှူးကြီး စိန်ရ(ဝန်ကြီး-ငြိမ်း)- ဒေါ်အေးအေးစိုး မိသားစုနှင့် ဦးအေးသန်း- ဒေါ်အေးရီမိသားစုတို့က အသီးသီး ဆက်ကပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

စစ်ကိုင်းတိုင်းဒေသကြီး သံဃနာယကအဖွဲ့ လစ်လပ်နေရာများ အစားထိုးရွေးချယ်

မုံရွာ မတ် ၁၆

စစ်ကိုင်းတိုင်းဒေသကြီး သံဃနာယကအဖွဲ့၏ ၂၅ ရာခိုင်နှုန်း အနားယူခြင်းနှင့် လစ်လပ်တိုင်းဒေသကြီး သံဃနာယက၊ သံဃဝန်ဆောင် ဆရာတော်များနေရာအား ပြန်လည်အစားထိုးရွေးချယ်ပွဲကို မတ် ၇ ရက် မွန်းလွဲ၁ နာရီက မုံရွာမြို့ ရွှေစည်းခုံဘုရားဝင်းအတွင်းရှိ တင်ဝင်းထွန်း သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပသည်။

ထောက်ခံ

စစ်ကိုင်းတိုင်းဒေသကြီး သံဃနာယကအဖွဲ့ဝင် ဆရာတော်ဘဒ္ဒန္တနန္ဒိယသာရ သက်တော် ၈၃နှစ် သိက္ခာတော် ၆၃ ဝါ (ရေဦးမြို့နယ် ချမ်းသာကြီးကျောင်းတိုက်)သည် တိုင်းသံဃနာယကဆရာတော်အဖွဲ့မှ အနားယူနုတ်ထွက်သဖြင့် ဘဒ္ဒန္တကုန္ဒာစရိယ သက်တော် ၇၁ နှစ် သိက္ခာတော် ၅၂ ဝါ (အတုလ ကာရီရေဦး) ဆရာတော်အား တန့်ဆည်မြို့ ပင်စောက်ကျေးရွာ ဆရာတော် ဦးဉာဏရေက အဆိုတင်သွင်းရာ တန့်ဆည်မြို့ သုခိကာရာမကျောင်းတိုက် ဆရာတော် ဦးပဏ္ဍိစကထောက်ခံခဲ့ပြီး အဖွဲ့က ရွေးချယ်တင်မြှောက်ခဲ့ကာ ဆက်လက်ပြီး တိုင်းသံဃနာယကအဖွဲ့ဝင် ဆရာတော် ဘဒ္ဒန္တဇဝနသက်တော် ၅၃ နှစ် သိက္ခာတော် ၃၃ဝါ (ကံသာယာ ဗဟိုသာသနာပြုကျောင်းကလေးမြို့) သည် အနားယူနုတ်ထွက်သဖြင့် ဘဒ္ဒန္တကောဝိဒ သက်တော် ၅၉ နှစ် သိက္ခာတော် ၃၉ ဝါ (သာသနာ့ဂုဏ်ရည်ကျောင်းကန်ရွာ မင်းကင်းမြို့နယ်) ဆရာတော်အား ကလေးမြို့နယ် ကံသာယာ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဇဝနက အဆိုတင်သွင်းရာ ကလေးဝမြို့နယ် သီရိသုခကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝါသဝက ထောက်ခံခဲ့ပြီး အဖွဲ့က သာခုခေါ် ထောက်ခံခဲ့ကြကြောင်း သိရသည်။

ယခုအခါ စစ်ကိုင်းတိုင်းဒေသကြီး သံဃနာယကအဖွဲ့ (သုခမ္မာ) တွင် ဆရာတော်ကြီး ၁၃ ပါးနှင့် တိုင်းဒေသကြီးသံဃဝန်ဆောင် ဆရာတော်ကြီး ၁၀၁ ပါးရှိကြောင်း သိရသည်။

အံ့ကြီးမောင်

ပုသိမ်ကြီးမြို့နယ် သမကောလိပ် အမှုဆောင်သစ်ရွေး

မန္တလေး မတ် ၁၆

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် သမဝါယမကောလိပ် (မန္တလေး)ရန်ကင်းခန်းမ၌ ရန်ကင်းရတနာစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းလီမိတက် ဖွဲ့စည်းရေးအခမ်းအနားကို မတ် ၁၅ ရက်က ကျင်းပသည်။ အခမ်းအနားတွင် သဘာပတိဖွဲ့စည်းရေး ကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ဝင်း၊ ကျောင်းအုပ်ကြီး ဦးလှမျိုးတို့က အမှာစကားပြောကြားသည်။ထို့နောက်အဖွဲ့ဝင် ဦးသန်းလှက အသင်းဖွဲ့စည်းပုံ စည်းကမ်းချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာသော အသင်းသူ အသင်းသားများက အသင်းဥက္ကဋ္ဌ ဒေါက်တာမို့မို့ကြည်နှင့် အမှုဆောင် ခုနစ်ဦး၊ အသင်းသားစာရင်းစစ်ခေါင်းဆောင် ဦးစိုးနိုင်ဦးနှင့် အဖွဲ့ဝင်လေးဦးကို တစ်ညီတစ်ညွတ်တည်း ဆန္ဒပြုရွေးချယ်တင်မြှောက်ကြပြီး ရွေးချယ်ခြင်းခံရသော အမှုဆောင်များက သဘာပတိရှေ့တွင် ကတိသစ္စာခံယူကြသည်။ ဆက်လက်၍ အသင်းဥက္ကဋ္ဌ ဒေါက်တာမို့မို့ကြည်က မိတ်ဆက်အမှာစကားပြောကြားသည်။

အဆိုပါ ရန်ကင်းရတနာ စိုက်ပျိုးရေးနှင့်အထွေထွေလုပ်ငန်း သမဝါယမအသင်းကို အသင်းသား ၇၀၀ တွင် တစ်ဦးလျှင် အသင်းဝင်ကြေးကျပ် ၅၀၀၀ ဖြင့် မတည်ဖွဲ့စည်းခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ) (၀၂၆)**

မီးဘေးသင့် ပြည်သူများသို့ ကယ်ဆယ်ရေးပစ္စည်းများထောက်ပံ့

အရာတော် မတ် ၁၆

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ် နောင်ကြီးအိုင်ကျေးရွာတွင် မတ် ၁ ရက် ညပိုင်းက မီးလောင်ကျွမ်းမှုကြောင့် အိမ်ထောင်စုကိုးစု အိုးမဲ့အိမ်မဲ့ ဖြစ်ပွားခဲ့သည်။

အဆိုပါ မီးဘေးသင့်ပြည်သူများသို့ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် မြို့ပေါ်ရပ်ကွက်များမှ စေတနာရှင်များ စုပေါင်းထောက်ပံ့သော မီးဘေးကယ်ဆယ်ရေးပစ္စည်းများ၊ အဝတ်အထည်များ၊ထောက်ပံ့ငွေများပေးအပ်ပွဲကို မတ် ၁၀ရက် မွန်းလွဲ ၂ နာရီက မီးဘေးကယ်ဆယ်ရေးစခန်းတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်ကြက်ခြေနီတပ်ရင်းမှူး ရဲမှူးတင်သိန်း၊ ဒုတိယတပ်ရင်းမှူး ဦးမြင့်လွင်နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၆၀၀၀၀တန်ဖိုးရှိ ကယ်ဆယ်ရေးပစ္စည်းများကိုလည်းကောင်း၊ မြို့နယ်စေတနာသွေးသန့်အလှူရှင်အသင်းနှင့် မြို့ပေါ်ရပ်ကွက်များမှ စေတနာရှင်များက စုပေါင်းလှူဒါန်းငွေ၊ အဝတ်အထည်ပစ္စည်းများကိုလည်းကောင်း မီးဘေးသင့်အိမ်ထောင်စုတစ်စုချင်းစီသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

(မြို့နယ်ပြန်/ဆက်)

လျှောင်ဒတ်သင့် စမှာယ်နဂိုရ်ကျေးရွာတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများပြီးစီး

မန္တလေး မတ် ၁၆

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် သပိတ်ကျင်းမြို့နယ် စမှာယ်နဂိုရ်ကျေးရွာအတွင်း Mother Construction Co.,Ltd. မှ သပိတ်ကျင်း လျှောင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် လူနေအိမ်၊ စာသင်ကျောင်း၊ ဆေးခန်းနှင့် အဆောက်အအုံများကို ဆောက်လုပ်ရန် အလှူငွေများ ပံ့ပိုးခြင်းနှင့် ဆောက်လုပ်လှူဒါန်းပြီးစီးမှုတို့အတွက် ရေစက်ချမင်္ဂလာအခမ်းအနားကို မတ် ၉ ရက် နံနက် ၉ နာရီက အဆိုပါကျေးရွာရှိ အခြေခံပညာ အလယ်တန်းကျောင်း ကံ့ကော်ကျောင်းဆောင်သစ်၌ ကျင်းပရာ မန္တလေဒတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်က ဆရာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး လျှောင်ဒဏ်သင့် ကျေးရွာအတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောက်လုပ်လှူဒါန်းပြီးစီးမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။ ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ကြ၍ စမှာယ်နဂိုရ် ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တ အာစာရထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များ ရွတ်ဖတ်ပူဇော်ကြသော ပရိတ်တရားတော်များကို နာယူကြပြီး ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ဆက်လက်၍ မြို့လယ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ဦးပဏ္ဍိစ္စထံမှ အနုမောဒနာ ရေစက်ချတရား နာယူကြည်ညိုကြ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီးနောက် ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ကာ ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဝန်ကြီးချုပ်သည် ဆောက်လုပ်လှူဒါန်း ပြီးစီးသည့် စမှာယ်နဂိုရ်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းအတွင်း ကျောင်းဆောင်သစ်များနှင့် စာသင်ခန်းများ အခြေအနေကိုလည်းကောင်း၊ စမှာယ်နဂိုရ်ကျေးရွာအတွင်းရှိ အိမ်ခြေ ၂၀၆ လုံးနှင့် လမ်းများတွင် လျှပ်စစ်မီးရရှိရေးအတွက် 3000 Watt Solar System စက်နှစ်လုံးဖြင့် တပ်ဆင်ဆောင်ရွက်ထားရှိမှုနှင့် ဆိုလာလျှပ်စစ်ဓာတ်အားများ ဖြန့်ဖြူးပေးနိုင်မှု အခြေအနေကိုလည်းကောင်း၊ ကျေးလက်ကျန်းမာရေးဆေးခန်းနှင့် နေအိမ်များ ဆောက်လုပ်ပြီးစီးမှု အခြေအနေကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးချုပ်က ကျေးရွာ ဒေသခံပြည်သူများအနေဖြင့်လည်း ဆိုလာသုံး လျှပ်စစ်ပစ္စည်းများနှင့် တည်ဆောက်ပြီး အဆောက်အအုံများကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်သွားရေးနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုလည်း သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။ အဆိုပါ သပိတ်ကျင်းမြို့နယ် စမှာယ်နဂိုရ်ကျေးရွာတွင် လူနေအိမ်များ၊ စာသင်ကျောင်း၊ သိမ်နှင့် သာသနိက အဆောက်အအုံများကို ဆောက်လုပ်ရန် ငွေပံ့ပိုးခြင်း၊ ဆောက်လုပ်ခြင်းအတွက် ကုန်ကျငွေကျပ်သိန်း ၂၅၀၀ ကို Mother Construction Co., Ltd., ကလည်းကောင်း၊ ဆိုလာ လျှပ်စစ်မီးလင်းရေးအတွက် ကုန်ကျ ငွေကျပ်သိန်း ၇၂၀ ကို မုဒုံမောင်မောင်(KD) ပါဝါ ကုမ္ပဏီကလည်းကောင်း လှူဒါန်းခဲ့ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

ချင်းတွင်းမြစ်ကြောင်း သတိထားမောင်းနေရ

ရေစကြို မတ် ၁၆

ချင်းတွင်းမြစ်သည် မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ်ကြားမှ ဖြတ်သန်းစီးဆင်းသော မြစ်တစ်စင်းဖြစ်ပြီး ရေစကြိုမြို့နယ်၏ နယ်စပ်တစ်လျှောက် ရေမိုင် ၁၉ မိုင်ခန့်ထိစပ် စီးဆင်းသည်။

မြို့နယ်အတွင်း ချင်းတွင်းမြစ်ဖြတ်သန်းစီးဆင်းမှုကြောင့် ကျေးရွာအုပ်စု ၄၀ နီးပါးသည် နုန်းမြစ်ရေဝင်ဒေသဖြစ်၍ နုန်းတင်မြေနုကျွန်းများသည် သီးနှံမျိုးစုံစိုက်ပျိုးထုတ်လုပ်နိုင်သည့် အကျိုးကို ရရှိနေသည်။

ယခုအခါ ချင်းတွင်းမြစ် တစ်လျှောက် သဲသောင်အများအပြားပေါ်ထွန်းလျက်ရှိပြီး ရေလမ်းကြောင်းများ ပြောင်းခြင်း၊ ယမန်နှစ် ကာလတူထက် မြစ်ရေ ပိုမိုကျဆင်းနေခြင်းကြောင့် မော်တော်များ သွားလာရာတွင် အထူးသတိထား၍ ခက်ခက်ခဲခဲသွားလာနေရကြောင်း ရှော်တယ်(စက်လှေ)များသာ သွားလာမှု အဆင်ပြေကြောင်း မော်တော်ရေယာဉ်မောင်းတစ်ဦးကပြောကြားသည်။ **(အပေါ်ပုံ)**

ဖေထွဏ်းဇော်-ရေစကြို

ကြက်သွန်နီလှိုင်လှိုင်ပေါ်ချိန်တွင် ဈေးခပ်အေးအေးဖြစ်နေ

ဆားလင်းကြီး မတ် ၁၆

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဆားလင်းကြီးမြို့နယ် အတွင်းရှိ ကျေးရွာအချို့၌ ဆောင်းကြက်သွန်များလှိုင်လှိုင်ပေါ်နေပြီဖြစ်သည်။ ကြက်သွန်နီများ လှိုင်လှိုင်ပေါ်သော်လည်း ကြက်သွန်နီဈေးကွက်သည် ခပ်အေးအေးပင်ဖြစ်သည်။

စာရေးသူသည် ကြက်သွန်နီ စိုက်ပျိုးရာကျေးရွာများဖြစ်သည့် သာယာကုန်း၊ အေးကုန်း၊ ထနောင်းကုန်းနှင့် တောင်ပုလုရွာများသို့ မတ် ၁၀ ရက်က သွားရောက်ပြီး ကြက်သွန်နီစိုက်တောင်သူတစ်ဦးအား ကြက်သွန်နီစိုက်ပျိုးနည်းကို အနည်းငယ်မေးမြန်းဖြစ်ခဲ့ရာ ဤသို့ ရှင်းပြခဲ့သည်။

“တန်ဆောင်မုန်းလမှာ ကြက်သွန်နီစိုက်ပျိုးကြပါတယ်။ လယ်တစ်ဧစိုက်ပျိုးမယ်ဆိုရင် ကြက်သွန်နီမျိုးစေ့ နှစ်ပြည်နဲ့ လေးဘူးပျိုးရပါတယ်။ အဲဒီနောက်မြေပေါင်တွေတင်ပြီး ကြက်သွန်နီပျိုးပင်တွေကို စိုက်ပျိုးရပါတယ်။ ရေမိုးလေဝသနဲ့ ရာသီဥတုအဆင်ပြေခဲ့ရင် တစ်ဧကကို ကြက်သွန်နီပိဿာချိန် ၄၀၀၀၊ အဆင်မပြေခဲ့ရင် ပိဿာချိန် ၃၀၀၀ လောက်ပဲ ထွက်ပါတယ်။

ကြက်သွန်နီစိုက်ပျိုးချိန်ကနေ ကြက်သွန်နီ ဖော်ချိန်အထိဆိုရင် တစ်ဧကကို ကျပ် နှစ်သိန်းခွဲလောက် ကုန်ကျပါတယ်။ ထွန်ယက်ခ၊ ရေသွင်းခ၊ လုပ်အားခ၊ ပေါင်းနုတ်ခပါ တွက်ကြည့်ရင် ကျပ်လေးသိန်းခွဲဝန်းကျင်ကုန်ကျပါတယ်။ ဒီနှစ်မှာတော့ ကြက်သွန်နီအထွက်နည်းပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မိုးနှောင်းမကောင်းခဲ့တော့ အထွက်နည်းတာပါ။ အခု ဖောက်သည် ပွဲစားဈေးကတော့ ကြက်သွန်နီ အလုံးကြီး(ရှယ်) ကျပ် ၄၀၀ နဲ့ အလုံးသေး ကျပ် ၃၀၀ ဝယ်နေကြပါတယ်။ တစ်ဧကကို ပိဿာချိန် ၃၀၀၀ နှင့် တွက်ကြည့်ရင်ကျပ် ကိုးသိန်းဝန်းကျင်ပဲရှိမှာပါ။ ကြက်သွန်နီစိုက်တောင်သူတွေ ဈေးအရနည်းခဲ့ကြပေမယ့် ဈေးမကြီးတော့ ဝယ်ယူစားသုံးသူ ပြည်သူတွေ စားဝတ်နေရေး အဆင်ပြေပါတယ်။ အချို့ကြက်သွန်စိုက်တောင်သူတွေကတော့ ဈေးကောင်းရလိမ့်မယ်အထင်နဲ့ လှောင်ထားတဲ့သူတွေကလည်း လှောင်ထားကြပါတယ်။

ရှင်းလင်း

ကြက်သွန်ဖြူကတော့ တစ်ဧကကို ကြက်သွန်ဖြူမြောင်းခြောက်တင်းခွဲ ခုနစ်တင်းခန့် လောက်စိုက်ပျိုးပါတယ်။ ကြက်သွန်ဖြူကုန်ကျစရိတ်က ကြက်သွန်နီထက်ပိုပါတယ်။ တစ်ဧကကို စုစုပေါင်းကုန်ကျစရိတ် ခြောက်သိန်းဝန်းကျင်ကုန်ကျပါတယ်။ တစ်ဧကကို ကြက်သွန်ဖြူ ပိဿာချိန် ၁၀၀၀လောက်ထွက်ရှိပါတယ်။ ကြက်သွန်ဖြူကလည်း ကြက်သွန်နီစိုက်ပျိုးသလိုပါပဲ။ တပို့တွဲ၊ တပေါင်းလတွေမှာမှ ဖော်ယူရပါတယ်။ ကြက်သွန်ဖြူကတော့ အမြိတ်မဖြတ်ဘဲ တစ်လလောက်ထားလိုက်ရုံနဲ့ ခြောက်သွေ့သွားပါတယ်။ ကြက်သွန်ဖြူဈေးကတော့ အခုလောလောဆယ် တစ်ပိဿာ ငွေကျပ် ၉၅၀၊ ၁၀၀၀လောက်ပဲရှိပါတယ်။ လှောင်ထားနိုင်မယ်ဆိုရင်တော့ အကျိုးရှိပါတယ်”ဟု ရှင်းလင်းပြောကြားခဲ့သည်။

ယခုကဲ့သို့ မြို့နယ်အတွင်းမှာပင် လတ်ဆတ်သော အသီးအနှံများကို စိုက်ပျိုးပေးကြသည့် တောင်သူဦးကြီးများ အဆင့်အတန်းမြင့်မြင့် လုပ်ကိုင်ဆောင်ရွက်နိုင်ကြပြီး ဘဝမြင့်မားရေးမှာ မဝေးတော့ကြောင်း ရေးသားလိုက်ရပါသည်။

ဦးငယ်(ဆားလင်းကြီး)

ညနေပိုင်း ထမင်း/ဟင်းချက်ချိန်၊ မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်းနှင့်ဟင်းချက်ပြုတ်ခြင်းမပြုရန်။

(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။

(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင်ရန်သူဖြစ်၍ ပေါ့ဆမှုမဖြစ်စေဘဲ၊ အထူးသတိပြုသုံးစွဲရန်။

(မီးသတ်ဦးစီးဌာန)

ပြည်တွင်းသတင်း

နေပြည်တော် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ကျင်းပရေး ဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

နေပြည်တော် မတ် ၁၆

၁၃၇၄ ခုနှစ် နေပြည်တော် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကျင်းပရေး ဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို မတ် ၁၅ရက် မွန်းလွဲ ၂ နာရီတွင် နေပြည်တော်မြို့တော်ခန်းမရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ နေပြည်တော် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ သမ္မတရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့် တက်ရောက် အမှာစကားပြောကြားရာတွင် **(အပေါ်ယာပုံ)** ၁၃၇၄ ခုနှစ် နေပြည်တော် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို ယခင်နှစ်က ကျင်းပခဲ့သည့်အတိုင်း နေပြည်တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမတွင် ဗဟို မဏ္ဍပ်တည်ဆောက်ပြီး ယိမ်းအက ပြိုင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ ထို့အပြင် နေပြည်တော်ဟိုတယ်ဇုန်ရှိ ဟိုတယ်များကလည်း မဟာသင်္ကြန်မဏ္ဍပ်များ ဆောက်လုပ်ပြီး ရေကစားခြင်း၊ တေးဂီတများ၊ ယိမ်းအကများဖြင့် ဖျော်ဖြေခြင်းများ ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ဖြစ်သည်နှင့်အညီ ဝတ်စားဆင်ယင်မှုများ၊ တေးဂီတ ဖျော်ဖြေမှုများ၊ ယိမ်းအကများဖြင့် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်ကို အထူးအလေးထား ထိန်းသိမ်း ဆောင်ရွက်သွားကြရန် လိုကြောင်း ပြောကြားသည်။

၁၃၇၄ ခုနှစ် စတုတ္ထအကြိမ် နေပြည်တော် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို မဟာသင်္ကြန် အကြိုနေ့မှ သင်္ကြန်အတက်နေ့အထိ နေပြည်တော်တွင် ယဉ်ကျေးမှု ဝန်ကြီးဌာနမှ မြန်မာ့ဆိုင်းဝိုင်းကြီးနှင့် အနုပညာဦးစီးဌာနမှ ယိမ်းအကအဖွဲ့များ၊ သီဆိုဖျော်ဖြေမှုများ၊ ဝန်ကြီးဌာနများ၊ ဟိုတယ်များနှင့် ဆောက်လုပ်ရေး ကုမ္ပဏီများမှ သင်္ကြန်ယိမ်းအက ပြိုင်ပွဲများနှင့် သီဆိုဖျော်ဖြေမှု အစီအစဉ်များဖြင့် မြန်မာ့ရိုးရာ ယဉ်ကျေးမှုကို ထိန်းသိမ်းလျက် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်၌ ကျင်းပမည့်ပြိုင်ပွဲအမျိုးအစားများနှင့် လျှောက်လွှာတင်သွင်း၊ လက်ခံရက်ကြေညာ

မြန်မာသက္ကရာဇ် ၁၃၇၄ခုနှစ် မဟာသင်္ကြန်ပွဲတော်တွင် ရန်ကုန်မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်၌ ယိမ်းအကပြိုင်ပွဲများကို ယခင်နှစ်များ နည်းတူ ကျင်းပသွားမည်ဖြစ်သည်။

ယိမ်းပြိုင်ပွဲများကို မူလတန်းကြိုကျောင်းများမှ ၁၂ဦးယိမ်းပြိုင်ပွဲ၊ ရုံးဌာနများ၊ ကျောင်းများ၊ အခြားအဖွဲ့အစည်းများမှ ၁၂ ဦး ယိမ်းနှင့် ၁၆ ဦး ယိမ်းပြိုင်ပွဲများ၊ ၂၀ ယိမ်းအလွတ်တန်းပြိုင်ပွဲများနှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကများဟူ၍ သီးခြားကျင်းပပေးမည်ဖြစ်သည်။

ပြိုင်ပွဲဝင်မည့်အသင်းများသည် ယနေ့မှစ၍ ဧပြီ ၃ရက်အထိ ရုံးချိန်အတွင်း ကျောက်တံတားမြို့နယ် ၃၈လမ်း (၉)ထပ်ရုံး၊ (၇)လွှာရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ စစ်ဆေးရေးဌာနရုံးခန်း၌ လာရောက် စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။

ဆက်သွယ်စုံစမ်း

အသေးစိတ်သိလိုသောအချက်များကို ၃၈ လမ်း (၉)ထပ်ရုံး၊ (၇)လွှာရှိ စစ်ဆေးရေးဌာနသို့ လူကိုယ်တိုင်ဖြစ်စေ ဒုတိယဌာနမှူး စစ်ဆေးရေးဌာန ဖုန်း-၀၁-၃၇၉၆၉၃နှင့် လက်ထောက်ဌာနမှူးနှင့် ရုံးအဖွဲ့ ဖုန်း- ၀၁-၃၇၈၀၀၃ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(ကိုချစ်)**

သီပေါမြို့နယ် ပန်းတိမ်တောင်ရပ်ကွက်၌ လျှပ်စစ်ဓာတ်အားပြည့်ဝစွာရရှိရေး ဆောင်ရွက်

သီပေါ မတ် ၁၆

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ မြို့နယ်လျှပ်စစ် အင်ဂျင်နီယာ ဦးကျော်ဌေးအောင် ကြီးကြပ်မှုဖြင့် လျှပ်စစ်ဝန်ထမ်းများက ပန်းတိမ်တောင်ရပ်ကွက်၌ (၁၁/၀. ၄) ကေဗွီအေ ထရန်စဖော်မာ အသစ်တစ်လုံးတပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်ခဲ့ရာ မတ် ၁၄ ရက်တွင် တည်ဆောက်ပြီးစီးခဲ့သည်။

ကျေနပ်ဝမ်းမြောက်

အဆိုပါ ထရန်စဖော်မာတည်ဆောက်ပြီးစီး၍ ဓာတ်အားဖြန့်ဖြူးပေးခဲ့မှုကြောင့် သီပေါမြို့၏အရှေ့နှင့်အရှေ့တောင်ခြမ်းဒေသ ပန်းတိမ်တောင်ရပ်ကွက်ရှိ ဓာတ်အားသုံးစွဲနေကြသော မီးသုံးစွဲပြည်သူများက ဗို့အားပြည့်ဝစွာ အသုံးပြုခွင့်ရခဲ့ကြသဖြင့် ကျေနပ်ဝမ်းသာလျက်ရှိကြောင်း သိရသည်။ (၀၇၂)

သုံးခွမြို့နယ်နံ့ယောကျေးရွာအုပ်စုတွင် ပညာဓနစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

သုံးခွ မတ် ၁၆

ကျေးရွာပြည်သူများ အသိပညာဗဟုသုတရရှိပြီး ကျေးလက်လူမှုစီးပွားမြင့်မားလာစေရန် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန်ဟူသော ရည်ရွယ်ချက်တို့ဖြင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် နိုင်ငံတော် မတည်ငွေကျပ် ၁၀ သိန်း ပြည်သူလူထုထည့်ဝင်ငွေကျပ် ၁၃၆၉-၂၀၀ စုစုပေါင်းငွေကျပ် ၂၃၆၉၂၀၀ ကျပ်ဖြင့် ဆောက်လုပ် ပြီးစီးခဲ့သည့် ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် နံ့ယောကျေးရွာ ပညာဓန စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို မတ် ၁၄ ရက် နံနက် ၈ နာရီက အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

ယခုဖွင့်လှစ်သော စာကြည့်တိုက်မှာ သွပ်မိုး၊ အုတ်ညှပ်၊ သမံတလင်းခင်း အမျိုးအစားဖြစ်ပြီး အလျား ၁၄ ပေ၊ အနံ ၂၄ ပေ၊ အမြင့် ၁၃ ပေ ဖြစ်ကာ နိုင်ငံတော် မတည်ငွေဖြင့် ဆောက်လုပ်သည့် ကျေးရွာစာကြည့်တိုက်များအနက် ငါးတိုက်မြောက်ဖြစ်သည်။ အဆိုပါ စာကြည့်တိုက်ဖွင့်လှစ်သည့်အတွက် စာပေဗဟုသုတများရရှိကာ ကျေးလက်လူမှုဘဝ မြင့်မားလာတော့မည့်အတွက် ကျေးရွာပြည်သူများ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြကြောင်းလည်း သိရှိရသည်။ (၀၂၈)

ပြည်တွင်းသတင်း

လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးရေးကော်မရှင်၏အစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကော်မတီအစည်းအဝေးကျင်းပ၊ ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ စီမံကိန်းနယ်မြေဧရိယာအတွင်း လှည့်လည်ကြည့်ရှုလေ့လာ

နေပြည်တော် မတ် ၁၆

လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာအပေါ် အကောင်အထည်ဖော် ဆောင်ရွက်မည့်ကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ ဒုတိယဥက္ကဋ္ဌများ၊ အဖွဲ့ဝင်ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဖွဲ့ဝင်များသည် မတ် ၁၅ ရက်တွင် မုံရွာမြို့သို့ရောက်ရှိကြပြီး စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာအပေါ် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ Win Unity Resort Hotel အစည်းအဝေးခန်းမ၌ကျင်းပရာ ကော်မတီဥက္ကဋ္ဌပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက လက်ပံတောင်းတောင် ကြေးနီစီမံကိန်းကိစ္စရပ်နှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း၊ ယင်းအစီရင်ခံစာအပေါ် မိမိတို့အစိုးရအဖွဲ့အနေဖြင့် ဆောင်ရွက်ပေးရန် ရှိသည်များကို လာရောက် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ မကြာမီကာလကပင် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် စုံစမ်းစစ်ဆေးရေးကော်မရှင်က အပြီးသတ် အစီရင်ခံစာတင်သွင်း၍ ဒေသခံများနှင့် တွေ့ဆုံရှင်းလင်းရန် လာရောက်ခဲ့ပြီးဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် အစီရင်ခံစာ၏တွေ့ရှိသုံးသပ်ချက်များအပေါ် ဒေသခံပြည်သူလူထုအတွက် အပြည့်အဝဆောင်ရွက်ပေးနိုင်ရန် လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကော်မတီကို ဖွဲ့စည်းပေးခဲ့ပြီးဖြစ်ကြောင်း၊ ကော်မတီအနေဖြင့် လုပ်ငန်းများကို မြန်မြန်ဆန်ဆန်ဆောင်ရွက်နိုင်ရန် သိမ်းဆည်းမြေယာများ စိစစ်ရေးအဖွဲ့၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုစီးပွားဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့၊ သာသနိကအဆောက်အအုံများ ရွှေ့ပြောင်းခြင်းနှင့် ပြန်လည်တည်ဆောက်ခြင်းအဖွဲ့တို့ကို ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဆက်လက်၍ မြေယာလျော်ကြေးကိစ္စရပ်များ၊ စိုက်ပျိုးမြေပြန်လည်ဖော်ထုတ်ပေးရေး ကိစ္စရပ်များ၊ စာချုပ်များပြန်လည်ပြင်ဆင်ရေးကိစ္စရပ်များ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ထုတ်လုပ်မှုလုပ်ငန်းခွင်ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ရန်ကိစ္စရပ်များ၊ အပြည်ပြည်ဆိုင်ရာ လက်မှတ်များရရှိရေးဆောင်ရွက်ရန် ကိစ္စရပ်များနှင့် ဒေသခံလူထုအတွက် အကျိုးကျေးဇူးရရှိရန်၊ အလုပ်အကိုင်အခွင့်အလမ်းကောင်းများ ဖော်ဆောင်ပေးရန်နှင့် ဒေသခံပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးသွားရန်လိုအပ်ကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင်လည်း အဖွဲ့အစည်းအသီးသီးအနေဖြင့် တာဝန်ယူကာ အောက်ခြေအဆင့်ထိ တာဝန်ယူဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း ဥပဒေနှင့်အညီဆောင်ရွက်ရန် လိုအပ်သကဲ့သို့ မလိုက်နာပါကလည်း ဥပဒေလမ်းကြောင်းနှင့်အညီ ဖြေရှင်းတတ်ရန်လိုကြောင်းဖြင့် မှာကြားသည်။

လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာအပေါ် အကောင်အထည်ဖော် ဆောင်ရွက်မည့် ကော်မတီညှိနှိုင်းအစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ယင်းနောက် ကော်မတီဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးနှင့် စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော် ဦးတို့က တိုင်းဒေသကြီးအတွင်း အလုပ်အကိုင်အခွင့်အလမ်းကောင်းများ၊ သိမ်းဆည်းလယ်ယာမြေများနှင့်ပတ်သက်၍ မြေယာလျော်ကြေးပေးရေးဆိုင်ရာကိစ္စရပ်များအပေါ် အထူးအလေးထား လုပ်ကိုင်ဆောင်ရွက်ပေးရန် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြဆွေးနွေးကြသည်။

ထို့နောက် ကော်မတီဝင်ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဦးဝင်းထွန်းနှင့် အဖွဲ့ခေါင်းဆောင် ဒုတိယဝန်ကြီးများက လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနယ်မြေနှင့် စပ်လျဉ်းသည့်အချက်အလက်များ၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် ဂေဟဗေဒစနစ်မှန်ကန်စေရန် ထိန်းသိမ်းစောင့်ရှောက်ကာကွယ်သွားရေးဆိုင်ရာများ၊ ဒေသခံပြည်သူလူထု၏ လူနေမှုဘဝမြင့်မားတိုးတက်စေရေးနှင့် စီးပွားရေးဖွံ့ဖြိုးကောင်းမွန်လာစေရန်အတွက် အလုပ်အကိုင် အခွင့်အလမ်းကောင်းများပေါ်ထွန်းလာစေရေး ကိစ္စရပ်များအပေါ် ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးတင်ပြကြပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် စီမံကိန်းနယ်မြေအတွင်း ဖြတ်သန်းလေ့လာကြည့်ရှုကြပြီး လက်ပံတောင်းတောင် ကြေးနီစီမံကိန်း ရှင်းလင်းဆောင်သို့ရောက်ရှိကြရာ စီမံကိန်းရှင်းလင်းဆောင်၌ မြန်မာဝမ်ပေါင်ကုမ္ပဏီ ဦးဆောင်ညွှန်ကြားရေးမှူး Mr.Geng Yi နှင့် တာဝန်ရှိသူများက စီမံကိန်းနယ်မြေနှင့် စပ်လျဉ်းသည့်အချက်အလက်များအပေါ် ရှင်းလင်းတင်ပြကြသည်။

ထိုသို့ရှင်းလင်းတင်ပြရာ၌ စံပယ်တောင်၊ ကြေးစင်တောင်နှင့် လက်ပံတောင်းစီမံကိန်းများနှင့် စပ်လျဉ်း၍ ဒေသတွင်းပြည်သူလူထု၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေးနှင့် ကျန်းမာရေးစသည်များအတွက် ဆောင်ရွက်ပေးပြီးနှင့် ဆောင်ရွက်ဆဲလုပ်ငန်းများ အခြေအနေ၊ စီမံကိန်းနယ်မြေနှင့် မလွတ်ကင်းသည့် လယ်ယာမြေများပေါ်ရှိ နှစ်ရှည်သီးနှံပင်များအတွက် လျော်ကြေးပေးမှုနှင့် အဆိုပါ လယ်ယာမြေများပေါ်ရှိ နှစ်ရှည်သီးနှံပင်များအတွက် ကျေးရွာအလိုက် လျော်ကြေးငွေပေးအပ်မှုကိစ္စရပ်များ၊ ကျေးရွာသစ်များသို့ပြောင်းရွှေ့ရာတွင် စီစဉ်ဆောင်ရွက်မှုကိစ္စရပ်များ၊ ရေကောင်းရေသန့်ရရှိရေးအတွက် ဆောင်ရွက်ပေးမှုကိစ္စရပ်များ၊ သဘာဝပတ်ဝန်းကျင် ပျက်စီးမှုလျော့နည်းစေရန်နှင့် စဉ်ဆက်မပြတ်စိုပြည်စိမ်းလန်းစေရန် အစားထိုးဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မြန်မာဝမ်ပေါင်ကုမ္ပဏီမှ တူးဖော်ဆောင်ရွက်လျက်ရှိသည့် လက်ပံတောင်းတောင် ကြေးနီစီမံကိန်းလုပ်ငန်းခွင်နှင့် မြန်မာယန်စီကော့ပါးကုမ္ပဏီလီမိတက်မှ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် စံပယ်တောင်ကြေးနီစီမံကိန်း လုပ်ငန်းခွင်များသို့ သွားရောက် လေ့လာကြည့်ရှုကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

TOTAL

TOTAL E&P MYANMAR

Total E&P Myanmar, a subsidiary of the TOTAL Group, a major International Energy Company is presently operating the Yadana Gas Field situated offshore Myanmar.

We now have requirements for the following position in our company.

ACCOUNTANT – 4 POSTS

Location – Finance Division in Yangon Office (Resident Staff)

Main Responsibilities:
- To carry out accounting works using integrated accounting software
- To make accounting analysis and follow ups
- To produce periodical financial statements and reports

Required Qualifications and Experience:
- Bachelor degree in Accounting or Commerce Studies or equivalent (CPA or Master is a plus)
- 3-5 years accounting experience in multi-ventured environment
- Good user of PC applications and computerized accounting software
- Good communication and interpersonal skills

Candidates must be Myanmar Nationals (Male/Female) with good command of spoken and written English.

Only short-listed candidates will be contacted to attend English language and technical tests and will be requested to bring Labour Registration Card, National Registration Card (NRC) and education/professional training certificates originals.

Application Procedure

Candidates who meet these requirements should send their applications (electronic CV or Resume in English language, giving clear details of their qualifications, copy of final year results/marks and work experience to-date with your contact telephone numbers and mailing address) by e-mail to the company mail address **HRD.TEPM-YGN@total.com** by 31st March 2013 at the latest.

(For Local Services Only)
Total E&P Myanmar
No. 5, Sacred Tooth Relic Lake Avenue, Punn Pin Gone Quarter No.5
Mayangone Township, Yangon
e-mail : HRD.TEPM-YGN@total.com

ကုန်အမှတ်တံဆိပ်များနှင့်စပ်လျဉ်း၍ အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ စကားဝါလမ်း၊ အမှတ် ၃၀ တွင် တည်ထောင်ထားရှိသည့် ဧရာရွှေလီကုမ္ပဏီလီမိတက် မှတ်ပုံတင်အမှတ် (၂၁၇/၁၉၉၉-၂၀၀၀)သည် အောက်တွင်ဖော်ပြထားသည့် ကုန်အမှတ်တံဆိပ်များကို ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ Xue mei (ရှဲမေ့)-၂၃၆၆/၂၀၁၂ နှင့် Yu mi-၂၄၉၅/၂၀၁၃ဖြင့် မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်များဖြင့် အချိုမှုန့်အပါအဝင် စားသောက်ကုန်နှင့်အထွေထွေကုန်ပစ္စည်းများကို မြန်မာနိုင်ငံအနှံ့သို့ ဖြန့်ချိလျက်ရှိပါသည်။ အဆိုပါ ကုန်အမှတ်တံဆိပ်များကို ထုပ်ပိုးမည့်စက္ကူဘူး၊ စက္ကူအိတ်၊ ပလတ်စတစ်၊ ပီနံအိတ်များ၊ စာရွက်စာတမ်း၊ ဆိုင်းဘုတ်၊ ကြော်ငြာ၊ ငွေပြေစာဖြတ်ပိုင်းများအစရှိသည်တို့အပေါ်တွင် ရိုက်နှိပ်ဖော်ပြ အသုံးပြုသွားမည်ဖြစ်ပါသည်။ အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်၊ ကုန်ပစ္စည်းများနှင့် ထုပ်ပိုးမှုပုံစံများကို အတုအပပြုလုပ်ခြင်း၊ ထင်ယောင်ထင်မှားပြုလုပ်ခြင်း၊ ဈေးကွက်အတွင်းတွေ့ရှိခြင်း၊ တင်သွင်းဖြန့်ချိခြင်းအစရှိသည်တို့ကို စစ်ဆေးတွေ့ရှိပါက တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဇော်ဝင်းနိုင် (တရားလွှတ်တော်ရှေ့နေ)

ဒေါ်အေးပွင့်ဖြူ၊ ဒေါ်ကြည်ကြည်ထွေး (အထက်တန်းရှေ့နေများ)

အမှတ် ၁၇၊ လေးလွှာ၊ မလွှကုန်းလမ်း၊ ကျားကွက်သစ်ရပ်ကွက်၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊
ဖုန်း-၀၉-၂၀၁၆၉၉၈၊ ၀၉-၇၃၀၅၅၅၇၀

ပြည်တွင်းသတင်း

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အကြိုမြင်းစီးပြိုင်ပွဲ ကျင်းပ ခရီးရှည်တာဝေးမြင်းစီးပြိုင်ပွဲသို့ လေးနိုင်ငံ ပါဝင်ယှဉ်ပြိုင်

(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၊ အကြိုမြင်းစီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မတ် ၁၅ ရက်က ဝဏ္ဏသိဒ္ဓိ မြင်းစီးအားကစားကွင်း၌ ကျင်းပခဲ့ပြီး မတ် ၁၅ ရက် နံနက် ၆ နာရီတွင် ခရီးရှည်တာဝေး မြင်းစီးပြိုင်ပွဲကို ဆက်လက်ကျင်းပသည်။ ဝဏ္ဏသိဒ္ဓိ မြင်းစီးအားကစားကွင်း မုခ်ဦးထိပ်မှ စတင်တာလွှတ်သောအခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသားအားကစား ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ဒုတိယဝန်ကြီး ဦးသောင်းထိုက်နှင့် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်တို့ တက်ရောက်ကြသည်။

အဆိုပါ မြင်းစီးပြိုင်ပွဲသည် ၄၈ ကီလိုမီတာ ခရီးရှည်တာဝေးပြိုင်ပွဲဖြစ်ပြီး အိမ်ရှင်မြန်မာနိုင်ငံမှ ကစားသမားနှစ်ဦး၊ မလေးရှားနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ကစားသမားနှစ်ဦးနှင့် အင်ဒိုနီးရှားနိုင်ငံမှ ကစားသမားတစ်ဦး စုစုပေါင်းကစားသမား ခုနစ်ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။ ကမ္ဘောဒီးယားနှင့် စင်ကာပူနိုင်ငံတို့မှ ပါဝင်ယှဉ်ပြိုင်ခြင်းမရှိပေ။

မြန်မာနိုင်ငံမှ ဇော်မျိုးအောင်က စိန်နှင်းဆီ၊ ကျော်ဇင်က စိန်ရတီအမည်ရှိ မြင်းများဖြင့် ပြိုင်ခဲ့ပြီး မလေးရှားနိုင်ငံမှ အက်စ်ရီဘန်က ရွှေဆယ်၊ ဟာလမ်ဘန်က မြတ်လေးငုံအမည်ရှိ မြင်းများဖြင့်လည်းကောင်း၊ ထိုင်းနိုင်ငံမှ မီချောချိုင်းက စိန်သစ္စာ၊

သတင်း-ဖေမြင့်ဦး
ဓာတ်ပုံ-စိုးညွန့်

ပလာရွန်ပြုဂျီက ဖောင်ကလာအမည်ရှိ မြင်းများဖြင့် လည်းကောင်း၊ အင်ဒိုနီးရှားနိုင်ငံမှ အော့တိုရစ်ချတ်က စိန်ဂန္ထဝင်အမည်ရှိ မြင်းဖြင့်လည်းကောင်း အသီးသီးယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲတွင် ၄၈ ကီလိုမီတာ တာဝေးခရီးစဉ်ကို ၂၄ ကီလိုမီတာ နှစ်ခေါက်ပြိုင်နေခြင်းဖြစ်သည်။ နံနက် ၁၀ နာရီ ၃ မိနစ်ထက်စောပြီး ပန်းဝင်၍ မရသကဲ့သို့ ၁၁ နာရီ ၃ မိနစ်ထက် နောက်ကျပြီး ပန်းဝင်၍လည်း မရပေ။ ထိုသတ်မှတ်ချိန်များထက် စောလျှင်သော်လည်းကောင်း နောက်ကျလျှင်သော်လည်း ပြိုင်ပွဲမှ ပယ်ဖျက်ခြင်းခံရမည် ဖြစ်သည်။

မှတ်တမ်းယူ

မြန်မာမြင်းစီးအဖွဲ့သည် အပြည်ပြည်ဆိုင်ရာ မြင်းစီးအဖွဲ့ချုပ်သို့ ပြိုင်ပွဲဝင်မြင်းများအဖြစ် စာရင်းဝင်နိုင်ရေး မှတ်တမ်းအတွက် စိန်လှိုင်တိုး၊ ထိပ်ထားစံ၊ မင်္ဂလာမေ၊ အိုဘားမား၊ ကံပွင့်၊ နီလာစံ၊ မိုးနတ်သူဇာ၊ ၁၂၆ အမည်ရှိ အခြားမြင်းရှစ်ကောင်လည်း အဆိုပါ ခရီးရှည်တာဝေးစီးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မှတ်တမ်းယူခဲ့ကြောင်းလည်း သိရသည်။

ဆီးဂိမ်းအကြို မြင်းစီးပြိုင်ပွဲတွင် အလှစီးခြင်း၊ တန်းခုန်စီးခြင်း၊ တစ်ဦးချင်းနှင့်အသင်းအလိုက် ပြိုင်ပွဲများ၊ ခရီးရှည်တာဝေးစီးခြင်းပြိုင်ပွဲများပါဝင်ရာ အိမ်ရှင်မြန်မာအပါအဝင် ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ စင်ကာပူနှင့် ကမ္ဘောဒီးယားတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ စိတ်ပါဝင်စားသူ ဝါသနာရှင်များ အခမဲ့ လာရောက်လေ့လာနိုင်ကြောင်း သိရသည်။

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက် ဇီဇဝါနှင့်မြစ်ငယ်လမ်း ကတ္တရာလမ်းသစ်ဖွင့်

နေပြည်တော် မတ် ၁၆

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက် ဇီဇဝါလမ်းနှင့် မြစ်ငယ်လမ်းကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီဝင် ဇမ္ဗူသီရိမြို့နယ်တာဝန်ခံ ဦးမျိုးညွန့်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ဌေး၊ နေပြည်တော် စည်ပင်သာယာရေး ကော်မတီဝင်များ၊ ဒက္ခိဏခရိုင် အုပ်ချုပ်ရေးမှူး ဦးသန်းဆွေဝင်း၊ ဇမ္ဗူသီရိမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဝင်းရွှေနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူအင်အား ၄၀၀ ခန့်တက်ရောက်ခဲ့သည်။ မုခ်ဦးကို နေပြည်တော်ကောင်စီဝင် ဇမ္ဗူသီရိမြို့နယ်တာဝန်ခံ ဦးမျိုးညွန့်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ဌေးနှင့် နေပြည်တော် စည်ပင်သာယာရေး ကော်မတီဝင် ဦးမျိုးအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး**(အပေါ်ပုံ)** တက်ရောက်လာသော ဌာနဆိုင်ရာ တာဝန်ရှိသူများက ငုဝါလမ်းတစ်လျှောက် လှည့်လည်စစ်ဆေးသည်။ လမ်းသစ်များနှင့် ပတ်သက်၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ညွှန်ကြားရေးမှူး(အင်/ယာ) ဦးအောင်မိုးက ရှင်းလင်းတင်ပြပြီး မြို့မိမြို့ဖ ဦးအောင်မြင့်က ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးမျိုးညွန့်က နေပြည်တော်ကောင်စီအနေဖြင့် ဇမ္ဗူသီရိမြို့နယ်အတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆောင်ရွက်ပေးခဲ့

ယနေ့ဖွင့်လှစ်လိုက်သော ရွှေကြာပင်ရပ်ကွက် ဇီဇဝါလမ်းသည် အရှည်ပေ ၁၆၂၀၊ အကျယ် ၁၈ ပေရှိပြီး မြစ်ငယ်လမ်းသည် အရှည်ပေ ၃၀၀၀၊ အကျယ် ၁၂ ပေရှိကာ ယခင်က မြေသားလမ်းအဖြစ်သာ ရှိခဲ့သဖြင့် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ရန် နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်၏ လမ်းညွှန်မှုအရ အဆိုပါလမ်းနှစ်လမ်းကို ငွေကျပ် ၈၈၇ သိန်းခန့် အကုန်အကျခံ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။

ယခုအခါ ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက်အတွင်းရှိ ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ အနေဖြင့် လွယ်ကူချောမွေ့စွာ သွားလာနိုင်ပြီဖြစ်သည်။ ရွှေကြာပင်ရပ်ကွက်အတွင်း မေယုလမ်း၊ ချင်းတွင်းလမ်း၊ ရွှေလီလမ်း၊ ကစ္ဆပနဒီလမ်း၊ ပန်းလောင်လမ်းနှင့် ချယ်ရီလမ်းများကိုလည်း ယခုနှစ်တွင် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိပြီး မိုးကာလတွင် ရေစီးရေလာကောင်းမွန်စေရန် ရေမြောင်းတူးဖော်ခြင်းနှင့် ရေပြွန်တံတား တည်ဆောက်ခြင်းလုပ်ငန်းများကို တစ်ဆက်တည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

တာအုပ်တာပေ
လူ့မိတ်ဆွေ

PANDA (အင်ဂျင်နီယာအဖွဲ့)
-Air-con Boiler
ON SALE
➢ Branded-New Air-Cons
➢ Good Second Hand Air-Cons
➢ Refrigerators
110V Vertical - 75,000 to 100,000 Ks
SplitType 1 & 1.5 H.P - 100,000 Ks
Window Type 1 & 1.5 H.P - 90,000 Ks
09 515 8803,09 732 29024, 09 519 8402

GOLDEN STAR
Ph:209200,430460,544383

Ph: 209077 ,09-731 67000
209383 ,09-731 68000

GOLDEN STAR Travels & Tours
Mar22,Apr12
Mar22,Apr12
Mar22,Apr12
Mar22,Apr12
Apr12
Apr12
Ph: 209200, 544383, 430460, 703448, 09-5081580

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

မြေနီကုန်း (မဟာမြိုင်မှတ်တိုင်အနီး) အမှတ် (၁၁-A)၊ မကြီးကြီးလမ်း (ပြည်လမ်း ဂုတ်ခြံ)၊ စမ်းချောင်းမြို့နယ်၊ ဝဒသမ၂၄ဧက ကျယ်ဝန်းသော ၂၄ပေကျယ်၊ ကိုယ်ပိုင်လမ်းအပါ၊ မြေကွက်သီးသန့်အား ပိုင်ရှင်ကိုယ်တိုင်ရောင်းရန်ရှိသည်။

ဆက်သွယ်ရန် ဖုန်း-၀၉-၅၀၂၁၅၃၈၊ ၀၉-၈၃၀၂၆၆၆

ဒေါ်သန္တာအေး(ဘ)ဦးဘတင် ၁၃/ကမန(နိုင်)၀၀၀၅၂၆ နှင့်

အများသိစေရန်ကြေညာခြင်း

မူဆယ်မြို့၊ တောင်ရပ်ကွက်၊ အမှတ်(တ/၁၈၆)နေ ဒေါ်ငွေကြည်(ဘ)ဦးမာဂမ် ၁၃/မဆတ(နိုင်)၀၃၁၉၉၈၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန်အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ငွေကြည်(ဘ)ဦးမာဂမ် ၁၃/မဆတ(နိုင်)၀၃၁၉၉၈ သည် (ထားဝယ်စီမံကိန်းလုပ်ငန်းများ လုပ်ဆောင်ရာတွင်တင်ပြရန်) ဒေါ်သန္တာအေး(ဘ)ဦးဘတင် ၁၃/ကမန(နိုင်)၀၀၀၅၂၆ သို့ မန္တလေးမြို့ နိုထရီပဗ္ဗလစ် ဦးပေါစံ၏ရှေ့၌ လွှဲအပ်ခဲ့သော ၁၉-၁၂-၂၀၁၂ရက်စွဲပါ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၀၂၉/၂၀၁၂ ကို ပြန်လည်ရုပ်သိမ်းပြီးကြောင်း ရန်ကုန်မြို့မှ ထုတ်ဝေသော ကြေးမုံသတင်းစာ၊ မြန်မာ့အလင်းသတင်းစာ၊ မန္တလေးမြို့မှ ထုတ်ဝေသော မန္တလေးနေ့စဉ်သတင်းစာ၊ ရတနာပုံနေ့စဉ်သတင်းစာများတွင် ကြေညာပြီး ဖြစ်ပါသည်။

ဒေါ်ငွေကြည်က ဒေါ်သန္တာအေးသို့ ထားဝယ်စီမံကိန်းလုပ်ငန်းများလုပ်ဆောင်ရာတွင် တင်ပြရန် ပေးအပ်ထားသော ဒေါ်ငွေကြည်ပိုင် မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်အပိုင်း(၁)၊ ဒ-၁၀၊ ဦးပိုင် ၆၄၊ ၅၂ ၅၇ မြေနှင့်သက်ဆိုင်သော စာရွက်စာတမ်းများ၊ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၇၇×၇၈ လမ်းကြား၊ ဇောတိကလမ်း၊ ရွှေဖြူပလာဇာ၊ တိုက်ခန်းအမှတ်(ဒီ-၂၀)နှင့်သက်ဆိုင်သော စာရွက်စာတမ်းများကို ဒေါ်သန္တာအေးကိုယ်တိုင်ဖြစ်စေ၊ ဒေါ်သန္တာအေး၏ကိုယ်စား လက်ဝယ်ရှိသူကဖြစ်စေ ခုနစ်ရက်အတွင်း ကျွန်ုပ်၏လက်ဝယ်သို့ ပြန်လည်ပေးအပ်ပါရန် အကြောင်းကြားအပ်ပါသည်။ အကယ်၍ ပြန်လည်ပေးအပ်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရေးယူဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါ်သန္တာအေးနှင့်အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဒေါ်ငွေကြည်
၁၃/မဆတ(နိုင်)၀၃၁၉၉၈

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးလှကို
B.A, R.L,Dip Business Law
တရားလွှတ်တော်ရှေ့နေ(၂၃၁၃)
အမှတ်၂၈၊ ၂၉လမ်း၊ ၇၁×၇၂လမ်းကြား၊
ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊ ဖုန်း-၀၂-၆၅၁၉၄

ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်

၁။ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်းနှင့်အနီး၊ အင်းလျားမြိုင်ဂုတ်ခြံ၊ ကိုယ်ပိုင်လမ်း၊ မြေအကျယ် Sft-6011၊ ဆိတ်ငြိမ်ရပ်ကွက်၊ ဘိုးဘွားပိုင်ရှင် အမည်ပေါက်၊ ရေ၊ မီး၊ ဖုန်းပါ၊ အချက်အချာကျ နေရာကောင်း၊ အလွန်သက်သာသောဈေး၊ ကျပ်သိန်း ၁၂၅၀၀

၂။ သုဝဏ္ဏ၊ VIP၊ ကမာကြည်လမ်းမကြီးဘေး၊ မြေအကျယ် (ပေ ၁၃၀ × ပေ ၁၀၀)၊ ဂရန်အမည်ပေါက် 2 RC၊ နှစ်ယောက်အိပ်ခန်း သုံးခန်း၊ Aircon လေးလုံး၊ ကြိုးဖုန်းတစ်လုံး၊ ကားလေးစီးဆံ့နှစ်ထပ်ကားဂိုဒေါင်၊ နှစ်ယောက်အိပ်ခန်းလေးခန်း၊ ပတ်ဝန်းကျင်ကောင်း၊ ဆိတ်ငြိမ်ရိပ်ကွက်၊ ကမာကြည်တံတားအနီး၊ ဟိုတယ်၊ တည်းခိုခန်းလုပ်ငန်းလုပ်ကိုင်လိုသူများအတွက် အထူးသင့်တော်သောနေရာကောင်း၊ ကျပ်သိန်း၈၅၀၀။

ဆက်သွယ်ရန်ဖုန်း-၂၄၁၁၉၄၊ ၂၄၆၇၉၂၊ ၀၉-၅၁၇၈၉၇၉၊ ၀၉-၇၃၂၂၄၄၀၀၊ ၀၉-၄၃၀၂၂၈၂၈၊ ၀၉-၅၅၀၄၀၇၁

Ph : 703790,09-861-9008
707062,09-861-7770

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြန်မာ့ဂုဏ်ရည်အိမ်ရာ၊ တိုက်(A3-2)၊ အခန်း(၅၀၁)ကို မူလအမည်ပေါက်ပိုင်ရှင် ဒုဗိုလ်မှူးကြီးစိန်ရထံမှ စာချုပ်စာတမ်းများဖြင့် ဝယ်ယူထားသူ ဒေါ်ထွေးထွေးမြင့် ၁၀/မလမ(နိုင်)၁၂၄၇၂၃၊ ဒေါ်သန်းသန်းစိုး ၁၀/မလမ(နိုင်)၁၂၄၇၃၉ တို့က ပိုင်ရှင်အမည်ပြောင်းလဲခွင့်လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ(ရန်ကုန်)
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဌာန

နိုင်ငံတကာအားကစားသတင်း

ချန်ပီယံလိဂ် ကွာတားဖိုင်နယ်ပွဲစဉ်တွေလာပြီ

ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ပွဲစဉ်တွေထွက်ပေါ်လာပြီဖြစ်လို့ ပရိသတ်အကြိုက်ပွဲတွေကို ကြည့်ရှုအားပေးရတော့မှာဖြစ်ပါတယ်။ ပြိုင်ဘက်တွေအတွဲညီပြီး အပြင်းအထန်ယှဉ်ပြိုင်ကြရမယ့် ပွဲစဉ်တွေဖြစ်တာမို့ ခြေကုန်ထုတ်ကြရမယ့် အနေအထားကြောင့် ဧပြီ ၂ ရက်နဲ့ ၃ ရက်မှာ ရင်ခုန်စွာ စောင့်မျှော်ရတော့မှာဖြစ်ပါတယ်။



ပီအက်စ်ဂျီနှင့် ဘာစီလိုနာ

ဘာစီလိုနာတို့ ကစားအားကောင်းတဲ့ ပီအက်စ်ဂျီကို အကြိတ်အနယ် ကစားရဖွယ်ရှိနေပါတယ်။ ချန်ပီယံလိဂ်ဖလားကိုရယူဖို့ ကြိုးစားနေတဲ့ ဘာစီလိုနာတို့ ဒီပွဲမှာ သေသေချာချာ ပြင်ဆင်ကစားပါလိမ့်မယ်။ ပီအက်စ်ဂျီမှာ သီယာဂိုးဆေးလ်ဗား၊ အီဘရာဟင်မိုဗစ်၊ မူရာနဲ့ ဘက်ဟမ်းတို့ ရှိနေတာမို့ ကစားသမားအား တောင့်တင်းနေပါတယ်။ ချန်ပီယံလိဂ်ဖလားကို တစ်ကြိမ်မျှ မရဖူးသေးတာမို့ ဘာစီလိုနာကို ရင်ဆိုင်ဖို့ ပြင်ဆင်မှာဖြစ်ပါတယ်။ ဘာစီလိုနာတို့ကလည်း မက်ဆီဦးဆောင်တဲ့ ချေမှုန်းရေးသမားတွေရှိနေပြီး ချန်ပီယံလိဂ်သမိုင်းမှတ်တမ်းလည်းကောင်းတာမို့ အသာစီးရယူဖို့ ကြိုးစားပါလိမ့်မယ်။

ရီးရဲမက်ဒရစ်နှင့် ဂါလာတာစာရေး

နည်းပြမော်ရင်ဟိုအတွက် ဒီနှစ်မှာ အရေးတကြီးလိုအပ်နေတဲ့ ဖလားဖြစ်တာမို့ ဂါလာတာစာရေးကို ရအောင် ကျော်ဖြတ်ဖို့ ကြိုးစားမှာဖြစ်ပါတယ်။ ဂါလာတာစာရေးမှာ တိုက်စစ်မှူးဒရော့ဘာ ပါဝင်လာမှာမို့ ရီးရဲမက်ဒရစ်ခံစစ်မှူးတွေ အမှားအယွင်းနည်းမှ ဖြစ်ပါလိမ့်မယ်။ စီရီနယ်ဒိုရဲ့ စွမ်းဆောင်မှုကောင်းရင် ရီးရဲမက်ဒရစ်တို့ အခြေအနေကောင်းနဲ့ ကြုံတွေ့နိုင်ပါတယ်။ မော်ရင်ဟိုဟာ ချန်ပီယံလိဂ်ပြိုင်ဘက်တွေကို ဘယ်လိုအနိုင်ယူရမယ်ဆိုတဲ့အချက်ကို လေ့လာထားသူဖြစ်တာမို့ အကောင်းဆုံးအနေအထားရအောင် ကြိုးစားထားပါလိမ့်မယ်။

ဘိုင်ယန်မြူးနစ်နှင့် ဂျူဗင်တပ်စ်

ဘိုင်ယန်မြူးနစ်ဟာ ချန်ပီယံလိဂ်မှာ အစဉ်အလာကောင်းတဲ့အသင်းဖြစ်ပြီး ဒီနှစ်ဘောလုံးရာသီမှာ အကောင်းဆုံးခြေစွမ်းကို ပိုင်ဆိုင်ထားပါတယ်။ ဂျာမန်ဘွန်ဒက်စ်လီဂါပြိုင်ပွဲမှာလည်း ထိပ်ဆုံးကဦးဆောင်နေပြီး အိမ်ကွင်း၊ အဝေးကွင်းတွေမှာ နိုင်ပွဲတွေရယူနိုင်နေတဲ့အသင်း ဖြစ်ပါတယ်။ ဂျူဗင်တပ်စ်တို့ကတော့ ချန်ပီယံလိဂ်မှာ ကံကောင်းတတ်တဲ့အသင်း မဟုတ်ပေမယ့် ဒီနှစ်မှာတော့ ထိုက်တန်တဲ့ခြေစွမ်း ရရှိနေပါတယ်။ အသင်းလိုက်နဲ့ နေရာစုံကစားအားမှာတော့ ဘိုင်ယန်မြူးနစ်တို့က ပိုပြီးစွမ်းဆောင်အားကောင်းတာမို့ ဂျူဗင်တပ်စ်တို့ အခက်တွေ့မှာ အမှန်ပါပဲ။

မာလာဂါနှင့် ဒေါ့မွန်

မာလာဂါတို့က ခြေစွမ်းကောင်းမွန်သလို ဒေါ့မွန်တို့ကလည်း ပြိုင်ဘက်တွေကို ချေမှုန်းနိုင်တဲ့စွမ်းအား ရှိနေပါတယ်။ နှစ်သင်းစလုံးကစားအား တူညီနေပေမယ့် ပါဝါပိုင်းမှာ ဒေါ့မွန်တို့က အားသာမှုရှိနေတာတော့ အမှန်ပါပဲ။ မာလာဂါဟာ ပြိုင်ဘက်ကို တည်တည်ငြိမ်ငြိမ်နဲ့ ရင်ဆိုင်တတ်ပြီး ရလဒ်ကောင်းအောင် ကစားနိုင်တဲ့ အသင်းဖြစ်ပါတယ်။ ဒေါ့မွန်တို့ကတော့ ဒီနှစ်ချန်ပီယံလိဂ်မှာ အံ့သြဖွယ်ရာခြေစွမ်းနဲ့ စိတ်ဓာတ်စွမ်းအားတွေရရှိနေတာမို့ မာလာဂါတို့ အကောင်းဆုံးရင်ဆိုင်နိုင်ဖို့ ပြင်ဆင်ထားမှာ သေချာပါတယ်။ ဒေါ့မွန်ဟာ ဒီပွဲမှာတော့ မာလာဂါကို ဘယ်လိုဗျူဟာနဲ့ ကျော်ဖြတ်နိုင်မလဲဆိုတာ စောင့်ကြည့်ရမှာဖြစ်ပါတယ်။ ။

မိုးမြင့်လင်းလက် - ရေးသားသည်

မက်ဆီနှင့်ဘက်ခမ်း ချန်ပီယံလိဂ်တွင်တွေ့မည်

တိုက်စစ်မှူး မက်ဆီနှင့် အင်္ဂလန်နာမည်ကြီးဘောလုံးသမား ဒေးဗစ်ဘက်ခမ်းတို့သည် ချန်ပီယံလိဂ်ကွာတားဖိုင်နယ်တွင် ဆုံတွေ့ကြဦးမည်ဖြစ်သည်။ ဘာစီလိုနာနှင့် ပီအက်စ်ဂျီတို့ ချန်ပီယံလိဂ်ကွာတားဖိုင်နယ်အဖြစ် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မက်ဆီက ခြေစွမ်းအတက်ပိုင်းဖြစ်ပြီး ဘက်ခမ်းက ခြေစွမ်းအကျပိုင်းရောက်နေသည်။ အသင်းအကျိုးပြုမှုအပိုင်း၌ ကွာခြားချက်ကြီးမားနေပြီဖြစ်သည်။ စွမ်းဆောင်မှုအပိုင်းလည်း ကွာဟနေရာ မက်ဆီ၏အားထုတ်မှုက ပိုပြီးထိရောက်လိမ့်မည်ဟု မီဒီယာများက ဖော်ပြသည်။

ဖာဒီနန်အား အင်္ဂလန်ပြန်ခေါ်

နောက်တန်းကစားသမား ဖာဒီနန်အား လာမည့်ကမ္ဘာ့ဖလားခြေစစ်ပွဲအတွက် ဆန်မာရီနိုနှင့် မွန်တီနီဂရိုးတို့နှင့် ကစားမည့်ပြိုင်ပွဲများအတွက် အင်္ဂလန်အသင်းက ပြန်ခေါ်ထားသည်။ ဖာဒီနန်သည် ၂၀၁၁ ခုနှစ် ဇွန်လက ဆွစ်ဇာလန်နှင့်အင်္ဂလန်တစ်ဖက်နှစ်ဂိုးစီ သရေကျသည့်ပြိုင်ပွဲတွင် နောက်ဆုံးကစားပေးခဲ့သည်။ အသက် ၃၄ နှစ်ရှိ ဖာဒီနန်သည် အင်္ဂလန်အသင်းအတွက် ၈၁ ပွဲ ပါဝင်ကစားပေးထားသည်။ ၎င်းသည် ၁၉၉၇ ခုနှစ်ကစပြီး ကင်မရွန်းနှင့်ပွဲတွင် အင်္ဂလန်အသင်းအတွက် ပထမဆုံးကစားပေးခဲ့သည်။

ရာဖေးလ်က ဖက်ဒဲယားကိုနိုင်

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယား၌ ကျင်းပလျက်ရှိသည့် အင်ဒီးယန်းဝဲလ်တင်းနစ်ပြိုင်ပွဲတွင် ရာဖေးလ်နာဒယ်က နာမည်ကြီးဆွစ်ဇာလန် တင်းနစ်ကစားသမား ရော်ဂျာဖက်ဒဲယားအားအနိုင်ရပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားခဲ့သည်။ ယင်းပြိုင်ပွဲတွင် ရာဖေးလ်နာဒယ်က ဖယ်ဒဲယားအား ၆-၄၊ ၆-၂ဖြင့် အနိုင်ရလိုက်ခြင်းဖြစ်သည်။ ရာဖေးလ်သည် ခုနစ်လအတွင်း ပထမဆုံးအကြိမ် အကြိုဗိုလ်လုပွဲတက်ရောက်လာခြင်းဖြစ်သည်။ ၎င်းသည် အကြိုဗိုလ်လုပွဲတွင် သောမတ်စ်ဘာဒိုက်ချ်နှင့် ကစားရမည်ဖြစ်သည်။

ကောင်းမြတ်သူ - ရေးသားသည်

အားကစားသတင်း အတိုအထွာ

★ ဖီအိုရင်းတီးနားအသင်းမှ အသက် ၂၃ နှစ်အရွယ်ရှိ တိုက်စစ်မှူး ဂျိုဗီတစ်အား ပေါင်သန်း ၂၀ ဖြင့်ခေါ်ယူရန် အာဆင်နယ်က ကြိုးစားလျက်ရှိသည်။

★ ခရစ္စတယ်ပဲလေ့စ်အသင်းမှ အသက် ၁၉ နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ဇီလျံကို မန်စီးတီးက လာမည့်အပြောင်းအရွှေ့ကာလ၌ စာချုပ်တော့မည်ဖြစ်သည်။

★ စီအက်စ်ကေအေမော်စကိုအသင်းမှ ဂျပန်ကွင်းလယ်ကစားသမား ဟွန်ဒါအားခေါ်ယူရန် အဲဗာတန်က စီစဉ်လျက်ရှိသည်။

★ အသက် ၂၄ နှစ်အရွယ်ရှိ ဆဲလ်တစ်တိုက်စစ်မှူးစတုတ်စ်က ဆဲလ်တစ်အသင်း၌သာ ဆက်လက်ကစားလိုကြောင်း ထုတ်ဖော်ပြောကြားသည်။

★ မန်စီးတီးနောက်ခံလူ လက်စ်ကော့က စာချုပ်သက်တမ်းကုန်ဆုံးပါက အသင်းမှထွက်ခွာမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်သည်။

★ စပါးအသင်းနောက်ခံလူ ဂါးလက်စ်က လာမည့်နွေရာသီ၌ အသင်းမှ ထွက်ခွာလိုကြောင်း ထုတ်ဖော်ပြောကြားသည်။

★ မန်စီးတီးနည်းပြ မန်ချီနီက လာမည့်နွေရာသီတွင် နောက်ခံကစားသမားတစ်ဦးကို ခေါ်ယူအားဖြည့်မည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။

★ အသက် ၃၁ နှစ်အရွယ်ရှိ အဲဗာတန်ကွင်းလယ်ကစားသမား အော့စမန်က အသင်းမှထွက်ခွာတော့မည်ဖြစ်ကြောင်း ပြောကြားသည်။

★ အသက် ၂၀ အရွယ်ရှိ ခရစ္စတယ်ပဲလေ့စ်တိုက်စစ်မှူး ဆာဟာသည် သွားဖုံးခွဲစိတ်ကုသမှုခံယူရန်ရှိနေသဖြင့် အင်္ဂလန်နှင့် ရိုမေးနီးယား ကစားမည့်ပွဲနှင့် လွဲချော်ဖွယ်ရှိသည်။

မောင်ချစ်ကြည် - ရေးသားသည်

09421152677, 09421122687
55000 Mar 25

ချစ်သော ဖေဖေ မိုလ်မှူးချုပ်(ငြိမ်း)တစ်ဖြစ်လဲ
ရဲမှူးချုပ် သိန်းထွန်း ချစ်သော မေမေ ဒေါ်နွေဦးအောင်တို့ရဲ့
ရွှေရတုမင်္ဂလာဆောင်နေ့ မင်္ဂလာမှာ လမင်းအဝန်း
ကြယ်အစင်းစင်းလင်းလို့ အဆင်းမြဲမြဲ ဝင်းပပနဲ့
ဘဝခရီးတစ်လျှောက် သာယာ လင်းလက်နိုင်ပါစေ-

သားကြီး စွမ်းပြည့်
(Swinburne University of Technology)
သားငယ် အားမာန်
(Huddersfield University)

ကျေးဇူး ဆပ်ပါမည်
ကျွန်တော် နေမျိုးကိုကိုသက်၏ စီဒီစီအမှတ် ၄၉၄၀၆နှင့် နိုင်ငံကူးလက်မှတ်အမှတ် ၃၂၇၂၆၁ မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၃၀၁၈၅၁၁

အိတ်ဖွင့်လေလံလျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ နေပြည်တော်သတင်းစာတိုက်ရှိ သတင်းစာပုံနှိပ်လုပ်ငန်းမှရရှိသော စွန့်ပစ်ပစ္စည်းများအား အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါစနစ်တို့၏ အသေးစိတ်အချက်အလက်များကို ၁၈-၃-၂၀၁၃ ရက်မှ ၂၀-၃-၂၀၁၃ရက်အထိ နေ့စဉ် ၁၀နာရီမှ ၁၄း၀၀နာရီအတွင်း အောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါများကို ၂၀-၃-၂၀၁၃ရက် ၁၄း၀၀နာရီမှ ၁၅း၀၀နာရီအတွင်း နေပြည်တော်သတင်းစာတိုက်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်သို့ လာရောက်ပေးပို့ပါရန်ဖြစ်ပါသည်။ သတ်မှတ်အချိန်ထက် ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၄။ အဆိုပါစွန့်ပစ်ပစ္စည်း အမျိုးအမည်၊ အရေအတွက်နှင့် ပစ္စည်းမျက်မြင်အခြေအနေအား ကြည့်ရှုလိုသူများနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက နေပြည်တော်သတင်းစာတိုက်သို့ သွားရောက်ကြည့်ရှုနိုင်ပြီး ဖုန်း-၀၆၇-၃၆၁၁၀ထံသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်လေလံခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့
သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း
နေပြည်တော်သတင်းစာတိုက်
ဇေယျာသီရိမြို့နယ်၊ နေပြည်တော်**



ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄၊ မြေကွက်အမှတ် ၆၅က^၂၂၊ မြေကွက်တည်နေရာအမှတ် ၆၂၊ သုခရိပ်သာ၊ ၅၂ လမ်း၊ (၆)ရပ်ကွက်၊ ဦးဘနောင်(သမီး)မငွေတင် အမည်ပေါက် မြေအမျိုးအစား မြေပိုင်မြေ (လ/န ၃၉ရပြီး) ဧရိယာ ၀ဒသမ၀၃၁ ဧကရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြေအမည်ပေါက်တို့ထံမှ အရပ်ကတိစာချုပ်ဖြင့်ဝယ်ယူသူ ဦးလင်းကျော်မှ လှိုင်မြို့နယ်၊ တရားမရုံး တရားမကြီးမှုအမှတ် ၅၄/၂၀၁၂ဖြင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် တစ်ဖက်သတ်အမိန့်ရရှိခဲ့ပြီး မြေအမည်ပေါက် အရောင်းအဝယ်စာချုပ်အမှတ် ၁၃၅(က)/၆၃ (၂၈-၁-၆၃) ဦးလင်းကျော်မှ ၂၀၀၇ခုနှစ် မြေပုံထုတ်ယူခြင်းမရှိကြောင်း ကျမ်းကျိန်လွှာနှင့် တရားရုံးအမိန့်များတင်ပြ၍ ဒေါ်မိုးမိုးဆွေ(ဘီလစ်)မှ တရားရုံးကိုယ်စား အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

Hein Htet San Law Firm

ကမ္ဘောဒီးယားကမ္ဘာလှည့်ဘုရားဖူးများ မကွေးမြသလွန်စေတီတော်အားကြည်ညို

မင်းဘူး မတ် ၁၆

ကမ္ဘောဒီးယား ကမ္ဘာလှည့် ဘုရားဖူးများ မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ရှေးဟောင်းသမိုင်းဝင် ရွှေစက်တော်ဘုရားပွဲတော်မှ အပြန် မတ်၁၃ ရက် နံနက်က မကွေးမြို့ရှိ မြသလွန်စေတီအားဝင်ရောက်ဖူးမြော် ကြည်ညိုကြသည်။

ကမ္ဘောဒီးယား ကမ္ဘာလှည့် ဘုရားဖူးအဖွဲ့တွင် ၁၃၈ဦးပါဝင်ပြီး မြန်မာသံဃာတော်နှစ်ပါးနှင့် ကမ္ဘောဒီးယားလူမျိုး အောဂျင့်တစ်ဦးတို့က ဦးဆောင်လာကြသည်ဟု သိရသည်။ ကမ္ဘောဒီးယားဘုရားဖူးများသည် မြသလွန်စေတီအားဖယောင်းတိုင်၊ အမွှေးတိုင်၊ သစ်သီး၊ ဆွမ်း၊ ပန်း၊ ရေချမ်းများဖြင့် ပူဇော်ကန်တော့ကြပြီး လက်ယာရစ်လှည့်ပတ်၍ ပရိတ်တော်များ ရွတ်ဖတ်ကြသည်။ ထို့နောက်အမှတ်တရဓာတ်ပုံများ ရိုက်ကြသည်။

ဤခရီးစဉ်နှင့် ပတ်သက်၍ ဦးဆောင်သံဃာတော်တစ်ပါးဖြစ်သည့် ရန်ကုန်မြို့ ကမ္ဘာအေးစေတီတိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်မှ အရှင်ဥတ္တရက "ရန်ကုန်မြို့မှ မတ် ၆ ရက်ကစပြီး ကမ္ဘောဒီးယား ကမ္ဘာလှည့်ဘုရားဖူးများကို ဦးပဥ္စင်းနဲ့ ဦးဝိဃသရယ်၊ မြန်မာစကားတတ်တဲ့ ကမ္ဘောဒီးယားလူမျိုး အောဂျင့်တစ်ဦးရယ် ဦးဆောင်ပြီး ကျိုက်ထီးရိုး၊ မန္တလေး၊ ပြင်ဦးလွင်၊ မုံရွာ၊ ပုဂံ၊ ညောင်ဦး၊ ရွှေစက်တော်အထိ ဘုရားအစုံလှည့်ဖူးခဲ့တာ ဒီနေ့မကွေးမြသလွန်ကို ဝင်ရောက်ဖူးမြော်ပြီး နေပြည်တော်ကိုခရီးဆက်မယ်၊ ပြီးရင် ရန်ကုန်ပြန်မယ်၊အရင်ကလည်း ကမ္ဘောဒီးယား ဘုရားဖူးအဖွဲ့တွေ မြန်မာပြည်လာဖူးကြတယ်၊ ဒီတစ်ခေါက်ကအများဆုံးပဲ၊ မှန်လုံကားသုံးစီးနဲ့လာကြတာ၊ ၁၀ ရက်ခရီးစဉ်ဖြစ်ပါတယ်"ဟု အမိန့်ရှိသည်။

မြသလွန်စေတီတော်ပေါ်၌ ပန်း၊ သစ်သီး၊ အမွှေးတိုင်၊ ဖယောင်းတိုင်ရောင်းသော ဈေးသည်တစ်ဦးက "အခုရက်ပိုင်း ကမ္ဘာလှည့်ခရီးသည်တွေ ဘုရားပေါ်လာတာ အတော်လေးစိပ်တယ်။ သမီးတို့လည်း ဈေးရောင်းကောင်းတယ်၊ မိသားစု အဆင်ပြေတယ်၊ အရင်တုန်းကဆိုရင် သမီးတို့မှာ ပြည်တွင်းခရီးသည်တွေ လောက်နဲ့ပဲ လုပ်စားနေရတာ အဆင်မပြေဘူး၊ ခုလိုတံခါးဖွင့်ပေးလိုက်တော့ သမီးတို့ စီးပွားရေးလုပ်ငန်းတွေ သိသိသာသာအဆင်ပြေလာတာ လက်တွေ့ပါပဲ"ဟု ပြောကြားခဲ့သည်။ **(ဝဲပုံ)**

မကွေးလှမြင့်

စာဖတ်ရှိန်မြှင့်တင်ရေးနှင့်စာစီစာကုံးပြိုင်ပွဲ ကျင်းပ

ဘူးသီးတောင် မတ် ၁၆

အများပြည်သူဗဟုသုတရရှိရေးနှင့်စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ဘူးသီးတောင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိရာ မတ် ၉ ရက် မွန်းလွဲ ၁ နာရီက ရွာမကျေးရွာ "ပန်းဟေဝန်" စာကြည့်တိုက်၌ ကျင်းပသည်။

အဆိုပါ ဝန်ဆောင်မှုလုပ်ငန်းသည် နွေရာသီကျောင်းပိတ်ရက်ကို အကျိုးရှိစွာ အသုံးချတတ်စေရန် စာဖတ်ရှိန်မြှင့်တင်မှု ဆောင်ရွက်ခြင်းဖြစ်ပြီး ကလေးများ ကဗျာရွတ်ဆိုခြင်းနှင့် မူလတန်း၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကျင်းပခဲ့ရာ ဆုရရှိသူ ခြောက်ဦးအား မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ယုယုနွယ်နှင့် အဖွဲ့ဝင်များက ဆုချီးမြှင့်ပြီး ကလေးများအား မုန့်ပဲသရေစာများ ကျွေးမွေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကမ္ဘာ့သွားနှင့်ခံတွင်း ကျန်းမာရေးနေ့ အခမ်းအနားကျင်းပမည်

ရန်ကုန် မတ် ၁၆

မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆရာဝန် အသင်းမှ ကြီးမှူး၍ မတ် ၂၀ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ သွားနှင့်ခံတွင်း ကျန်းမာရေး အခမ်းအနားကို မတ် ၂၀ ရက် နံနက် ၉ နာရီမှ ၁၁ နာရီအထိ ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားတွင် ပညာရပ်ဆိုင်ရာ ဟောပြောပွဲများ၊ ပြခန်းများ၊ ဆုချီးမြှင့်ပွဲများ ကျင်းပမည်ဖြစ်သဖြင့် သွားနှင့်ခံတွင်း ဆရာဝန်များ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပါရန် မြန်မာနိုင်ငံ သွားနှင့်ခံတွင်း ဆရာဝန်အသင်းမှ ဖိတ်ကြားထားကြောင်း သိရှိရသည်။

(အောင်သူရ)

ဈေးကွက်ကောင်းသောဝဥ

မကွေး မတ် ၁၆

ဝဥကို ပြည်တွင်း၌ စားသုံးမှု နည်းသော်လည်း ပြည်ပနိုင်ငံများ၌ တန်ဖိုးကြီးအစားအသောက်အဖြစ် ပြုလုပ်စားသောက်ကြလေ့ရှိရာ ဂျပန်နိုင်ငံနှင့်တရုတ်နိုင်ငံများသို့ အများဆုံးတင်ပို့ပြီး စင်ကာပူနှင့်မလေးရှားနိုင်ငံများသို့လည်း အနည်းငယ်တင်ပို့ကြောင်း သိရသည်။

ထုတ်လုပ်ဖြန့်ဖြူး

ဝဥကို အစားအစာများ၊ မုန့်များ ထုတ်လုပ်ရာတွင် ထည့်သွင်းအသုံးပြုခြင်း၊ ခေါက်ဆွဲပြုလုပ်ခြင်း၊ ပြုတ်၍ သုပ်စားခြင်း၊ အသားတုပြုလုပ်ခြင်းများအပြင် ဝဥခြောက်၌ အဆီကျစေသော အာနိသင်ရှိ၍ ကိုလက်စထရောကို ကျစေသောကြောင့် ဆေးဖော်စပ်ရာ၌လည်း အသုံးပြုကြောင်းသိရသည်။ ဂျပန်နှင့် အနောက် ဥရောပနိုင်ငံများတွင် အစားအစာအဖြစ်လည်းကောင်း၊ သရေစာအဖြစ်လည်းကောင်း၊ ဆေးဝါးအဖြစ်လည်းကောင်း ထုတ်လုပ်ဖြန့်ဖြူးရောင်းချကြသည်။

မြန်မာနိုင်ငံတွင် ဝဥပင်များသည် ကရင်ပြည်နယ်၊ကချင်ပြည်နယ်၊ မွန်ပြည်၊ ရှမ်းပြည်နယ် မြောက်ပိုင်း၊ တောင်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်၊ မြစ်ဝကျွန်းပေါ်ဒေသနှင့် စစ်ကိုင်းတိုင်းဒေသကြီးများ၌ ရှိသော သစ်ရိပ်၊ ဝါးရိပ်၊ အရိပ်အာဝါသကောင်းသော သစ်တောမြေပွ၊ အစိုဓာတ်ကောင်းသော နေရာဒေသများတွင် သဘာဝအလျောက်ပေါက်ရောက်ကြောင်း သိရသည်။ ယခုအခါ ဝဥခြောက်လုပ်ငန်းများ တွင်ကျယ်လာသဖြင့် တောထဲ၌ အလေ့ကျပေါက်ရောက်သည်ကို စိုက်ခင်းများဖြင့် စိုက်ပျိုးလာကြပြီး မြောင်းပေါင်တင်၍လည်း စိုက်ပျိုးလာကြသည်။

ထွက်ရှိ

ဝဥ၌ အနီ၊ အဝါ၊ အဖြူ သုံးမျိုးရှိသည်။ မိုးရာသီတွင် မြေပေါ်သို့ အပင်ထွက်လာပြီး အပင်သည် နှစ် ပေမှ လေးပေခန့်မြင့်လျက် ဆောင်းရာသီတွင် အပင်၌ကျ၍ အမြစ်သာ မြေအောက်၌အပင်ကြီးပွားရှင်သန်လေ့ရှိ၏။ စိုက်ပျိုးသော ဝဥသည် မြေဆီ၊ မြေနှစ်ကောင်းလျှင် ကောင်းသလို ဝဥပင်တစ်ပင်လျှင်တစ်ပိဿာမှ ၁၃ ပိဿာအထိ ထွက်ရှိကြောင်း သိရသည်။

မကွေးလှမြင့်

အခမဲ့ဆေးခန်းသို့ အလှူငွေများ ပေးအပ်

ရေကြည် မတ် ၁၆

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ် အောင်ဆန်းရပ်ကွက် စေတနာကုသိုလ်ဖြစ် အခမဲ့ဆေးကုခန်းသို့ မတ် ၁၃ရက် နံနက် ၁၁ နာရီက ရေကြည်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၏ စုပေါင်းလှူဒါန်း ငွေကျပ် ၅၂၆၀၀ ကို မြို့နယ် ဒုဦးစီးမှူး ဦးဇော်ဇော်ဦးနှင့် ကျားချောင်ကျေးရွာအုပ်စု အငယ်တန်းစာရေး ဦးစိုးအောင်တို့က ပေးအပ်လှူဒါန်းရာ စေတနာကုသိုလ်ဖြစ် အခမဲ့ ဆေးကုခန်းကော်မတီဝင်များက လက်ခံရယူခဲ့ကြောင်း သိရသည်။ **(၁၈၁)**

မုဒုံမြို့၌ မီးလောင်မှုဖြစ်ပွား

မော်လမြိုင် မတ် ၁၆

မွန်ပြည်နယ် မုဒုံမြို့ မြို့မ (၄) ရပ်ကွက် ပိတောက်ရွှေဝါ (၄)လမ်း ရှိ ဦးအောင်ဇော်မြင့် ၃၄နှစ်၏ နေအိမ်တွင် မတ် ၈ ရက် နံနက် ၉ နာရီ မိနစ် ၄၀ ခန့်က ဘုရားမီး ပူဇော်ရာမှ မီးလောင်မှုဖြစ်ပွားသည်။ မီးလောင်မှုကြောင့် ဦးအောင်ဇော်၏ ပျဉ်ခင်း၊ ပျဉ်ကာ၊ ဖက်မိုး၊ တစ်ထပ်နေအိမ်ခေါင်မိုး လောင်ကျွမ်းခဲ့ပြီး ရပ်ကွက် နေပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် နံနက် ၉ နာရီ ၄၅ မိနစ်ခန့်တွင် မီးငြိမ်းသွားခဲ့သည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ မုဒုံရဲစခန်းမှ ဦးအောင်ဇော်မြင့်ကို ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မအရ အမှုဖွင့်အရေးယူထားကြောင်း သိရှိရသည်။

တင်ထွဋ်(မော်လမြိုင်)

အထက(၂)သံတွဲမြို့ ကျောင်းသား ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ် မြတ်ဆရာပူဇော်ပွဲ

၁၉၆၆/၆၇-၁၉၈၇/၈၈အထိ အထက(၂)သံတွဲမြို့ ကျောင်းသား ကျောင်းသူဟောင်းများ၏ ၄င်းနှစ်များအတွင်း တာဝန်ထမ်းဆောင်ခဲ့သော ဆရာကြီး ဆရာမကြီးများနှင့် ဆရာ ဆရာမများအား မြတ်ဆရာပူဇော်ပွဲကို ၅-၅-၂၀၁၃ရက်(တနင်္ဂနွေနေ့)တွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ အဝေးရောက် ဆရာကြီး ဆရာမကြီးများနှင့် ဆရာ ဆရာမများဆက်သွယ်ပေးပါရန် လေးစားစွာမေတ္တာရပ်ခံအပ်ပါသည်။ ၄င်းနှစ်များအတွင်း တက်ရောက်ခဲ့ကြသော အနယ်နယ်အရပ်ရပ်ရှိ ကျောင်းသား ကျောင်းသူဟောင်းများအားလုံး မြတ်ဆရာပူဇော်ပွဲသို့ တက်ရောက်ကြပါရန်နှင့် လူအား၊ ငွေအား၊ အကြံဉာဏ်အားဖြင့် ပါဝင်ဆက်သွယ်မှုပြုကြပါရန် ချစ်ခင်စွာ ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်ရန်

ဦးဖေမြင့်(ရန်ကုန်)	ဖုန်း-၀၉-၇၃၁၀၃၂၀၁၊ ၀၉-၄၂၁၀၆၅၁၂၂(သံတွဲ)၊ ၀၉-၄၂၁၇၅၄၁၃၂
ဦးခင်မောင်ရွှေ(ရန်ကုန်)	ဖုန်း-၀၉-၈၅၁၅၂၁၃
ဦးအောင်နွယ်(ရန်ကုန်)	ဖုန်း-၀၁-၅၀၃၀၅၀
ဒေါ်ယဉ်ယဉ်သန်း(ရန်ကုန်)	ဖုန်း-၀၁-၅၀၀၂၂၁၊ ၀၉-၇၃၁၀၇၆၄၁
ဒေါ်ရီ(ရန်ကုန်)	ဖုန်း-၀၉-၈၅၁၅၇၃၂၊ ၀၉-၄၂၀၃၀၄၇၀၇
ကိုမောင်မောင်မြင့်(ရန်ကုန်)	ဖုန်း-၀၉-၇၃၀၇၃၄၄၇
မအေးအေးမွန်(ရန်ကုန်)	ဖုန်း-၀၉-၄၂၀၁၅၈၅၇၇
ဦးခင်မောင်တင်(သံတွဲ)	ဖုန်း-၀၉-၄၉၆၅၃၂၀၂
ကိုကျန်ထွန်း(သံတွဲ)	ဖုန်း-၀၉-၄၂၁၇၂၃၃၂၆
မချိုချိုသက်(သံတွဲ)	ဖုန်း-၀၉-၄၂၁၇၃၅၅၆၇
ကိုသန်းထွန်း(သံတွဲ)	ဖုန်း-၀၉-၈၅၁၅၂၀၆
ကိုခင်မြင့်(ဇလွန်)	ဖုန်း-၀၉-၄၉၆၅၃၅၃၃
ကိုကျော်သန်းလှိုင်(သံတွဲ)	ဖုန်း-၀၉-၄၉၆၆၉၂၈၀
မခင်ဝင်းမြင့်စိုး(သံတွဲ)	ဖုန်း-၀၉-၄၂၁၇၃၇၉၃၇
ကိုဇော်ထွန်းအောင်(သံတွဲ)	ဖုန်း-၀၉-၄၂၁၇၂၃၀၃၅

SF-103(မွေး/ရေဘဏ်၊ သံတွဲ)

ရှင်သာမဏေစမ္ပာဇီမာန်

သကြၤန်တွင်း မဟာသတိပဋ္ဌာန် စာတွေ့-လက်တွေ့သင်တန်း

သင်္ကြန်တွင်း မဟာသတိပဋ္ဌာန် စာတွေ့-လက်တွေ့(၇)ရက်စခန်း သင်တန်းကို ဆရာတော်အရှင်ဣန္ဒြိယ(သျှင်မိုးဝေသာသနစေ့ဇမ္ဗူစရိယသာသနာ့ရေမှူစရိယ)က စာတွေ့လက်တွေ့ အားထုတ်နိုင်ရန် နံနက်(၈း၀၀)နာရီမှ ညနေ(၄း၀၀)နာရီအတွင်း ဟောကြားပို့ချမည်ဖြစ်ပါ၍ မည်သူမဆို စာရင်းပေးသွင်း တက်ရောက်နိုင်ပါသည်။

နေရာ - ရှင်သာမဏေစမ္ပာဇီမာန်အာဟာနည်လမ်း၊ ရွှေတိဂုံစေတီတော်အရှေ့ဘက်

ဖုန်း - ၀၁ ၃၈၇၃၃၆၁ ၊

နေ့ရက်- ၁၂-၄-၂၀၁၃(သောကြာနေ့)မှ ၁၈-၄-၂၀၁၃(ကြာသပတေးနေ့)ထိ

အဌမအကြိမ်မြောက် ကုန်သွယ်လယ်ယာမိသားစုများ အာစရိယပူဇော်ပွဲကျင်းပမည်

ကုန်သွယ်လယ်ယာဝန်ထမ်းဟောင်းများအချင်းချင်း ရိုင်းပင်းကူညီရေးအသင်းမှ ကြီးမှူးကျင်းပသော သက်ကြီးဝါကြီး ဆရာများအား အဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲအခမ်းအနားကို ၂၀၁၃ခုနှစ် မေ ၂၆ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကြားတောရလမ်း ကုန်သွယ်လယ်ယာဓမ္မာရုံတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ဝန်ထမ်းများနှင့် ဝန်ထမ်းဟောင်းများ တက်ရောက်ကြပါရန်နှင့် အလှူငွေများလှူဒါန်းလိုပါက အောက်ဖော်ပြပါပုဂ္ဂိုလ်များထံ ဆက်သွယ်ပေးပို့ လှူဒါန်းနိုင်ပါသည်-

ဦးတိုးအောင်မြင့်	ရုံးအဖွဲ့မှူး	ဖုန်း-၀၆၇-၄၀၈၀၀၂
ဦးတင်ရွှေ	အထွေထွေမန်နေဂျာ(ငြိမ်း)	ဖုန်း-၀၉-၇၃၂၀၆၃၀၇
ဒေါ်ခင်အေး	ဒု-အထွေထွေမန်နေဂျာ(ငြိမ်း)	ဖုန်း-၀၁-၅၁၃၂၆၉
ဦးသန်းအောင်ကျော်	ညွှန်ကြားရေးမှူး	ဖုန်း-၀၁-၂၅၁၁၉၇
ဦးအောင်ကျော်မိုး	ညွှန်ကြားရေးမှူး	ဖုန်း-၀၉-၈၆၂၅၀၁၂
ဦးဇော်မင်း	ညွှန်ကြားရေးမှူး	ဖုန်း-၀၉-၈၆၁၃၆၇၉
ဦးမြင့်ချို	အင်ဂျင်နီယာချုပ်	ဖုန်း-၀၉-၈၆၂၇၄၄၃
ဦးကျော်ငွေ	တိုင်းဒေသကြီးအင်ဂျင်နီယာ	ဖုန်း-၀၉-၅၀၁၄၅၅၃
ဦးလှမြင့်	တိုင်းဒေသကြီးမန်နေဂျာ(ငြိမ်း)	ဖုန်း-၀၁-၅၃၅၅၆၂

ဆရာကန်တော့ပွဲကျင်းပရေးကော်မတီ

ပြန်ဆုံကြစို့

အထက-၂ လသာ(စိန့်ဂျွန်းကွန်ဗင့်)၁၉၇၆၊ ၇၇၊ ၇၈နှင့် စိတ်ဝင်စားသော ကျောင်းသူဟောင်းများမှ ဆရာပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ၁၆-၆-၂၀၁၃ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် တော်ဝင်နှင်းဆီ အမှတ်၂၂၁/၂၂၃ ရွှေဂုံတိုင်လမ်း၊ ရန်ကုန်တွင် ကျင်းပမည်ဖြစ်ပါ၍ ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ ပူဇော်ပွဲအတွက် လှူဒါန်းလိုသူများသည်

(၁) ကျင်ကျင်မင်း(ခ)စန်းစန်းရီ (၇၆) ဖုန်း-၀၁-၂၄၁၈၃၅
(၂) အေးအေးမင်း (၇၇) ဖုန်း-၆၅-၉၈၄၄၉၂၅၆ (Singapore) ayeayemin 83@gmail.com
(၃) မဖိတ်အိန် (၇၇) ဖုန်း-၀၉-၅၁၄၁၈၉၇ thidaaung 2510@gmail.com
(၄) နယ်လီအုန်းဖေ (၇၇) ဖုန်း-၀၁-၅၅၉၈၇၉
(၅) ခိုင်ခိုင်အေး (၇၇) ဖုန်း-၀၉-၇၃၀၃၂၈၉၀
(၆) ရီသက်မွန် (၇၈) thetyi@gmail.com
(၇) ခင်ဝင်းမော် ဖုန်း-၀၉-၅၀၈၇၈၀၀ (ရတနာစုံ-ဗိုလ်ချုပ်ဈေး) တို့ကို ဆက်သွယ်၍ လှူဒါန်းနိုင်ပါသည်။

နှင်းဆီခိုင် ငုံး-မျိုးခြံ

ကောင်းမှုတော်ဘုရားအရှေ့ဘက်၊ တောင်ငူမြို့။

ငုံးမျိုးဥ၊ ငုံးသားပေါက်နှင့် မီးလွတ်ငုံးမများရပြီ။

ဖုန်း-၀၉-၅၃၅၁၇၈၃၊ ၀၉-၅၃၅၀၄၄၂၊ ၀၅၄-၂၃၄၄၂

ကြော်ငြာ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွက် ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်းမှ ကုန်ကြမ်း၊ စက်နှင့် စက်အရန်ပစ္စည်းများအား စက်ရုံများသို့ပို့ဆောင်ရန် ကုန်သေတ္တာယာဉ် ငှားရမ်းခ အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၂၀-၃-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၅-၃-၂၀၁၃ ရက် မွန်းလွဲ ၁၆:၀၀ နာရီ

၃။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်း အသေးစိတ်အချက်အလက်များကို အောက်ပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း(ရုံးချုပ်)
ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန
နေပြည်တော်
ဖုန်း-၀၆၇-၄၀၈၁၉၅၊ ၀၆၇-၄၀၈၂၇၆၊ ၀၆၇-၄၀၈၂၇၅

၂၀ ရာစုနှစ်တွင် ခေတ်မီသူတိုင်း အဘိဓမ္မာသင်ကြားကြသည် အပြည်ပြည်ဆိုင်ရာအဘိဓမ္မာတက္ကသိုလ် (I.I.A.)

- အခြားမည်သည့်နေရာတွင်မျှ မသင်ယူနိုင်သော မူလအသုံးချအဘိဓမ္မာ အပါအဝင် **အဘိဓမ္မာကျမ်းရင်းများ**ကို မြန်မာ/အင်္ဂလိပ် (၂)ဘာသာဖြင့် သင်ကြားပေးနေပါသည်။
- ၆-၄-၂၀၁၃ ရက်နေ့တွင် Level I သင်တန်းစတင်မည်။

★★★★★

Dynamic English သင်တန်း (I.I.A.)
တစ်မူထူးခြားသောသင်တန်း

- I.I.A. တက္ကသိုလ်၏ ဥက္ကဋ္ဌ၊ အငြိမ်းစား သံအမတ်ကြီးဦးမြသန်း (စာရေးဆရာနော်ရထာဝင်း) ကိုယ်တိုင်ဦးဆောင်သင်ကြားမည်။
- ၆-၄-၂၀၁၃ ရက်နေ့တွင် Level I သင်တန်းစတင်မည်။

ဆက်သွယ်ရန် - အပြည်ပြည်ဆိုင်ရာအဘိဓမ္မာတက္ကသိုလ်၊ ကမ္ဘာအေးဘုရားဝင်းအတွင်း
ဖုန်း - ၆၅၅၅၃၅၊ ၆၅၇၀၈၆၊ ၆၅၀၇၆၉။

Ph - 09 42 1162666 , 09 86 18988, 09 86 16669
01 710491, 01 86 03595 ,

တတ္တဗေဒသင်ပြကြမည့်၊ သင်ပြကြသည့် ဆရာ၊ ဆရာမများအတွက် သီးသန့်
Ph : 570178,570371,095029606

ဆရာ ဦးသန်းထွန်း(တတ္တဗေဒ)
တတ္တဗေဒ သီးသန့်သင်တန်း (အမှတ်စဉ်၇)

၁၀-တန်းအောင်ပြီး (နေ့စဉ် နံနက် ၉ နာရီ မှ ညနေ ၃ နာရီ ထိ)
မတ်လ (၃၀)မှ ဧပြီ(၁၂) ရက်ထိ အခန်း 1 to 7, 13, 14, 15
ဧပြီ (၂၁)မှ ဧပြီ(၂၉) ရက်ထိ အခန်း 8, 9, 10, 11, 12

၉-တန်းသင်ပြီး မေ (၁)ရက် မှ မေ (၁၅)ရက်ထိ (သင်ရိုးအစအဆုံး)
မေးခွန်းများဖြေဆွေးနွေးမေးမြန်းနိုင်၊
ယခင် သင်တန်းကြေး၏ သုံးပုံနှစ်ပုံသာ။
GCE 'O' Level မေးခွန်း(၆၇၄)နှင့်အဖြေများ။

အမှတ်(၂၉) ၅-လွှာ၊လှည်းတန်း(၁)လမ်း(မီးပွိုင့် နှင့် လှည်းတန်းဈေးကြား)၊ ကမာရွတ်

ငြင်းချက်ထုတ်ရန် သမ္မာန်စာ
(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ (၂၀))
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်၌
၂၀၁၃ ခုနှစ်၊ တရားမကြီးမှုအမှတ် - (၈၆)

၁။ ဒေါ်နန်းကွယ်မောင်း	နှင့်	သုဝဏ္ဏမြေစည်ကမ္ဘာကီလီမိတက်
၂။ ဦးစိုင်းရွက်		အမှတ်-၁၉၊ (၂၃) လမ်း။
အမှတ်-၈၊ သစ္စာလမ်း၊ (၉) ရပ်ကွက်၊		(၇) ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။		လသာမြို့နယ်၊ ရန်ကုန်မြို့။
တရားလို		တရားပြိုင်

အထက်ပါအမှုမှ တရားပြိုင် (ယခုနေရပ်လိပ်စာမသိ) သူ သိစေရမည်။ တရားလို ဒေါ်နန်းကွယ်မောင်း ပါ-၂ နှင့် တရားပြိုင် သုဝဏ္ဏမြေစည်ကမ္ဘာကီလီမိတက် အပေါ်၌ ငွေကျပ်သိန်း ၄၅၀၀၀၀၀၀ (ကျပ်သိန်း လေးရာငါးဆယ်ဒေါ် တိတိ) နှင့်တကွ ကြားကာလ အမြတ်အစွန်းများကိုပါရလိုမှု လျှောက်ထားစွဲဆိုချက် ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် အမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ဖြေဆိုပြောဆိုနိုင်သည့် ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် သက်ဆိုင်သည့်အချက်များကို ဖြေဆိုပြောဆို နိုင်သည့်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၁၃ ခုနှစ်၊ မတ်လ (၂၈) ရက် (၁၃၇၄ ခုနှစ်၊ တပေါင်းလကွယ် (၂) ရက်) နေ့ နံနက် (၁၀:၀၀) နာရီတွင် အထက်အမည် ဖော်ပြပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိရှိရမည်မှာ အထက်တွင်ဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိုက်မည်ဖြစ်သည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာရွက်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်း လိုလျှင် အမှုမတိုင်မီ (၇) ရက်အတွင်း တင်သွင်းရမည်။

၂၀၁၃ ခုနှစ်၊ မတ်လ (၁၂) ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

(ဆွေဆွေ)
တွဲဖက်ခရိုင်တရားသူကြီး (၁)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

မွေးနေ့မင်္ဂလာဆုတောင်းလွှာ
သားပြည့် မောင်စွမ်းထက်ကျော်
(Pride ISM Pre-School)

ချစ်သောသားပြည့် မောင်စွမ်းထက်ကျော်၏ ၁၇-၃-၂၀၁၃ ရက်တွင် ကျရောက်သည့်(၄)နှစ်ပြည့်မွေးနေ့မှသည် နောင်နှစ်ပေါင်း(၁၂၀)တိုင်အောင် ပညာပြည့်ဝ နှလုံးလှလျက် ကျန်းမာခြင်း၊ ချမ်းသာခြင်းနှင့် ပြည့်စုံသော သုခနှစ်ဖြာနှင့်အတူ လောကီ၊ လောကုတ္တရာ အကျိုးနှစ်ဖြာကို ထမ်းရွက်နိုင်ပြီး ကိုယ်စိတ်နှလုံး အေးချမ်းစွာဖြင့် ထက်မြက်ဉာဏ်ပညာ၊ သိတတ်မှုရှိ၍ ချစ်သောမိသားစုနှင့်အတူထာဝရပျော်ရွှင်ပြည့်စုံစွာ လျှောက်လှမ်းနိုင်ပါစေ-

ပါးပါး	-	ဦးတင်ဝင်း (ကောင်းကြိုက်မုန့်လုပ်ငန်း)
မားမား	-	ဒေါ်ကျင်တီ (ဦးပု-မုန့်မျိုးစုံဖြန့်ချိရေး)
ကိုကိုကြီး	-	မောင်တင်မိုးဦး (PISM)
ကိုကိုလေး	-	မောင်တင်မိုးအောင် (PISM)
ကျဲကျဲ	-	မဖြူဖြူလွင် B.E(Chemical)

မွေးနေ့မင်္ဂလာဆုတောင်းလွှာ
မဆွေဇင်တာ(ခ)ဌမ်ဌမ်

၁၇-၃-၂၀၁၃ ရက်တွင် ကျရောက်သော မွေးနေ့မှသည် ချစ်သောမိသားစုနှင့်အတူ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် တောင်းသောဆုများ အစဉ်ပြည့်စုံလျက် လောကီ၊ လောကုတ္တရာ နှစ်ဖြာအကျိုးကို ပါပါး မေမေတို့နှင့်အတူ ဆတက်ထမ်းပိုး ထမ်းရွက်နိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းလျက်-

ဘိုးဘိုး၊ ဘွားဘွား
ပါပါး-ဦးမောင်မောင်တာ
မေမေ-ဒေါ်ကြည်ကြည်လွင်
မမ-မသိမ့်သူသူတာ(ခ)ဟန်နီတာ
ဦးလေးများနှင့်အန်တီများ

SKY RAY Travels & Tours

- ရေတောင်ကြီး-ခေါင်းလေး-ပင်းတယ-ကလော — Mar-23; Apr-12,13
- မန္တလေး-မုံရွာ-အလောင်းတော်ကဿပ — Mar-23; Apr-12,13
  (Win Unity Hotel တွင်တည်းခိုမည်)
- မန္တလေး-မြစ်ကြီးနားလွှင်-မူဆယ်-နမ္မတူ-မန်စီ — Apr-12,13

Tel : 09-421000523, 09-421000524, 09-448008610

ပညာရေးဝန်ကြီးဌာန ကိုယ်ပိုင်အထက်တန်းကျောင်းမှတ်ပုံတင်အမှတ် (ကက - ၁၃/၄၃/၀၂၀)

ထူးချွန်ထက်မြက် MYEZ
Myanmar Yarzar Education Zone

မြန်မာရာဇာ ကျောင်းတော်အသင်း

ကိုယ်ပိုင်အထက်တန်းကျောင်းနှင့်အဆင့်မြင့်ပညာရေးဇုန်

ဒေါ်မြင့်သန်း ဌာနခွဲမှူး(ငြိမ်း) အခြေခံပညာဦးစီးဌာန
ဒေါ်သီရိမြင့်ဦး ကထိက (ငြိမ်း) ဓာတုဗေဒဌာန၊ ဆေးတက္ကသိုလ်(၁)နှင့်
ဦးမင်းသန်း ဦးစီးအရာရှိ(ငြိမ်း)၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊
မအူပင်နည်းပညာတက္ကသိုလ်တို့ စီမံအုပ်ချုပ်ပါသည်။

- ကိုယ်ပိုင်ကျောင်းဆရာမှတ်ပုံတင်လက်မှတ်ရ ဝါရင့်ဆရာ/ဆရာမများ (Ph.D, B.Ed, M.Sc, M.A) မှ သင်ကြားပေးခြင်း။
- Study Guide များဖြင့် နေ့စဉ် Guide လုပ်ပေးခြင်း (ကျူရှင်တက်စရာမလိုပါ)။
- ဆိတ်ငြိမ်လုံခြုံကျယ်ဝန်းသော ခြံဝင်းတွင်သင်ကြားပေးခြင်း။
- ရန်ကုန်မြို့အနှံ့ ကျောင်းကားများ ကြို/ပို့ စီစဉ်ထားရှိခြင်း။
- စာသင်ခန်းတိုင်းတွင် အဲကွန်းနှင့် သန့်စင်ခန်းများထားရှိခြင်း။
- **ဘော်ဒါနေမည့်သူများအတွက် ကျောင်းသား/ကျောင်းသူအဆောင် သီးသန့်ထားရှိပေးခြင်း။ ၂၄ နာရီ Guide လုပ်ပေးခြင်း။**
- အိမ်တွင်စားရသကဲ့သို့ အစားအသောက်စီမံပေးခြင်း။

(၂၀၁၃-၂၀၁၄) ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံနေပါသည်။

နေ့ကျောင်းဖွင့်ရက်-၅ ၆ ၇ ၈ ၉ ၁၀ တန်းများအတွက် မေလ (၂) ရက်နေ့

အမှတ် (၃၃၉) A1/2 မိုးမခလမ်း၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း ၀၉-၅၀ ၁၃၀၉၉၊ ၀၉-၂၀၃၁၀၉၉၊ ၀၉-၇၃၂၃၄၆၇၃၊ ၀၁-၅၄၁၄၅၀၊ ၀၁-၅၄၄၅၃၄

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရန်အောင်(၁)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၇/ရန်အောင်မြောက်၊ မြေကွက်/ဦးပိုင်အမှတ် ၁၁၆ᶜ၊ ဧရိယာ ၀ ဒသမ ၀၅၂ ဧကရှိ ဒေါ်နုနုရီ အမည်ဖြင့်ပိုင်ဆိုင်သော ဘိုးဘပိုင်မြေကွက်အား အမည် ဒေါ်အေးကြည် ၉/မမန(နိုင်)၀၀၄၂၂၇ (ဘ)ဦးအိုက်ကွက်မှပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး ဘိုးဘပိုင်မြေကွက် အမည်ပြောင်းလျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

သန်လျင်တောရဝိပဿနာ (၁၀)ရက်စခန်းကျင်းပမည်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်ကျေးရွာ၊ တောရကျောင်းလမ်း၊ သန်လျင်တောရ ကမ္မဋ္ဌာန်းကျောင်းတိုက်တွင် (၃၆)ကြိမ်မြောက်တရားစခန်းကို (၁၃၇၄ ခုနှစ် တပေါင်းလပြည့်ကျော် ၆ ရက်မှ တပေါင်းလကွယ်နေ့)ပြီး ၁ ရက်မှ ၁၀ ရက်အထိ သန်လျင်တောရ ဓမ္မဝါဒီဆရာတော်ကြီး၏ ညွှန်ကြားပြသတော်မူသော နည်းအတိုင်း ကျောင်းတိုက်ပဓာနနာယက ကမ္မဋ္ဌာနာစရိယဆရာတော် ဘဒ္ဒန္တဇဝန ဉာဏာဘိဝံသနှင့် သန်လျင်တောရ ယင်းတော်မင်းကျောင်းတိုက်အုပ်၊ ကမ္မဋ္ဌာနာစရိယ ဆရာတော် ဘဒ္ဒန္တကဝိဇ (BA.Buddhisim) အရှင်သူမြတ်တို့က ဝိပဿနာတရားတော်များကို ဟောကြားပြသမည်ဖြစ်ပါ၍ ယောဂီများ ၃၁-၃-၂၀၁၃ ရက် ညနေ အရောက်လာကြရန်နှင့် ငွေပေးသွင်းရန်မလိုကြောင်း အသိပေးနိုးဆော်အပ်ပါသည်။

တရားစခန်းဝင်လိုသော ယောဂီများသည် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ပါသည်။

ဖုန်း-၀၉-၇၃၁၉၆၃၁၇၊ ၀၉-၇၃၉၀၂၃၃၁၊ ၀၉-၅၁၁၅၁၃၃၊ ၀၉-၈၆၁၁၅၇၄၊ ၀၁-၂၄၁၂၉၄၊ ၀၉-၄၅၀၀၂၄၅၆၂၊ ၀၉-၄၂၁၁၃၁၅၆၁

အလက(၆) ရန်ကင်း (ကျိုက္ကဆံ ရဲရိပ်သာ) ဒုတိယအကြိမ် အာစရိယပူဇော်ပွဲ

အလက(၆)ရန်ကင်း၏ ဒုတိယအကြိမ် အာစရိယပူဇော်ပွဲကို မတ် ၃၁ရက် မွန်းလွဲ ၂နာရီမှ ညနေ ၄နာရီအထိ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ၂၀၀၅ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့မည်ဖြစ်ပါ၍ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်လှူဒါန်းလိုပါက ကိုကျော်စည်သူ ဖုန်း-၀၉-၇၃၀၅၆၉၃၉၊ မမြမြစန်း ဖုန်း-၀၉-၄၉၂၀၉၆၃၆၊ ကိုဇော်မင်း ဖုန်း-၀၉-၄၂၀၀၅၇၆၆၃၊ မနှင်းလွင်ငြိမ်း ဖုန်း-၀၉-၄၉၂၃၆၇၀၃၊ ကိုအောင်သူဝင်း ဖုန်း-၀၉-၄၂၀၀၄၆၇၇၄၊ မောင်သိန်းထိုက်ဝင်း ဖုန်း-၀၉-၄၂၅၂၈၀၈၅၄၊ မခင်သီတာချစ် ဖုန်း-၀၉-၇၃၁၃၅၈၆၃၊ မဆွေဆွေသန့် ဖုန်း-၀၉-၇၃၀၁၄၈၂၅၊ မသန္တာဦး ဖုန်း-၀၉-၄၂၅၀၂၃၇၄၇၊ ခင်ဖုန်းနွေ ဖုန်း-၀၉-၄၂၀၀၃၁၃၅၉၊ ကိုတေဇာလင်းထက် ဖုန်း-၀၉-၅၀၄၄၃၈၁

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

(1) ယာဉ်မောင်းဝန်ထမ်း ကျား(၂၀) ဦး
အခြေခံပညာအထက်တန်းဆင့်အနည်းဆုံးရှိရမည်။အသက်(၄၀)နှစ်အောက်ဖြစ်ရမည်။ယာဉ်မောင်းလိုင်စင်(ဃ)သို့မဟုတ်(င)ရှိရမည်။ ယာဉ်မောင်းအတွေ့အကြုံရှိပြီးယာဉ်မောင်းကျွမ်းကျင်သူဖြစ်ရမည်

(2) ရောင်း/မောင်းဝန်ထမ်း ကျား(၂၀) ဦး
တက္ကသိုလ်မှဘွဲ့တစ်ခုခုရရှိပြီး၊ အသက်(၃၂)နှစ်အောက် ဖြစ်ရမည်။ ယာဉ်မောင်းလိုင်စင်(ခ)သို့မဟုတ်(ဃ)ရှိရမည်။ ယာဉ်မောင်းကျွမ်းကျင်သူဖြစ်ရမည်။ Selling Skill နှင့် Market Distribution အတွေ့အကြုံ ရှိသူဦးစားပေးမည်။

(3) Sales Promoter ကျား(၂၀) ဦး
တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီး အသက်(၂၅)နှစ်အောက်ဖြစ်ရမည်။

(4) Sales Supervisor ကျား(၅) ဦး
တက္ကသိုလ်မှဘွဲ့တစ်ခုခုရရှိပြီး၊ အသက်(၃၅)နှစ်အောက်ဖြစ်ရမည်။ Distribution & Marketing အတွေ့အကြုံအနည်းဆုံး(၃)နှစ်ရှိပြီး၊ Leadership Skill နှင့် စီမံခန့်ခွဲနိုင်သည့် အရည်အချင်းရှိရမည်။

(5) Sales Executive ကျား(၃) ဦး
တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီး၊ အသက်(၃၅)နှစ်အောက်၊ Distribution & Marketing အတွေ့အကြုံအနည်းဆုံး(၅)နှစ်ရှိပြီး၊Leadership Skill နှင့် စီမံခန့်ခွဲနိုင်သည့်အရည်အချင်းရှိရမည်။ဈေးကွက်လေ့လာသုံးသပ်နိုင်သည့် အရည်အချင်းရှိရမည်။

(6) Store Keeper(Assistant) မ(၂) ဦး
တက္ကသိုလ်ဘွဲ့တစ်ခုခုရရှိပြီး အသက်(၃၅)နှစ်အောက်ဖြစ်ရမည်။ အတွေ့အကြုံရှိသူ ဦးစားပေးမည်။ (လှိုင်သာယာစက်မှုဇုန်တွင် တာဝန်ထမ်းဆောင်ရန်အတွက်ဖြစ်သည်။)

အမှတ်စဉ်အားလုံးအတွက်သွက်လက်တက်ကြွ၍ အကျင့်စာရိတ္တအထူးကောင်းမွန်ရမည်။အမှတ်စဉ်(၁ မှ ၅အထိ) သည်နယ်ခရီးသွားနိုင်ရမည်။(အကျိုးခံစားခွင့် ကောင်းမည်။)

အထက်ပါရာထူး စိတ်ဝင်စားသူများသည် ကိုယ်ရေးရာဇဝင်၊ အလုပ်သမားမှတ်ပုံတင်၊ ပညာအရည်အချင်းထောက်ခံစာ၊ နိုင်ငံသားစိစစ်ရေးအမှတ်၊ (၆)လအတွင်းဓာတ်ပုံ(၃)ပုံ၊သန်းခေါင်စာရင်း၊ ရဲစခန်းထောက်ခံစာမိတ္တူများနှင့်တကွ အောက်ပါလိပ်စာသို့ နှစ်ပတ်အတွင်း လာရောက် လျှောက်ထားနိုင်ပါသည်။

အမှတ်-၅၂၀၊ အခန်း-၇၀၁၊ ၇လွှာ၊ Excel Treasure Tower
ကမ္ဘာအေးဘုရားလမ်း၊ ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ရန်အောင်(၁)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၇/ရန်အောင်မြောက်၊ မြေကွက်/ဦးပိုင်အမှတ် ၁၁၆ᵍʰ၊ ဧရိယာ ၀ ဒသမ ၀၆၅ ဧကရှိ ဒေါ်စမ်းမြင့် အမည်ဖြင့် ပိုင်ဆိုင်သော ဘိုးဘပိုင်မြေကွက်အား အမည် ဒေါ်အေးကြည် ၉/မမန(နိုင်)၁၀၀၄၂၂၇၊ (ဘ)ဦးအိုက်ကွက်မှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး ဘိုးဘပိုင်မြေကွက် အမည်ပြောင်း လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် စာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာ

နေရာကောင်းပြီး ဈေးနှုန်းသင့်တော်သော (ကွန်ဒို/မြေ)အမြန်ရောင်းမည်။

(၁) ရွှေဂုံတိုင်လမ်း၊ ကမ္ဘာအေးဘက်အပေါ်ဆုံးထပ်၊ 1250 Sq.ft + လသာဆောင် 1000 Sq.ft စုစုပေါင်း 2250 Sq.ft ရှိ ကွန်ဒိုတိုက်ခန်း။

(၂) Royal Pearl Estate အတွင်းရှိ 0.24 ဧကပေါ် (၂)ထပ်လုံးချင်း အိမ်နှင့်မြေ။

(၃) ကမ္ဘာအေးဘုရားလမ်းမ (နေရာအလွန်ကောင်း) စတန်းမြို့နယ်ရှိ 81'× 155' ရှိ ထိုးထွားပိုင်မြေကွက်။

ဆက်သွယ်ရန်ဖုန်း----၀၉-၃၃၁၅၂၁၀၃၊ ၀၉-၅၁၀၄၃၃၃

ဆရာ ညွန့်ဝေမိုး B.A.(Hons.) English

A Variety of

ENGLISH VOCABULARY for Students

LEVEL - I

စာသင်သားများအတွက်

အင်္ဂလိပ်စာ ဝေါဟာရ ပဒေသာ

အလယ်တန်းအောက်ဆင့် (Grade 6, Grade 7) နှင့် အလယ်တန်းအထက်ဆင့် (Grade 8, Grade 9) စာသင်သားများ အင်္ဂလိပ် ဝေါဟာရတိုးပွားစေရန်၊ ပြင်ပအင်္ဂလိပ်စာ ဗဟုသုတ သင်ခန်းစာများအဖြစ် လေ့လာသင်ကြားရန် သင့်တော်ပါသည်။

ထွက်ပြီ

ရှုဝံစာအုပ်တိုက်

အမှတ် - ၂၁၂၊ ၃၁ လမ်း၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၃၈၅၅၉၇၊ ၀၉-၇၃၂၀၃၀၃၂

ရွှေမှုန်းမြိုင်

အမှတ်တံဆိပ်

အကြောပြေ မျက်စိကြည်ဆေး

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂ဃ/၃၀၆၂ Toyota Landcruiser, S/W (4x4) ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်မျိုးနွယ် ၃/ဘအန(နိုင်)၀၀၉၄၄၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)

ကန့်ကွက်နိုင်ပါကြောင်း

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၆F^၁၀၊ မြေကွက်အမှတ် V ၈၅၊ မြေကွက်တည်နေရာအမှတ် ၁၉၊ သာစုလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ဒေါ်တင်ကြည် ၁၂/ဗဟန(နိုင်)၀၁၅၁၀၁၊ ဒေါ်သန်းမြင့် ၁၂/ကမတ(နိုင်)၀၀၄၁၈၀၊ ဒေါ်သန်းသန်းငွေ ၁၂/ကမတ(နိုင်)၀၀၅၃၂၅၊ ဒေါ်မြင့်မြင့်ရီ ၁၂/ကမတ(နိုင်)၀၀၅၄၀၃၊ ဒေါ်သိန်းသိန်းအေး ၁၂/ကမတ(နိုင်)၀၀၅၃၂၂ အမည်ပေါက်မြေအား အမည်ပေါက်တစ်ဦး ဒေါ်သန်းမြင့် ကွယ်လွန်သဖြင့် ဦးလှဝင်း ၁၂/ကမတ(နိုင်)၀၀၄၁၇၆က ခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ကျန်အမည်ပေါက် ဒေါ်တင်ကြည် ၁၂/ဗဟန(နိုင်)၀၁၅၁၀၁၊ ဒေါ်သန်းသန်းငွေ ၁၂/ကမတ(နိုင်)၀၀၅၃၂၅၊ ဒေါ်မြင့်မြင့်ရီ ၁၂/ကမတ(နိုင်)၀၀၅၄၀၃၊ ဒေါ်သိန်းသိန်းအေး ၁၂/ကမတ(နိုင်)၀၀၅၃၂၂တို့နှင့်အတူ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ဒေါ်လှလှကြူ ၁၂/လမတ(နိုင်)၀၂၅၄၂၅နှင့် အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ပန်းပင်ကြီးလမ်း၊ အမှတ်(၁၆/ဘီ)တွင် နေထိုင်သော ဦးတင်အောင်ချို(ခ)ဦးဘောင်စီ ၁၂/ကမတ(နိုင်)၀၄၇၄၂၇မှ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်တော် ဦးတင်အောင်ချို(ခ)ဦးဘောင်စီနှင့် ဒေါ်လှလှကြူ ၁၂/လမတ(နိုင်)၀၂၅၄၂၅တို့သည် ၂၀၀၆ ခုနှစ်ကတည်းက မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခဲ့ကြပြီးဖြစ်ပါသည်။ ကျွန်တော်ဦးတင်အောင်ချို(ခ)ဦးဘောင်စီနှင့် ဒေါ်လှလှကြူတို့သည် ကွာရှင်းပြတ်စဲပြီးနောက်ပိုင်း တစ်ဦးနှင့်တစ်ဦး မည်သည့်အကြောင်းကိစ္စတစ်စုံတစ်ရာမျှ ပတ်သက်ဆက်နွှယ်ခဲ့ခြင်းမရှိခဲ့ပါ။ သို့ဖြစ်ပါ၍ ကျွန်တော်ဦးတင်အောင်ချို(ခ)ဦးဘောင်စီ၏ ဂုဏ်သိက္ခာကျဆင်းစေမည့် အပြုအမူအပြောအဆိုများ ပြုမူဆောင်ရွက်ခြင်း၊ ပြောဆိုခြင်းများ မပြုလုပ်ရန်နှင့် အကယ်၍ ပြုလုပ်ခဲ့ပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို အသိပေးကြေညာအပ်ပါသည်။

ဦးတင်အောင်ချို(ခ)ဦးဘောင်စီ ၁၂/ကမတ(နိုင်)၀၄၇၄၂၇

ကန့်ကွက်နိုင်ကြောင်းအများသိရှိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ သုမနလမ်း၊ အမှတ် ၁၁၅၃/ခ ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်၂/တောင်၊ မြေကွက်အမှတ် ၁၁၅၃/ခ၊ မြေဧရိယာ ပေ၂၀ × ပေ၆၀ အကျယ်အဝန်းရှိ နှစ်၆၀ဂရန်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ဆုရာမာယာ ကွယ်လွန်သွားသဖြင့် အမွေဆက်ခံပိုင်ဆိုင်သူများထံမှ ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် ပြုလုပ်သည့် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၃၉၀၈/၂၀၁၂ ရယူပြီး လက်ဝယ်ရရှိပိုင်ဆိုင်ထားသူ ဦးစိုးမင်းလတ်မှ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါမြေကွက်နှင့် အဆောက်အအုံအား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်စာရွက်စာတမ်း အထောက်အထားခိုင်လုံစွာယူဆောင်ပြီး လာရောက်တွေ့ဆုံနိုင်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ခြင်းမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် အသိပေးအကြောင်းကြားအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အေးအေးရီ(LL.B)	**ဒေါ်လှလှခိုင်(LL.B)**
တရားရုံးချုပ်ရှေ့နေ(၄၃၇၃)	**တရားရုံးချုပ်ရှေ့နေ(၅၄၁၀)**

အမှတ် ၉/၁၁၊ အခန်းအမှတ် ၂၀၁(A) ဒုတိယထပ်၊ ၃၆ လမ်း(အောက်ဆုံး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ခရမ်းမြို့နယ်အသင်း(ရန်ကုန်) အစည်းအဝေးဖိတ်ကြားခြင်း

ခရမ်းမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးနှင့် အမှုဆောင်ရွေးချယ်တင်မြှောက်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်၍ အသင်းသား အသင်းသူများ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။(ခရမ်းမြို့မှအသင်းဝင်များ အစည်းအဝေးတက်ရောက်နိုင်ရေးအတွက် ကားစီစဉ်ထားပါသည်။)

ကျင်းပမည့်နေရာ	-	ခရမ်းမြို့နယ်အသင်း(ရန်ကုန်) အမှတ် ၁၄၊ ရန်ကြီးအောင်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်
ကျင်းပမည့်နေ့ရက်	-	၂၄-၃-၂၀၁၃ ရက်
ကျင်းပမည့်အချိန်	-	နံနက် ၈း၀၀ နာရီ

အမှုဆောင်အဖွဲ့
ခရမ်းမြို့နယ်အသင်း(ရန်ကုန်)

ကွန်ကရစ်လမ်းလှူဒါန်းနိုင်

ဘဝခရီး သံသရာခရီး ဖြောင့်ဖြူး သာယာမှုရှိစေရန် လမ်းလှူဒါန်းပါ။

မင်္ဂလာအေးကျောင်းတိုက်၌ စာချ စာသင် သံဃာတော်များ တရားအားထုတ်သူယောဂီများ ဥပုသ်သီလဆောင်တည်သူများ ရေမစိုနွံမပေ သန့်ရှင်းကောင်းမွန်စွာ သီတင်းသုံး နေထိုင်နိုင်ရန် (၁၇-၈-၁၂) မှ (၂၀-၈-၁၂)ထိ ရေနစ်မြုပ်ပျက်စီးခဲ့သောလမ်းကို ကွန်ကရစ်လမ်း ပြုလုပ်လှူဒါန်းပါမည်။ တစ်ပေပတ်လည်လျှင် တစ်ထောင်ကျပ်နှုန်းဖြင့် အနံ(၁၂)ပေ အလျားပေ(၈၀၀)အတွက် (၉၆)သိန်းခန့် ကုန်ကျမည်ဖြစ်ပါသည်။

အောက်ပါလိပ်စာအတိုင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

၁။ တိုက်ကြပ်ဆရာတော် ဦးစန္ဒိမာ၊ မင်္ဂလာအေးကျောင်းတိုက်၊ တပင်ရွှေထီးလမ်း၊ ၃၈-ရပ်ကွက်၊ မြောက်ဒဂုံ။ ဖုန်း = ၀၁-၈၀၁၀၈၀၂

၂။ ဦးမြတ်လင်းနိုင် သုဝဏ္ဏ။ ဖုန်း = ၀၁-၅၆၃၅၄၄၊ ၀၉-၇၃-၂၅၄၀၆၁၊

၃။ ဦးမင်းစိုးစံ အမှတ်(၈)၊ ဗဟန်း(၁)လမ်း။ ဖုန်း = ၀၁-၃၈၀၈၉၄၊

ငှားမည်

၁။ ၁၀မိုင် ပြည်လမ်းမကြီးအနီး လေဆိပ်လမ်း၊ ဂုတ်ခြံ ၁၂၀'×၁၃၀' ဂိုဒေါင် ရေ+မီး+ပါဝါမီတာ+နေရာကောင်း **၁လ (၃၀)သိန်း**

၂။ လေဆိပ်လမ်းသွယ် (၁) ၁၀၀'×၂၀၀' ရေ၊ မီး၊ ပါဝါမီတာ မြေသီးသန့်လုပ်ငန်းမျိုးစုံရ **၁လ (၂၅)သိန်း**

၃။ ၁၀မိုင် ပြည်လမ်းအနီး ၅၀'×၅၀' RC သုံးထပ် (ဗျူးကောင်း)၊ နိုင်ငံခြားသားနေရန်၊ ရုံးခန်းဖွင့်ရန် နေရာကောင်း **၁လ (၁၅)သိန်း**

၄။ ၁၀မိုင် ပြည်လမ်းအနီး မြဝတီမင်းကြီးလမ်း ခြံ ၅၀'×၁၀၀' အိမ် ၃၀'×၃၅'RC နှစ်ထပ် 3MBR, 3W.H, 4.A/C တိုက်သစ်၊ ကား ငါးစီးဆံ့ **၁လ (၁၅)သိန်း**

၅။ ၁၀မိုင် ပြည်လမ်းအနီး ခြံ ၇၂'×၁၂၅' အိမ် ၃၀'×၅၀' RC (2$\frac{1}{2}$) ရေ၊ မီး၊ ပါဝါမီတာ၊ ဖုန်း ကားလမ်းကျယ်၊ ကား ရှစ်စီးဆံ့ **၁လ (၂၀)သိန်း**

၆။ လေဆိပ်ရိပ်သာလမ်း ခြံ ၂၀၀'×၁၀၀'အိမ် ၃၀'×၄၀' , 2MBR, 2.W.H, 5/AC, 2ph, Fully Furnished. **၁လ (၂၀)သိန်း**

၇။ လေဆိပ်ရိပ်သာလမ်း ခြံ ၈၀'×၁၀၀' အိမ် 1RC, 2MBR, 2.W.H, 5/AC, 1 ph, Fully Furnished. **၁လ (၁၂)သိန်း**

၈။ ၁၀မိုင် ခြံ ၁၂၀'× ၁၂၀' အိမ် ၇၀'×၆၅' RC (2), 4MBR, 4.W.H, 7/AC,1ph, Generator Fully Furnished. **၁လ (၅၀)သိန်း**

၉။ ၉မိုင် ခြံ ၁၀၀'× ၁၀၀' အိမ် ၄၀'×၆၀' , RC (3), 6MBR, 6.W.H, 10/AC,Fully Furnished. **၁လ (US $ 12000)**

၁၀။ ၉မိုင် ခြံ ၄၅'×၉၀' အိမ် ၄၀'×၄၀', RC (1), 3MBR, 3/AC, တိုက်သစ် **၁လ (၁၈)သိန်း**

(ဦးခင်မောင်)၏သားကိုမင်းအောင်(ဆယ်မိုင်) အိမ်ခြံမြေအကျိုးဆောင်
B.A (Geography) Certificate in Bussiness Law.
မဏ္ဍိုင် ဥပဒေအကယ်ဒမီလက်မှတ်ရ မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်းအဖွဲ့ဝင်၊
အမှတ် ၄၅၊ ၅၅ D၊ လေဆိပ်လမ်းသွယ် (၁)၊ ၁၀မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၄၂၁၀၁၄၃၆၃၊ ၀၁-၆၅၅၈၉၈၊ ၆၅၅၈၀၉

အိမ်ရောင်းမည်

လှိုင်မြို့နယ်၊ မြေပိုင်ပေ (၅၀×၇၀)ခန့်ပေါ်တွင် တစ်ထပ်ခွဲ၊ အုတ်ညှပ်အိမ် ရေ၊ မီး အစုံ၊ ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။(ပွဲစားမလို)

စုံစမ်းရန်ဖုန်း-၆၂၉၀၇၅၊ ၆၂၉၃၈၃

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅၊ မြေကွက်အမှတ် ၅၆/၃၇၊ မြေကွက်တည်နေရာအမှတ် ၇၊ သုခရိပ်သာ၊ ၅၆လမ်း၊ (၇)ရပ်ကွက်၊ လှိုင်မြို့နယ် ဦးအောင်မင်း၊ ဒေါ်နီနီထွေး အမည်ပေါက် ဘီမြေပိုင်မြေ(လ/န ၃၉ရပြီး) မြေအား အမည်ပေါက်များကိုယ်စား ဒေါ်တင်တင်အေးမှ အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ် ၆/၄၅ (၃-၁၂-၂၀၁၀)နှင့် ဦးအောင်မင်း၊ ဒေါ်နီနီထွေးတို့သည် ကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းခြင်းမရှိသေးကြောင်း၊ သက်ရှိထင်ရှားရှိကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ဦးဘညိန်သား-စတုမဓု အစာအာဟာရဆေး

ကျေးမှာ

ရဟန်းခံ၊ ရှင်ပြု၊ လှူဒါန်းပွဲ အမြဲသုံးကာပါ။

1010YR003261



ကြော်ငြာ

ဖိနမာရ်အောင်စေတီတော်မြတ်ကြီး၏ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်လှည့်လည်အပူဇော်ခံခြင်း၊ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ရင်ငွေ့တော်ခိုလှုံခြင်းနှင့် ထီးတော်တင်မင်္ဂလာအခမ်းအနား

ဖိတ်ကြားလွှာ

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်ရှိ ဉာဏ်တော် ၁၃၅ ပေအမြင့်ဆောင် ဖိနမာရ်အောင်စေတီတော်မြတ်ကြီးတွင် အသစ်မွမ်းမံပြုပြင်တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ကြီးတို့သည် ၁၃-၃-၂၀၁၃ရက်မှ ၁၈-၃-၂၀၁၃ရက်အထိ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ရင်ငွေ့တော်ခိုလှုံ အပူဇော်ခံလျက်ရှိပါသည်။ ထီးတော်တင်မင်္ဂလာ အခမ်းအနားကိုလည်း ၂၆-၃-၂၀၁၃ရက် (၁၃၇၄ခုနှစ် တပေါင်းလပြည့်နေ့) အင်္ဂါနေ့တွင် စည်ကားသိုက်မြိုက်စွာကျင်းပမည် ဖြစ်ပါသဖြင့် ရဟန်းရှင်လူ ဘုရားဒါယကာ ဒါယိကာမအပေါင်းတို့အား ကုသိုလ်တော်များ ပါဝင်ရယူတော်မူနိုင်ပါစေရန် ဖိတ်ကြားအပ်ပါသည်။

တတိယအကြိမ်ရွှေသင်္ကန်းကပ်လှူရေးနှင့် ဘက်စုံပြုပြင်တည်ဆောက်ရေးဦးစီးကော်မတီ

မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ ရခိုင်ကျောင်းလမ်း၊ ပင်လုံရတနာပအိုဝ်းကျောင်း ဘဒ္ဒန္တဝိသုဒ္ဓ(ဆရာတော်)၏ ဝိဇာတမွေးနေ့မင်္ဂလာကို ၁၃၇၄ခုနှစ် ၂၂ရက်ည၊ ၂၃ရက်နေ့ မတ်လ ၂၀၁၃ (စနေနေ့)တွင် ကျင်းပမည်ဖြစ်ကြောင်း ရပ်နီးရပ်ဝေးမှ တပည့် ဒါယကာ ဒါယိကာမများအား အသိပေးဖိတ်ကြားအပ်ပါသည်။

ဖိတ်စာအဖြစ် မှတ်ယူကြပါရန်။

အထက(၄)အင်းစိန် ပဉ္စမအကြိမ်မြောက် အာစရိယပူဇော်ပွဲအခမ်းအနား

သူငယ်ချင်းတို့ရေ...

အထက(၄)အင်းစိန်တွင် ၁၉၆၆ခုနှစ်မှ ၂၀၁၃ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သော အငြိမ်းစားဆရာ ဆရာမကြီးများအား ပဉ္စမအကြိမ်မြောက် အာစရိယပူဇော်ပွဲကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကျောင်းသား ကျောင်းသူဟောင်းများအားလုံး တက်ရောက်ဂါရဝပြုနိုင်ပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။ သီးခြားဖိတ်စာပို့ခြင်းမရှိပါ၍ ကျောင်းသား ကျောင်းသူဟောင်းများအားလုံး မပျက်မကွက်ဆက်ဆက်တက်ရောက်ပါရန် နှိုးဆော်အပ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၂၄-၃-၂၀၁၃ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - နံနက် ၉နာရီ
ကျင်းပမည့်နေရာ - အထက(၄)အင်းစိန်

အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ

ပုပ္ပားဆရာတော်၏မွေးနေ့ စတုဒိသာအလှူ

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်၊ ပုပ္ပားကျောင်း၊ (မဟာသဒ္ဓမ္မဇောတိကဓဇ) ဘဒ္ဒန္တပဏ္ဍိစ္စ သက်တော်(၇၇)နှစ်ပြည့် မွေးနေ့တွင် မွေးရပ်ဇာတိ၊ နေပြည်တော်တပ်ကုန်းမြို့နယ်၊ သစ်ဆိမ့်ပင်ကျေးရွာ၌ ၁၃၇၄ခုနှစ် တပေါင်းလပြည့်ကျော် ၁ရက် မတ် ၂၇ရက် မွန်းလွဲ ၁နာရီတွင် ကြာဆံကြော်ဖြင့် စတုဒိသာ ကျွေးမွေး၍ ကျပ်သိန်း ၅၀ကျော်တန်ဖိုးရှိ ပစ္စည်းများကို (သလာကဘတ္တ၊ စာရေးတံမဲ) ကံစမ်းမဲများ ဇလာမပါလှူဒါန်းမည်။ စိတ်ဝင်စား၍ ပါဝင်ကုသိုလ်ပြုလိုပါက **ဖုန်း-၀၁-၆၀၀၀၂၈၊ ၀၉-၄၂၅၀၂၅၈၆၈၊ ၀၉-၄၂၁၀၇၄၂၄၄** တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

သင်္ကြန်တွင်း ခုနစ်ရက် တရားစခန်းဖွင့်မည်

ရာဂစသော ကိလေသာအပူမီးကြောင့် စိတ်ဖိစီးမှုကို ဖော့ကန်ဝါဥုးပရိယတ္တိစာသင်တိုက်၊ ဖော့ကန်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ သင်္ကြန်အတွင်း ခုနစ်ရက် တရားစခန်းသို့ ဝင်ရောက်တရားအားထုတ်ခြင်းဖြင့် ဖြေဖျောက်ပါ-ဘဝလွတ်မြောက်ရေး၊ သံသရာလွတ်မြောက်ရေး ထာဝရဘဝငြိမ်းချမ်းရေးကို ရယူပါ။

၁၁-၄-၂၀၁၃ရက် ကြာသပတေးနေ့ ညနေ၆နာရီ စခန်းဝင်၍ ၁၂-၄-၂၀၁၃ ရက်မှ ၁၈-၄-၂၀၁၃ရက်ထိ ခုနစ်ရက် လာရောက်အားထုတ်ပါရန်ဖိတ်ကြား အပ်ပါသည်။

ဖုန်း-၀၁-၆၄၅၆၉၆၊ ၀၉-၄၂၀၀၂၉၁၅၁တို့သို့ဆက်သွယ်ပါ။

လမ်းညွှန်-ရွှေပြည်သာရောက်ဘတ်စ်ကားစီးပါ။ ဖော့ကန်မှတ်တိုင်ဆင်းပါ။

ဂေါပကအဖွဲ့
ဖော့ကန်ဝါဥုးပရိယတ္တိစာသင်တိုက်

ကွာရှင်းပြတ်စဲပြီးကြောင်းကြေညာချက်

ကျွန်မဒေါ်ငွေငွေရီ ၁၂/ညတန(နိုင်)၁၆၆၃၈၇နှင့် ဦးတင်မောင်အေး ၁၂/လသယ(နိုင်)၀၂၇၇၇၉တို့သည် ၉-၃-၂၀၁၃ရက်တွင် လှိုင်သာယာမြို့နယ်၊ အတွင်းပဒံရပ်ကွက်၊ ရပ်မိရပ်ဖများရှေ့တွင် တရားဝင်အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ငွေငွေရီ

သားအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်မ၏သားဖြစ်သူ မောင်ဇေယျာထွန်း (SKI-004709)သည် မိဘ၏ဆိုဆုံးမမှုကိုမနာခံဘဲ ၎င်း၏သဘောအတိုင်းပြုမူလုပ်ဆောင်သွားပါသဖြင့် သားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် မောင်ဇေယျာထွန်းနှင့် ပတ်သက်သောကိစ္စများအား လုံးဝတာဝန်မယူပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)။

ဒေါ်ငွေကြည် ၁၂/ဆကခ(နိုင်)၀၀၂၁၀၀

ဒေါ်ကြည်ညွန့် (မြိတ်)
(မိုးကုတ်ယောဂီ)
အသက်(၈၃)နှစ်

ရန်ကုန်မြို့နေ (ဦးချမ်းလှိုင်-ဒေါ်သန်းဆွေ)၊ မြိတ်မြို့နေ (ဦးထွန်းမောင်)-ဒေါ်ကြည်၊ (ဦးယုတင်-ဒေါ်ရှုကျင်)၊(ဦးထွန်းမင်း)-ဒေါ်မြသန်းတို့၏ညီမ၊ (ဦးကျင်ဝမ်)၏ဇနီးသည် ၁၃-၃-၂၀၁၃ ရက်(ဗုဒ္ဓဟူးနေ့) ည ၉နာရီတွင် ရန်ကုန်မြို့၊ ရွှေဂုံတိုင်အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၃-၂၀၁၃ရက် (သောကြာနေ့)မွန်းလွဲ၂နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူအစ်မများ

ဦးမင်းအောင်
အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၄)ရပ်ကွက်၊ လှည်းတန်းလမ်း၊ အမှတ် ၇၁ နှင့် မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ မစိုးရိမ်ကျောင်းလမ်း၊ လမ်းသွယ်(၃)၊ အမှတ် ၉/ဆနေ ဒေါ်စန်းကြည်၏ခင်ပွန်း၊ (ဦးအောင်ထွဋ်၊ လ/ထညွှန်မှူး၊ ဆည်မြောင်းဦးစီးဌာန)-ဒေါက်တာဒေါ်သင်းသင်းဆွေ၊ Capt. ဦးထင်အောင်-ဒေါ်မိုးမိုးသွယ်၊ ဒေါက်တာဦးသန့်ဇင်-ဒေါ်ကေသီ၊ ဦးရဲအောင်တို့၏ဖခင်၊ မြေး လေးယောက်တို့၏အဘိုးသည် ၁၄-၃-၂၀၁၃ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့တွင်ပင် ခန္ဓာဗေဒဌာန ဆေးတက္ကသိုလ်(၁)ရန်ကုန်သို့ လှူဒါန်းပြီးစီးပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၀-၃-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၆နာရီတွင် ၉/ဆ လမ်းသွယ်(၃)၊ မစိုးရိမ်ကျောင်းလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်ကြည်ညွန့် (မြိတ်)
(မိုးကုတ်ယောဂီ)
အသက်(၈၃)နှစ်

မြိတ်မြို့၊ ထားဝယ်စုရပ်၊ ဗဟိုလမ်း၊ အမှတ် ၄၆နှင့် ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေးရပ်ကွက်၊ မြန်မာ့ဂုဏ်ရည်လမ်း၊အမှတ်၈၇(သုံးလွှာ)နေ (ဦးသော်ဇင်-ဒေါ်တင်) တို့၏သမီး၊ (ဦးထွန်းရွှေ ဒေါ်ကျင်ဖွား)တို့၏သမီးချွေးမ၊ (ဦးကျင်ဝမ်)၏ဇနီး၊ ကိုဝင်းနိုင်-ဒေါက်တာသဉ္ဇာမြတ်ခိုင်၊ ကိုအောင်မင်းမြတ်-မကြင်ကြင်ခိုင်၊ မဟေမာမြတ်ခိုင်၊ မရတနာသူ၊ ဒေါက်တာလင်းအာကာ၊ မောင်လင်းသူရ-မယမင်းဦး၊ မောင်ပြည့်စုံသူ၊ မောင်အုပ်စိုးမြတ်-မချစ်စုဝေ၊ မောင်ဝေယံမြတ်နိုင်၊ မောင်ဖြိုးခန့်ညီညီ၊ မောင်ရဲရင့်ညီညီတို့၏ အဘွား၊ မောင်ထူးဝီရနိုင်၊ မတွယ်တာအောင်၊ မဖူးအဥ္ဇလီနိုင်တို့၏ ဘွားဘွားကြီးသည် ၁၃-၃-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့) ည ၉နာရီတွင် ရန်ကုန်မြို့ ရွှေဂုံတိုင်အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၅-၃-၂၀၁၃ရက် (သောကြာနေ့) မွန်းလွဲ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၉-၃- ၂၀၁၃ရက်(အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမြေးများ

မြိတ်မြို့နယ်အသင်း (ရန်ကုန်)
ဒေါ်ကြည်ညွန့် (မြိတ်)
အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေးရပ်ကွက်၊ မြန်မာ့ဂုဏ်ရည်လမ်း၊ အမှတ် ၈၇ (သုံးလွှာ)နေ (ဦးသော်ဇင်-ဒေါ်တင်)တို့၏သမီး၊ (ဦးကျင်ဝမ်)၏ဇနီးသည် ၁၃-၃-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါ သဖြင့် ၁၅-၃-၂၀၁၃ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့

ဝမ်းနည်းကြေကွဲခြင်း
ဦးတင်မောင်ဦး (လဝက-၂၉၄၅)
ဒုတိယညွှန်ကြားရေးမှူး၊ ပဲခူးတိုင်းဒေသကြီး ဦးစီးဌာနမှူးရုံး
အသက် (၅၉)နှစ်

ဦးအောင်စိန်-မမတင်တို့၏သားသမက်၊ ဒေါ်ခင်ကျော့ကျော့လှိုင်၏ခင်ပွန်း၊ မောင်ရှိန်းခန့်ဦး၊ မရည်မွန်ဦးတို့၏ဖခင် ဦးတင်မောင်ဦးသည် ၁၃-၃-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်ကြောင်း ကြားသိရသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ နှမြောတသ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒေါက်တာဦးအောင်ဝင်း-အန်တီဒေါ်ဥဥအောင်၊ ပြည့်စုံအောင်-သူဇာလွင်
ဉာဏ်လွှမ်းထက်၊ သွန်းဖြိုးဆုလာဘ်လှိုင်၊ Royal Reward Resort ပြင်ဦးလွင်မြို့

---

(၄)နှစ်နှင့်(၆)လပြည့်အလွမ်း
မောင်နွေလကြာအိုင်လင်း
အသက် (၁၁)လ
(၁၃-၁၀-၂၀၀၇)-(၁၇-၉-၂၀၀၈)

သမီးလေး **မောင်နွေလကြာအိုင်လင်း....**

သာယာချမ်းမြေ့ပျော်ရွှင်စရာကောင်းတဲ့ မိသားစုလေးထဲကနေခွဲခွာပြီး ခရစ်တော်၌အိပ်ပျော်သွားခဲ့တာ ၁၇-၃-၂၀၁၃ ရက်ဆိုရင် (၄)နှစ်နှင့် (၆)လပြည့်ပြန်ပြီ...တစ်နေ့နေ့ တစ်ချိန်ချိန်မှာ အဘဘုရားသခင်ထံမှာ သမီးလေးနဲ့ပြန်ဆုံရမယ်လို့ ယုံကြည်ပြီး နေ့စဉ်သတိရ လွမ်းနေဆဲပါ... သမီးလေးကို အမြဲတမ်း လွမ်းဆွတ်သတိရနေသောမိသားစုမှ သမီးလေးအတွက် ရည်စူးပြီး ပြုလုပ်တဲ့ အလှူဒါနတွေကို မြင့်မြတ်သောကောင်းကင်ဘုံမှာ ကျေနပ်ပျော်ရွှင်နိုင်ပါစေလို့...။

ကိုကို-ရှုံ့မွှေလလင်း
ဖေဖေ-ဒံယေလလင်း
မေမေ-လီဇီဆပ်နိုင်ထန်း
iLove Myanmar Foundation.

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်
အကြောင်းကြားစာ
(တရားမကျင့်ထုံးကိုဓဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
သန်လျင်မြို့နယ်တရားမရုံးတော်၌
၂၀၁၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၅၉ နှင့်ဆက်သွယ်သည့်
၂၀၁၃ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၅

ဦးတင်ရွှေ (၎င်း၏အထွေထွေကိုယ်စားလှယ်စာ ရရှိသူ ဒေါ်တင်မိုးဝင့်)	နှင့်	၁။ ဦးမြင့်ဆွေ ၂။ ဦးမောင်မောင်ခင်
ဒီကရီအနိုင်ရသူ		**တရားရှုံးများ**

သန်လျင်မြို့၊ ပဲခူးစုရပ်ကွက်၊ ပဲခူးစုလမ်း၊ အမှတ် ၂၄ နေ (၁)တရားရှုံး ဦးမြင့်ဆွေနှင့် သန်လျင်မြို့၊ အောင်ချမ်းသာရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ အမှတ်၁၆နေ (၂)တရားရှုံး ဦးမောင်မောင်ခင် (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

၂၀၁၂ ခုနှစ် တရားမကြီးမှုအမှတ်-၅၉တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးတင်ရွှေ (၎င်း၏အထွေထွေ ကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်တင်မိုးဝင့်)က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၃ ခုနှစ် ဧပြီ ၁ ရက် (၁၃၇၄ ခုနှစ် တပေါင်းလပြည့်ကျော် ၆ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၃ ခုနှစ် မတ် ၁၃ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

ဝါဝါလွင်
ဒုတိယမြို့နယ်တရားသူကြီး
သန်လျင်မြို့နယ်တရားရုံး

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
ဦးစံသာ (စစ်တွေ)
တာဝန်ခံစာရင်းကိုင်(ဆလက-ငြိမ်း)
Nine Star တည်းခိုရိပ်သာ
အသက် (၇၇)နှစ်

ဒုတိယဗိုလ်မှူးကြီး စံရွှေထွန်း(ငြိမ်း) (ဌာနမှူး၊ ဈေးများဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ)-ဒေါ်နီလာစောတို့၏ဖခင် ဦးစံသာ အသက်(၇၇)နှစ်သည် ၁၂-၃-၂၀၁၃ရက် (အင်္ဂါနေ့) ညနေ ၃း၃၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

စစ်တက္ကသိုလ်အမှတ်စဉ် (၃၁)မှ သူငယ်ချင်းများ

ဝမ်းနည်းကြေကွဲခြင်း

မြန်မာနိုင်ငံ ငါး/ပုစွန်အစာထုတ်လုပ်ရောင်းဝယ်သူများအသင်းနှင့် မွေးမြူရေးအစာ စီးပွားရေးလုပ်ငန်းစု အလုပ်အမှုဆောင် ဦးမျိုးမင်းသန်း-ဒေါ်ဇာဇာလင်းတို့၏ဖခင် ဦးမင်းလွင်(ခ) ယပ်ဘွန်စွမ်း အသက် (၇၃)နှစ်သည် ၁၅-၂-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မြန်မာနိုင်ငံ ငါး/ပုစွန်အစာထုတ်လုပ်ရောင်းဝယ်သူများအသင်း
မွေးမြူရေးအစာ စီးပွားရေးလုပ်ငန်းစု
အလုပ်အမှုဆောင်အဖွဲ့

---

(၁)နှစ်ပြည့်အလွမ်း
ကိုကြည်အောင် (Director)
ရီရှင်းကုမ္ပဏီလီမိတက်

ခွဲခွာခဲ့ကြတာ (၁)နှစ်ပြည့်ပေမယ့် တစ်နေ့မှမမေ့ကြပါ...

ဂေါက်ကစားကြတိုင်း အနားမှာရှိသလိုပဲ ခံစားရပါတယ်...

မွန်မြတ်သန့်စင်တဲ့စိတ်ရင်းစေတနာတွေကြောင့် ကောင်းရာဘုံဘဝရောက်မှာ မလွဲလို့ ယုံကြည်ကြပါတယ်...

ထာဝရရောင်းရင်းများ
ဦးသောင်းညွန့်၊ ကိုသက်ထွန်း၊
ကိုလူဇော်၊ ဗိုလ်မှူးကျော်စွာထွန်း
(ရန်ကုန်ဂေါက်ရိုက်အဖွဲ့)

ဒေါ်သန်းသန်းငွေ
ကျောင်းအုပ်ဆရာမကြီး၊အထက(စဉ့်ကူးမြို့)
အသက်(၅၈)နှစ်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အိုးဘိုအကွက်(၄၀)နေ (ဦးရင်မောင်-ဒေါ်သိန်းရွှေ)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်နေ (ဦးမြမောင်-ဒေါ်သန်းကြည်)၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ (ဦးစိန်မောင်)-ဒေါ်မြသန်းတို့၏သမီးကြီး၊ ဦးစန်းချွန်ဦး (ကြီး/မှူး၊မြန်မာ့စီးပွားရေးဘဏ်၊ပုသိမ်ကြီးမြို့)၏ဇနီးသည် ၅-၁-၂၀၁၃ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကြာနီကန်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ် သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးစောထွန်း
GEWIN Maritime Limited
CDC- ၆၅၉၂၈ (EE)
GTI(EP) 1996 (အင်းစိန်)
အသက်(၄၄)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရတနာသိင်္ခလမ်း၊ အမှတ် ၁၀နေ (ဦးသောင်း)-ဒေါ်အေးမြိုင်တို့၏သား၊ သဃ်န်းကျွန်းကြီး၊ မြရတနာမြို့သစ်၊ မြတ်လေးလမ်းနေ ဦးကျင်-ဒေါ်စောကြည်တို့၏သားသမက်၊ ဦးမြင့်အောင်-ဒေါ်အေးအေးဆင့်၊ ဦးမောင်သိန်း-ဒေါ်မိုးမိုး၊ ဦးအောင်နေဝင်း၊ မမေဒေးတို့၏အစ်ကို၊ မောင်နေမျိုးထွန်း၊ မချောကလျာဦး၊ မောင်မျိုးကိုထွန်းတို့၏ဖခင်၊ ဒေါ်အေးအေးမြင့်၏ခင်ပွန်းသည် ၁၃-၃-၂၀၁၃ ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၆နာရီတွင် ကွယ်လွန်သွားပါ၍၁၅-၃-၂၀၁၃ရက် (သောကြာနေ့) ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဦးညွန့်အောင်
အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၉)ရပ်ကွက်နေ ဦးမျိုးညွန့်-ဒေါ်ခင်သိန်းတို့၏သားကြီး၊ လှည်းကူးမြို့၊ အနောက်မင်းလမ်းနေ ဦးအောင်ကျော် [ဌာနခွဲမှူး၊ ငြိမ်း၊ အမှတ်(၁)၊ စက်မှုဝန်ကြီးဌာန]-ဒေါ်မြလှိုင်တို့၏သားသမက်၊ ဦးတေဇောဘာသ(လှည်းကူး)၊ ဒေါ်လဲ့လဲ့ဦး [S.A.T အထက(၆) ဗိုလ်တထောင်]၊ ဗိုလ်မှူးအောင်ခန့်(ငြိမ်း) (လက်ထောက်စက်ရုံမှူး၊ ချည်မျှင်နှင့်အထည်စက်ရုံ၊ ဆားလင်းကြီးမြို့)-ဒေါ်သင်းသင်းမူ၊ ဒေါ်ခင်မျိုးသန့်(S.A.T အထက၊ ဖောင်ကြီး)၊ ဦးသော်သော်ထက်-ဒေါ်ဆွေဆွေလှိုင်၊ မဥမ္မာကျော်၊ (မောင်ဘုန်းကျော်)တို့၏အစ်ကို၊ မြောက်ဥက္ကလာပမြို့နယ်၊ ကျောက်ရေတွင်းရပ်ကွက်၊ ဖောင်တော်ဦးဘုရားလမ်း၊ အမှတ် ၁၈၉/ခနေဒေါ်စိုးစိုးပိုင်၏ခင်ပွန်း၊ မဝင်းသန္တာ၊ မောင်ကျော်ဇင်တို့၏ဖခင်၊ မောင်ကောင်းထူးခန့်၊ မမေမြတ်နိုးခန့်တို့၏ ဘကြီးသည် ၁၃-၃-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၈း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၉-၃-၂၀၁၃ ရက်(အင်္ဂါနေ့) နံနက်တွင် ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဆွေမျိုးများအားအကြောင်း ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ရေးမြို့နယ်အသင်း(ရန်ကုန်)
ဒေါ်ခင်မိုးငြိမ်း (ရေးမြို့)
အသက်(၆၅)နှစ်

ရေးမြို့နေ (ဦးခင်မင်း-ဒေါ်ခင်လှ) တို့၏သမီး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဖိုးစိန်လမ်း၊ အမှတ် ၅၂/၄နေ ဦးသက်ဝေ (အတွင်းရေးမှူး-၂)၏ဇနီးသည်၁၃-၃-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါ၍ ၁၅-၃-၂၀၁၃ရက် (သောကြာနေ့)ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၃၀/စီ)၊ မြေကွက်အမှတ် ၇၀၊ မြေကွက်တည်နေရာအမှတ် ၇၀၊ ရွှေနံ့သာ-ဘားလားသစ်ခွကျေးရွာရှိ ဦးအောင်သောင်း ၁၃/ကလန(နိုင်)၀၁၁၈၄၉ အမည်ပေါက်သည့်မြေအား အမည်ပေါက်ကိုယ်တိုင်မှ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ ထုတ်ပေးထားသော ဘားလားရွှေနံ့သာသစ်ခွစိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်းလုပ်ကိုင်ခွင့် အမိန့်စာကို တင်ပြ၍ နှစ် ၆၀ မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၃၀/စီ)၊ မြေကွက်အမှတ် ၆၈၊ မြေကွက်တည်နေရာအမှတ် ၆၈၊ ကုန်းတလဘောင်ကျေးရွာ၊ ရွှေနံ့သာသစ်ခွရွာ(ဘားလား)ရှိ မြေကွက်အား အမည်ပေါက် ဗိုလ်မှူးချုပ်မိုးအောင် ၁၂/ဗတထ(နိုင်)၀၀၇၃၇၀ ကိုယ်တိုင်က ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ ထုတ်ပေးထားသော ဘားလားရွှေနံ့သာသစ်ခွစိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်းလုပ်ကိုင်ခွင့်အမိန့်စာကို တင်ပြ၍ နှစ် ၆၀ မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဆောင်းပါး

ဘာသာ သာသနာ(၃)

ရတနာစည် ဆရာတော် (လှိုင်လင်)

နွေရာသီ၏ အဖွင့်နိဒါန်း စာမျက်နှာ။ အေးစိမ့်သောဆောင်းနှင့် ပူပြင်းသောနွေတို့၏ နယ်နိမိတ်မျဉ်း။ မြန်မာ့နှစ်သစ်ကို လက်ပြနှုတ်ဆက်ရင်း ကျန်နေရစ်ခဲ့သော အချိန်အကန့်။ မြန်မာပြက္ခဒိန်၏ အဆုံးစွန်လတစ်လ၊ ယင်းသည် တပေါင်းသာခေါင် လများနောင်ပင် ဖြစ်တော့၏။

ဤတပေါင်းလသည် မြန်မာ့သမိုင်း၌ မြန်မာတို့အပေါ် ဖိစီးနှိပ်စက်နေသည့် ဖက်ဆစ်စနစ်ကို စတင်တွန်းဖြိုတော်လှန်သော အညွှန်းတစ်ရပ်အဖြစ် ထင်ရှားသည့် လ တစ်လဖြစ်၏။ ပြည်သူအားလုံး ရပ်ဝန်းတစ်ခုတည်း၌ တစ်ညီတစ်ညွတ်တည်း ရပ်တည်ခဲ့သော စည်းလုံးညီညွတ်မှု ခြေရာနက်နက်ကြီး ထင်ကျန်၊ တင်ကျန်ရစ်အောင် စွမ်းဆောင်နိုင်ခဲ့ကြသည့် ကာလထူးတစ်ရပ်ဖြစ်ခဲ့သည်။

တပေါင်းလ၏ အညွှန်းဖြစ်သော ယင်းညီညွတ်ခြင်းမျိုးကိုသာ နောက်နှစ်တပေါင်း၊ နောက်နှစ်တပေါင်းတိုင်းမှာ တပေါင်းလနောက်ဆုံးဖြစ်သည့် ၁၂ လတိုင်း ၁၂ လတိုင်းမှာ၊ အချိန်တိုင်း အချိန်တိုင်းမှာ ပြည်သူအားလုံး ပေါင်းပေါင်းစည်းစည်း သိပ်သည်းကျစ်လျစ်စွာ ထိန်းသိမ်းစောင့်ရှောက်နိုင်ခဲ့ကြလျှင်. . .။ တစ်နိုင်ငံလုံး အုန်းအုန်းဆူညံ တစ်သံတည်းထွက်ခဲ့ကြလျှင် ယနေ့မြန်မာသည် အာရှ(၁)၊ ကမ္ဘာ့(၁)အဖြစ် ထွန်းသစ်လင်းပွင့်ကာ ထွန်းပေါက်နေမည် ဧကန်ဖြစ်တော့သည်။

သို့သော် ထိုဖက်ဆစ်တော်လှန်တပေါင်း၏ ပေါင်းစည်းသော ပြည်သူ့ညီညွတ်မှုသည် ကာလတိုလေးအတွင်း နောက်ပြန်လျှောကျခဲ့ကာ အကွဲကွဲအပြားပြား ဖြစ်ခဲ့ကြရသဖြင့် ယနေ့မြန်မာ . . . ဘယ်အဆင့်မှာ . . . ဟူ၍ ပြောဖို့ပင် မလိုတော့ပါ။

သို့သော်. . . သို့သော်. . . ယနေ့ကာလဝယ် ဒီမိုကရေစီ နိုင်ငံတော်သစ်တည်ဖြစ်ပေါ်ထွန်းလာအောင် စွမ်းဆောင်ကြိုးပမ်းနေချိန် အချိန်သစ်တစ်ကန့်ကို ဖြတ်သန်းနေရကြောင်း လွှမ်းခြုံသုံးသပ်နိုင်ပြီး ပြည်သူအားလုံးက ဟိုယခင်တပေါင်း၏ ပြည်သူ့ညီညွတ်မှုအတိုင်း အခိုင်အမာ ပြန်လည်စည်းလုံးညီညွတ်လာနိုင်ကြပါမူ. . . ပြောဝံ့ပါသည်။ ပြောရဲပါသည်။ မြန်မာနိုင်ငံသည် အချိန်တိုကာလ တစ်ရပ်အတွင်း အာရှထဲ ထဲထဲဝင်ဝင်၊ ကမ္ဘာထဲ ထင်ထင်ရှားရှား ပွင့်ထွားစွင့်ကားလာမည် ဧကန်ဖြစ်ပါ၏။ ပြည်သူ့ စည်းလုံးညီညွတ်မှုအင်အား အမှန်အရေးကြီးပါသည်။

ယင်းအပြင် သာသနာ့သမိုင်း၌ တပေါင်းလသည် မြတ်ဗုဒ္ဓကိုယ်တော်တိုင် ဇာတိကို မမေ့အပ်ကြောင်း ညွှန်းဆိုခဲ့သည့် အညွှန်းတစ်ရပ်လည်း ဖြစ်နေပြန်ပါ၏။ မြတ်ဗုဒ္ဓကိုယ်တော်တိုင် ဇာတိမြေ ကပိလဝတ်သို့ ကြွရောက်တော်မူ၍ မွေးသဖခင်ကြီးနှင့် နို့ချိုတိုက်ကျွေး မွေးမြူခဲ့သည့် မိထွေးတော်ကြီးတို့အား ပုထုဇဉ်ဘဝမှ အရိယာဘဝသို့အရောက် ချီးမြှောက်ကာ ကျေးဇူးတုံ့ပြန်ဆပ်ခဲ့သည့် ဒြပ်ပုံတစ်ရပ်ကို ထင်ရှားစွာ ဖော်ညွှန်းခဲ့ပါသည်။ ယင်းကား ဇာတိကို မမေ့အပ်ကြောင်းနှင့်ကျေးဇူးတရားကို ကောင်းစွာ သိအပ်တုံ့ပြန်ဆပ်အပ်ကြောင်း သက်သေလည်းဖြစ်၏။

မြန်မာ့အဘိဓာန်က ဇာတိကို (၁) ပဋိသန္ဓေနေခြင်း၊ (၂) မွေးဖွားရာအရပ်ဟု ဖွင့်ဆို၏။ ပါဠိအဘိဓာန်၌မူ ယင်းနှစ်မျိုးအပြင် နောက်ထပ်နှစ်မျိုးပါ ဖွင့်ဆို၏။ ဤဆောင်းပါးကား မြန်မာ့အဘိဓာန်အဖွင့်ကို ရည်ညွှန်းပါသည်။

ပဋိသန္ဓေဟူသည် ဘဝသစ်တစ်ခု၏ နိဒါန်းဖြစ်၍ ယင်းပဋိသန္ဓေမှ ဘဝတစ်ခုအဖြစ်သို့ ရောက်ရှိကြရ၏။ လူပဋိသန္ဓေ၊ လူဘဝ။ ထို့ကြောင့် လူဇာတိ၊ လူပဋိသန္ဓေ၊ လူဘဝ။ သို့ဖြင့် လူဘဝဝယ် လူလူချင်းအတူတူ၊ လူမဟုတ်သူ လူဘဝမှာမရှိ။ လူဘဝမှာရှိသော လူလူချင်း အတူတူ စိတ်ထား၊ ယင်းစိတ်ထားအရ လူကိုလူလိုမြင်ပြီး လူအပေါ် လူစိတ်ထားဖြစ်သည့် မေတ္တာတရားထားတတ်မှု၊ မေတ္တာရှေ့ထား၍ ကြံတွေးသိမြင်၊ ပြောဆိုဆက်ဆံ၊ ပြုမူဆောင်ရွက်တတ်မှု ဒါတွေသည် ရိုးစင်းသော လူဇာတိ၊ လူပဋိသန္ဓေ၊ လူဘဝဖြစ်ပါသည်။ ဒါကို မမေ့အပ်ကြောင်း သာသနာ့ သမိုင်း တပေါင်းက ညွှန်းဆိုနေပါသည်။

ဤတွင် လူဘဝရရှိလာမှုအပေါ် ရိုးစင်းစွာ သိမြင်နိုင်မှုအရ 'မိဘနှစ်ပါး'သည် မပါမဖြစ်၊ မရှိမဖြစ် မလွဲမသွေ ပါရှိလာရကြောင်း သိမြင်နိုင်သလို လူဘဝဝယ် လူတစ်လုံးသူတစ်လုံးဖြစ်လာအောင် မိဘတို့က ပဋိသန္ဓေလေးကို အလေးအနက်စောင့်ရှောက် မွေးဖွားပေးပြီး မိခင်က နို့ချိုတိုက်ကျွေးလျက် ဖခင်က နွေးထွေးသော မေတ္တာ၊ ကရုဏာ၊ မုဒိတာများ ပေးအပ်သည့် အပြင် မိဘနှစ်ဦးစာ ရှာဖွေနေရာမှ အသစ်ရရှိလာသည့် ရင်သွေးလူသားလေးအတွက်ပါ ရည်ညွှန်းပြီး သုံးဦးစာ ရှာဖွေကျွေးမွေးသုတ်သင်ပေးလာသော ကျေးဇူးတရားဟူသည့် ဓမ္မဓာတ်တစ်မျိုး ထင်ထင်ထင်းထင်း ရှင်းရှင်းကြီး ပေါ်လွင် လာရပါလေ၏။

ထို့ကြောင့် ဇာတိနှင့်စပ်လျဉ်း၍ လူဘဝ၊ လူမိဘနှင့်ကျေးဇူးတရားဟူသော တြိဂံကို မမေ့အပ်ကြောင်း သိသာမြင်သာလာရပါသည်။

ယင်းအပြင် မွေးမေ၊ မွေးဖေနှင့်အတူ မွေးမြေဟူသော မွေးဖွားရာဇာတိမြေကလည်း လူဘဝ၌ အဓိကရ၊ အထင်ကရတည်ရှိနေသဖြင့် မမေ့အပ်၊ မမေ့ကောင်းကြောင်းကို မြတ်ဗုဒ္ဓကိုယ်တိုင် ဤတပေါင်းလ၌ ဇာတိမြေ ပြန်ကြွ၍ မွေးဖေနှင့် နို့ကျွေးမေတို့၏ ကျေးဇူးကိုတုံ့ပြန် ဆပ်ပြပေးသည့်အပြင် ဇာတိမြေ သားချင်းများဖြစ်သော သာကီဝင်မျိုးတို့၏ ထိုးထွက်ခက်ထန်လွန်းသည့် သေယျမာန် (တို့သာလျှင် အမြတ်ဆုံးဟူသည့် မာနစွဲ) ကိုပါ ဖယ်ရှားပေးကာ " လူဇာတိ၊ လူဘဝ၊ လူချင်းအတူတူ" အမြင်မျိုးရရှိအောင် စွမ်းဆောင်ပေးတော်မူရင်း နောင်လာနောက်သားလူဘဝမျိုးဆက်သစ်တို့အား အသိမှန်၊ အမြင်မှန် ရစေရေး အလေးထားတော်မူခဲ့ပါသည်။

ထို့ကြောင့် မွေးမြေကို မမေ့အပ်၊ လူလူချင်းအတူတူဟူသောထားအပ်သည့် မေတ္တာစိတ်ထားကို မမေ့အပ်၊ မွေးမေနှင့်မွေးဖေကျေးဇူးတရားကို မမေ့အပ်။

ကမ္ဘာ့မြေပုံ၌ မြန်မာနိုင်ငံမြေသည် ပထဝီနယ်နိမိတ်မျဉ်းများနှင့်အတူ ထင်ရှားစွာ တည်ရှိနေရာ ဤမြန်မာနိုင်ငံမြေအတွင်း မွေးဖွားသူအားလုံးတို့သည် မြန်မာမြေ၏ သားများ၊ သမီးများပင် ဖြစ်တော့သည်ဟူသော အချက်အလက်နှင့် စပ်လျဉ်း၍ မည်သူမျှ ငြင်းလိမ့်မည်မဟုတ်ဘဲ အားလုံးက ဆန္ဒတူမည်မှာ အမှန်ပင်ဖြစ်ပါသည်။ ထို့ကြောင့် မြန်မာမြေအတွင်း မွေးဖွားလာကြသည့် ကယား၊ ကချင်၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်းဟူသော မျိုးနွယ်များနှင့်တကွ ပအိုဝ်း၊ ပလောင်၊ ပဒေါင်၊ ဓနု၊ 'ဝ' စသော မျိုးနွယ်များ အပါအဝင် ၁၃၅မျိုးသော တိုင်းရင်းသားတို့အဖို့ မြန်မာမြေကို မမေ့အပ်သလို မြန်မာနိုင်ငံသားဘဝကိုလည်း မမေ့အပ်သည့်အပြင် မိမိတို့ဇာတိမြေကို တတ်စွမ်းသမျှ ကျေးဇူးပြုသည့် အပြုသဘောအမြင် ရှိထားကြရမည်မှာ သဘာဝတရားဟူသော ဓမ္မတစ်ခုဖြစ်ပါသည်။ယင်းဓမ္မသည် မိမိကြောင့် အဓမ္မ မဖြစ်စေရပါ။

ရဟန်းများမမေ့အပ်သုံးရပ်

ဖော်ပြပြီး အချက်အလက်များကို ပိုမို၍ ပြည့်စုံခိုင်မာစေမည့် ဗုဒ္ဓ သားတော်ရဟန်းတော်များအတွက် မမေ့အပ်သုံးရပ်ကို မြတ်ဗုဒ္ဓကိုယ်တော်တိုင် ညွှန်ပြခဲ့ကြောင်း သာဓကတစ်ရပ်အဖြစ် အင်္ဂုတ္တရပါဠိ တော်စာမျက်နှာ ၂၅၅၌လာရှိသည့် ဟောကြားချက်တစ်ရပ်ကို ထုတ်နုတ်ပြဆိုပါမည်။ ယင်းမှာ-

၁။ ရဟန်းဖြစ်ရာ မြေနေရာ (သိမ်)နှင့်အချိန်ကာလ။

၂။ သမ္မုတိရဟန်းဘဝမှ ပရမတ္ထရဟန်းဘဝ စတင်ရောက်ရှိသည့် မြေနေရာနှင့်အချိန်ကာလ။

၃။ ပရမတ္ထရဟန်း အဆင့်လေးဆင့်တွင် အမြင့်ဆုံးအဆင့် ရဟန္တာ ဘဝရောက်ရှိသည့် မြေနေရာနှင့် အချိန်ကာလ။

ဤရဟန်းမမေ့အပ် သုံးရပ်သုံးချက်အနက် ပရမတ္ထရဟန်းဟုဆိုရသည့် အရိယာမဟာထေရ်ကြီးများ ဘဝကိုထား၍ ယနေ့ရဟန်းတော်များ ဖြတ်သန်းနေရသော သမ္မုတိ ရဟန်းဘဝ(သိမ်ထဲ၌ကမ္မဝါစာဖြင့် သမုတ်အပ်၊တရားဝင်သတ်မှတ်အပ်သောကြောင့် ရရှိပိုင်ဆိုင်လာရသည့် ရဟန်းဘဝ)၌ လူဇာတိရရှိလာသည့် မွေးမြေ၊မွေးမေ၊မွေးဖေတို့အား မမေ့တတ်ရန်နှင့် ကျေးဇူးသိတတ်ရန်အပြင် ရဟန်းဇာတိရရှိသည့် မွေးမြေ(သိမ်)၊မွေးဆရာတို့အား မမေ့တတ်ရန်နှင့်ကျေးဇူးသိတတ်ရန် အစဉ်အမြဲ အပ္ပမာဒတရားလက်ကိုင်ထားနေကြရပါမည်။ ရဟန်းဘဝက လူဘဝထက်ပို၍ မမေ့အပ်တစ်မျိုး ထပ်တိုးဆောင်းပိုးထားကြောင်း သတိရှိနေကြရပါမည်။

ထို့ကြောင့် မြန်မာနိုင်ငံသားတိုင်းသည် ဇာတိပဋိသန္ဓေ၊ မွေးမြေ၊ မွေးမေ၊ မွေးဖေတို့ကိုလည်းကောင်း၊ မြန်မာနိုင်ငံသား ရဟန်းတိုင်းသည် ဇာတိပဋိသန္ဓေ၊ မွေးမြေ၊ မွေးမေ၊ မွေးဖေတို့အပြင် ရဟန်းဘဝ ဇာတိပဋိသန္ဓေရရှိရာ သိမ်မြေ၊ ဆရာသမားတို့ကိုလည်းကောင်း မမေ့ကောင်းပါကြောင်း၊ မမေ့အပ်ပါကြောင်း လတပေါင်း၏ အညွှန်းအတိုင်း မဆိုင်းမတွ ဆောင်ရွက်နေအပ်ကြပါကုန်၏။ လတပေါင်း၏လောကအညွှန်းဖြစ်သော တစ်ပြည်လုံး စည်းလုံးညီညွတ်မှု၊ လွတ်လပ်ရေးအတွက် စည်းလုံးညီညွတ်မှုမျိုးဖြင့် ယနေ့အချိန်အခါမှာလည်း ဒီမိုကရေစီ နိုင်ငံတော်သစ် ပီပြင်စွာ တည်ဖြစ်လာရေးအတွက် စည်းလုံးညီညွတ်မှု၊ တစ်ပြည်လုံးလှည်းနေလှေအောင်း မြင်းဇောင်းမကျန်သန်မာ ကျစ်လျစ်သော စည်းလုံးညီညွတ်မှုမျိုးဖြင့် နိုင်ငံအတွက် စည်းလုံးညီညွတ်ကြရအောင်ပါ။

တပေါင်းလ၏ သာသနာ့အညွှန်းဖြစ်သော လူဇာတိ၊ လူပဋိသန္ဓေ၊ လူဘဝ၊ လူစိတ်ထားမျိုးဖြင့် လူသားအပေါ် လူလိုမြင်ကာ လူလူချင်းမေတ္တာထား၍ လူသားကောင်းကျိုး လိုလားကြရအောင်ပါ။

တစ်ဖန် ဇာတိမြေ၊ မွေးမြေ၊ မွေးမေ၊ မွေးဖေတို့၏ကျေးဇူးတရား၊ ရဟန်းဇာတိမြေသိမ်နှင့် ဆရာသမားတို့၏ ကျေးဇူးတရားတို့ကို တတ်အားသမျှ တုံ့ပြန်ဆပ်ရင်း လူဖြစ်ကျိုးနပ်၊ ရဟန်းဖြစ်ကျိုးနပ်၊ နူးနပ်ကြရအောင်ပါဟူ၍ တပေါင်း အညွှန်းအတိုင်း မဆုတ်ဆိုင်း ပြိုင်းရရိုင်းဆော်ဩ ဆောင်ရွက်အပ်ကြပါကုန်သတည်း။

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ဦးဆောင်မှု၊ မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း၏ ကြီးကြပ်မှုတို့ဖြင့် အောက်ဖော်ပြပါ ဟိုတယ်ဧည့်ဝန်ဆောင်မှုသင်တန်းများအား ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းသင်တန်းဌာန(ရန်ကုန်)တွင် ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။

စဉ်	သင်တန်းအမျိုးအစား	အနည်းဆုံးပညာအရည်အချင်း
၁။	ဧည့်ကြိုလုပ်ငန်းသင်တန်း(အဆင့် ၁)	ဒုတိယနှစ်၊ ဘွဲ့ရများ
၂။	အိပ်ခန်းဆောင်ထိန်းသိမ်းရေးသင်တန်း (အဆင့်၁)	တက္ကသိုလ်ဝင်တန်း
၃။	အစားအစာနှင့်အဖျော်ယမကာဧည့်ခံကျွေးမွေးရေးသင်တန်း(အဆင့် ၁)	တက္ကသိုလ်ဝင်တန်း
၄။	အစားအစာနှင့်အဖျော်ယမကာထုတ်လုပ်ရေးသင်တန်း(အဆင့် ၁)	တက္ကသိုလ်ဝင်တန်း
၅။	အရှေ့တိုင်းအစားအစာထုတ်လုပ်ရေးသင်တန်း (အဆင့် ၁)	ဤသင်တန်းဌာနမှ အခြေခံ အဆင့်(၁)အစားအစာ ထုတ်လုပ်ရေးသင်တန်းတက်ရောက်ပြီးသူဖြစ်ရမည်။
၆။	ဟိုတယ်ဆိုင်ရာကြီးကြပ်ရေးသင်တန်းအဆင့်(၂) (စီမံ/ဘဏ္ဍာ)	စီးပွားရေးပညာဘွဲ့ရရှိပြီးသူ (သို့)ဘွဲ့တစ်ခုခုရပြီး စာရင်းကိုင်ပညာအခြေခံ ကျွမ်းကျင်သူ။
	(အခန်းဌာန)	တက္ကသိုလ်ဘွဲ့တစ်ခုခုရရှိပြီး ဤသင်တန်းဌာနမှ သက်ဆိုင်ရာဌာန၏
	(အစားအစာနှင့်အဖျော်ယမကာဌာန)	အဆင့်(၁)သင်တန်းတစ်ခု အောင်မြင်ပြီးသူ(သို့)တစ်နှစ် လုပ်ငန်းအတွေ့အကြုံရှိသူဖြစ်ရပါမည်။

သင်တန်းကာလ - ၂၉-၄-၂၀၁၃ ရက်မှ ၂၁-၆-၂၀၁၃ရက်အထိ
သင်တန်းဆိုင်ရာအချက်အလက်ဆက်သွယ်စုံစမ်းရန်

လျှောက်လွှာများကို ကန်တော်ကြီးဟိုတယ်ရှေ့ရှိ သင်တန်းဌာနတွင် ဝယ်ယူနိုင်ပြီး ဓာတ်ပုံတစ်ပုံ ပညာအရည်အချင်းမိတ္တူ၊ ကျန်းမာရေးထောက်ခံစာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံစာ ပူးတွဲတင်ရမည်။

ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းသင်တန်းဌာန
ကန်ရိပ်သာလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၃၉၄၈၃၆

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ ဒေါ်ညွန့်ညွန့်ငွေး၏သား မောင်တရုတ်(ခ)မောင်ဖြိုးမောင်မောင်ဇင် ၁၂/သကတ(နိုင်)၁၈၆၅၄၁ သည် မိဘ၏သွန်သင်ဆုံးမမှုကို နာခံခြင်းမရှိဘဲ မိသားစု မောင်နှမနှင့်ညီအစ်ကိုများ၏ ဂုဏ်သိက္ခာကျဆင်းစေသော ခွင့်မလွှတ်နိုင်သည့် ကိစ္စရပ်များကို ပြုလုပ်ခဲ့ပြီး မိမိသဘောဆန္ဒအလျောက်ပြုမူသွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စမှန်သမျှကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အသိပေးအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။) ဒေါ်ညွန့်ညွန့်ငွေး ၁၂/သကတ(နိုင်)၀၆၅၄၈၇**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
မြေတိုင်းဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြေတိုင်းဦးစီးဌာနတွင် အသုံးပြုနေသည့် Heidelberg SORDZ ပုံနှိပ်စက်အတွက် Inking Roller (Rubber) (၂၀)လုံးနှင့် Dampening Roller (Rubber)(၆)လုံး ပျက်စီးနေပါသဖြင့် ပြင်ဆင်လိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူများသည် မြေတိုင်းဦးစီးဌာန၊ ပြည်တော်အေးရိပ်သာလမ်းသွယ်၊ ကမ္ဘာအေးဘုရားလမ်း၊ရန်ကင်းမြို့နယ်တွင် တင်ဒါပုံစံများရယူနိုင်ပါသည်။

၃။ တင်ဒါပုံစံများအား ၂၀-၃-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့)၊ ၁၅း၀၀နာရီတွင် နောက်ဆုံးထား၍ လက်ခံမည်ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို ဖုန်း-၀၁-၆၆၂၉၃၀နှင့် ၀၁-၆၆၂၉၃၂ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ပစ္စည်းဝယ်ယူမှုစိစစ်ရေးနှင့်တည်ဆောက်ရေးလုပ်ငန်းစိစစ်မှုကော်မတီ
မြေတိုင်းဦးစီးဌာန

အလိုရှိသည်

၁။ ကျွမ်းကျင်စာရင်းကိုင် ၁ဦး
၂။ ကိုရီးယားစကားပြန် ၁ဦး
(လစာကောင်းကောင်းပေးပါမည်)
ဆက်သွယ်ရန် ဖုန်း-၀၉-၅၁၁၈၇၁၄
၀၉-၄၂၀၀၃၉၂၇၇

အမည်ပြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ အထက(၃)၊အဋ္ဌမတန်း(B)မှ ဦးထွန်းဝေ ၅/မရန(နိုင်)၀၈၃၁၁၄ ၏သမီး မနှင်းကျော့ကျော့ခိုင် ၅/ယမပ(နိုင်)၁၂၂၃၆၈ အား ယနေ့မှစ၍ မခင်ကျော့အောင်ဟု ပြောင်းလဲခေါ်ပါရန်။
မခင်ကျော့အောင်

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ သရက်တော်(တောင်)ရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ် ၄၂၀၊ သုံးလွှာ၊ အလျား၂၅ပေ×အနံပေ ၅၀ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို ပိုင်ဆိုင်နေထိုင် ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ကျင်လန် ၆/မအရ(နိုင်)၀၈၃၆၈၂ထံမှ ကျွန်ုပ်၏ မိတ်ဆွေက တိုက်ခန်းအပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်ဝက်နီးပါးခန့် ပေးချေပြီးဖြစ်ပါသည်။ ၎င်းတိုက်ခန်းရောင်းချခြင်းကို ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တရားဝင်ခိုင်လုံသော စာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကျော်လွန်ပါက အထက်ပါတိုက်ခန်းအရောင်းအဝယ် ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မြမြဝင်း LL.B
အထက်တန်းရှေ့နေ (စဉ်-၂၀၃၂၃)
အမှတ် (၁၀၈၀/က)၊ ဇေယျာမြိုင်လမ်း၊
(၁၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၁၀၃၇၈၂၆

မြန်မာနိုင်ငံဗိသုကာအသင်း
(Association of Myanmar Architects)
နှစ်ပတ်လည်အသင်းသားစုံညီ ညီလာခံနှင့် ညစာစားပွဲဖိတ်ကြားခြင်း

မြန်မာနိုင်ငံဗိသုကာအသင်း နှစ်ပတ်လည်အသင်းသားစုံညီ ညီလာခံနှင့် ညစာစားပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းသားတိုင်း တက်ရောက် ချီးမြှင့်ပေးပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

Date	-	30-3-2013 (Saturday)
Arrival and Registration	-	3:00 PM
Meeting	-	4:00 PM
Venue	-	Kandawgyi Palace Hotel

မှတ်ချက် -

မြန်မာနိုင်ငံဗိသုကာအသင်း အသင်းသားစုံညီ ညီလာခံတွင် အလုပ်အမှုဆောင်ကော်မတီအသစ် ရွေးချယ်တင်မြှောက်ခြင်း ပြုလုပ်မည် ဖြစ်ပါသဖြင့် RA, M.AMA, A.AMA အသင်းဝင်အဆင့်ရှိသူများသည် အလုပ်အမှုဆောင်သစ် ရွေးချယ်ရာတွင် မဲပေးရန်အတွက် တက်ရောက်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

- ၂၀၁၃ခုနှစ်အတွက် သက်တမ်းတိုးနှစ်စဉ်ကြေး မပေးသွင်းရသေးပါက ညီလာခံတွင် ပေးသွင်းနိုင်ပါသည်။
- အသင်းသားများတစ်ဦးချင်းစီအား ဖိတ်စာသီးခြားပေးပို့ခြင်းမရှိပါ။

အလုပ်အမှုဆောင်ရွေးကောက်ပွဲကော်မတီ
မြန်မာနိုင်ငံဗိသုကာအသင်း
ဖုန်း-၀၉-၇၃၁၅၄၄၆၀၊ ၀၁-၅၁၉၆၇၃-၇၆ (လိုင်းခွဲ ၁၁၉)

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်(ယခင်)ပန်းခြံလမ်း၊ (ယခု)(ဘုရင့်နောင်လမ်း)၊ အမှတ် (ခ/၆၈၉)၊ သွပ်မိုးနှစ်ထပ်အိမ်မြေ၏ အမည်ပေါက်ပိုင်ရှင်များဖြစ်ကြသော ဦးသောင်းမြင့် ၁၂/အစန(နိုင်)၁၁၃၇၈၄၊ ဇနီး ဒေါ်လှလှ ၁၂/အစန(နိုင်)၁၁၂၀၁၃တို့ထံမှ အဆိုပါအိမ်နှင့်မြေအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ပေးကတိစာချုပ်ချုပ်ဆိုထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**
ဦးဝင်းကြွယ် (ဝါးခယ်မ)၊ အထက်တန်းရှေ့နေ (စဉ်-၄၁၀၉)
အမှတ် ၂၉၊ ကြံခင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊ဖုန်း-၀၉-၈၅၃၇၀၉၂

ဇနီးအဖြစ်မှ စွန့်လွှတ်ခြင်း

ကျွန်တော်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)နေ မအေးမြသီတာထွန်း ၁၂/လကန(နိုင်)၁၈၈၃၁၄ သည် စိတ်သဘောထားချင်း မတိုက်ဆိုင်ပါသဖြင့် ၁-၁-၂၀၁၃ရက်မှစပြီး အတူတကွ ပေါင်းသင်းနေထိုင်ခြင်းမရှိပါသဖြင့် ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်သည်။ **ဦးသန်းထွေး ၁၂/လကန(နိုင်)၁၇၇၆၄၉**
ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

မြန်မာနိုင်ငံ၏ပထမဆုံး ပုဂ္ဂလိကပိုင် မြန်မာလေကြောင်း အကယ်ဒမီသင်တန်းကျောင်းအတွက် အမောင်းသင်လေယာဉ်များ ရောက်ရှိ

ရန်ကုန် မတ် ၁၆

မြန်မာနိုင်ငံတွင် ပထမဦးဆုံး ဖွင့်လှစ်သည့် ပုဂ္ဂလိကပိုင် မြန်မာလေကြောင်း အကယ်ဒမီသင်တန်းကျောင်း (Myanmar Aviation Academy) တွင် အသုံးပြုရန်မှာယူထားသည့် အမောင်းသင်လေယာဉ် သုံးစင်း မတ် ၃ ရက်က ရောက်ရှိလာပြီဖြစ်သည်။

အမောင်းသင်လေယာဉ်သုံးစင်းသည် ဩစတြေးလျနိုင်ငံထုတ် DA-40 NG အမျိုးအစားစက်တစ်လုံးတပ် လေယာဉ်များဖြစ်ပြီး ယခုအခါ အဆိုပါ အမောင်းသင် လေယာဉ်သုံးစင်းကို ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ တပ်ဆင်လျက်ရှိသည်။

အဆိုပါ မြန်မာလေကြောင်း အကယ်ဒမီသင်တန်းကျောင်း၌ သင်ထောက်ကူအဖြစ် အသုံးပြုသွားမည့် အမောင်းသင်လေယာဉ်များနှင့် ပတ်သက်၍ သင်တန်းကျောင်း ဥက္ကဋ္ဌ ဦးကြည်ဝင်းက "ကျွန်တော်တို့ ဒီလေယာဉ်တွေကို အသုံးပြုရတာကတော့ ဒီလေယာဉ်တွေဟာ ကမ္ဘာ့လေယာဉ်မောင်းသင်တန်းတွေမှာ အသုံးပြုမောင်းနှင်တဲ့အခါမှာ မတော်တဆထိခိုက်မှု အနည်းဆုံး လေယာဉ်တွေဖြစ်လို့ပါ။ ဒီအမောင်းသင် လေယာဉ်တွေဟာ ၂၀၁၂ ခုနှစ်က နိုင်ငံတကာလေကြောင်းပြပွဲမှာ ပထမဆုရရှိခဲ့တဲ့ လေယာဉ်တွေဖြစ်ပါတယ်။ သင်တန်းသား သင်တန်းသူတွေကို သင်ကြားတဲ့အခါမှာလည်း ပြည်တွင်းနဲ့ ပြည်ပကျွမ်းကျင်လေယာဉ်မှူးကြီးတွေက သင်ကြားပေးသွားမှာပါ။

"သင်တန်းသား သင်တန်းသူတွေကိုလည်း အပြည်ပြည်ဆိုင်ရာ သင်ရိုးညွှန်းတမ်းအတိုင်း နာရီ ၂၀၀အထိ သင်ကြားပေးသွားမှာပါ။ ကျွန်တော်တို့ ဒီစက်တစ်လုံးတပ်လေယာဉ်တွေအပြင် DA-42 စက်နှစ်လုံးတပ် လေယာဉ်တွေလည်း ထပ်မံဝယ်ယူသွားဖို့ အစီအစဉ် ရှိပါတယ်"ဟု ပြောသည်။

အမောင်းသင်လေယာဉ် သုံးစင်းကို တပ်ဆင်နေစဉ်။

ဝယ်ယူခဲ့

အဆိုပါ အမောင်းသင် လေယာဉ်သုံးစင်းသည် ၁၉၉၇ ခုနှစ် ထုတ်လေယာဉ်များဖြစ်ပြီး လေယာဉ်သုံးစင်းကို မြန်မာနိုင်ငံအရောက် လေယာဉ်အပိုပစ္စည်းများ အပါအဝင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၃သန်းတန်ဖိုးဖြင့် ဝယ်ယူခဲ့ခြင်းဖြစ်သည်။

လေယာဉ်မောင်းသင်တန်းကျောင်းကို ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် မကြာမီ ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းတစ်ကြိမ်လျှင် သင်တန်းသား သင်တန်းသူ ၂၄ ဦး လက်ခံသင်ကြားပေးသွားမည်ဖြစ်ကာ ငွေကြေးမပြည့်စုံသူ ထူးချွန် သင်တန်းသား သင်တန်းသူများအတွက် အခမဲ့ ပညာသင်ဆု (Scholarship) အဖြစ် ကျောင်းသား ကျောင်းသူ လေးဦးကိုလည်း ရွေးချယ်ကာ သင်ကြားပေးသွားနိုင်အောင် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(သာညာဏ်-ရန်ကင်း)

တိုင်းဒေသကြီးများနှင့်ပြည်နယ်များ၌ တရားမဝင်သစ်များဖမ်းဆီးရမိ

နေပြည်တော် မတ် ၁၆

မတ် ၃ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ် ဆင်ခေါင်းရွာမှ တစ်မိုင်ခန့်အကွာ ချင်းတွင်းမြစ်ကမ်းဘေး၌ တရားမဝင် သစ်မာခွဲသား ၅ ဒသမ ၁၀၅၈ တန်၊ အင်ခွဲသား ၁ ဒသမ ၈၄၇၄ တန်နှင့် ကနီ-မင်းကင်းကားလမ်း မိုင်တိုင် ၆/၀ ၌ တရားမဝင် နဘဲမျောလုံး ၁၅၀ (၀ ဒသမ ၉၄၉၂တန်)နှင့်အတူ ဦးစည်သူအောင်အား ဖမ်းဆီးရမိသည်။

မတ် ၄ ရက်က ရှမ်းပြည်နယ် ဟိုပုန်းမြို့ ဖာလဲရွာအရှေ့ဘက်၌ တရားမဝင်အင်ခွဲသား ၂၄၇ ချောင်း (၄ ဒသမ ၂၀၁၆တန်) တင်ဆောင်ထားသည့် ထော်လာဂျီတစ်စီးနှင့် အင်ခွဲသား အချောင်း၃၅၀(၆ ဒသမ ၁၉၃၃တန်) တင်ဆောင်ထားသည့် ကားတစ်စီး၊ တရားမဝင် အင်ခွဲသား ၄၄ ချောင်း (ဝဒသမ ၉၄၇၆ တန်) တင်ဆောင်ထားသည့် ကားတစ်စီးနှင့် ယာဉ်မောင်းဦးစိုးမင်းနိုင်၊ ယာဉ်နောက်လိုက် ဦးကျော်ရဲအောင်၊ တရားမဝင် အင်ခွဲသား ၄၆ ချောင်း (၁ ဒသမ၂၀၅၉တန်) တင်ဆောင်ထားသည့် ကားတစ်စီးနှင့် ယာဉ်မောင်း ဦးသန်းနိုင်အေး၊ ယာဉ်နောက်လိုက် ဦးသန့်ဇင်အေးနှင့်တရားမဝင် အင်ခွဲသား ၄၇ ချောင်း (၁ ဒသမ ၀၁၀၆)တန် တင်ဆောင်ထားသည့် ကားတစ်စီးနှင့်ယာဉ်မောင်းကိုအောင်၊ ယာဉ်နောက်လိုက် ကိုထူးကျော်တို့အား ဖမ်းဆီးရမိသည်။

မတ်၈ရက်တွင် နေပြည်တော် လယ်ဝေးမြို့နယ် မင်းပြင်ကြိုးဝိုင်း နေရာနှစ်ခု၌ တရားမဝင်ကျွန်းသစ် ၁၀ ဒသမ ၆၀၅တန်နှင့် မတ် ၉ ရက်က မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ယင်းမာပင်ကျေးရွာနှင့် မြစ်သာကြိုးဝိုင်းအတွင်း တရားမဝင် သစ်စက်ခြောက်လုံး၊ အင်ဂျင်-ဒိုင်နမိုတွဲမီးစက်လေးလုံး၊ ချိန်းဆောနှစ်လုံး၊ တရားမဝင်သစ်မာ/အခြားခွဲသား၊ သစ်လုံး ၉၂ ဒသမ ၇၆၈ တန်တို့ကို ဖမ်းဆီးရမိသည်။

မတ် ၁၀ ရက်က ကချင်ပြည်နယ် ဆင်ဘိုမြို့နယ်ခွဲ ဝဲကြီးကျေးရွာ မြောက်ဘက်၌ တရားမဝင် စကားဝါသစ်လုံး ၁၆ ဒသမ ၀၀၄ တန်နှင့် မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် ကျောကြိုးဝိုင်းနေရာနှစ်ခုမှ တရားမဝင် ကျွန်းသစ် ၃ ဒသမ ၂၃၆၆ တန်၊ သစ်မာ ၃၁ ဒသမ ၆၅၅၄ တန်၊ သစ်စက်တစ်လုံးနှင့် ဆက်စပ်ပစ္စည်းများကို ပိုင်ရှင်မဲ့ သိမ်းဆည်းရမိသည်။

မတ် ၁၁ ရက်က ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ် အိုင်ကြီးထောင့်ကျေးရွာနှင့် ကတတ်ချောင်းဘေး၌ တရားမဝင်အခြားသား ၁ ဒသမ ၄၀၅၂ တန်၊ အခြားသားထင်း ၀ဒသမ ၀၂၅၈ တန်၊ တရုတ်နီ သစ်စက် အင်ဂျင်တစ်လုံးနှင့် ဆက်စပ်ပစ္စည်းများနှင့် ဦးမြင့်သိန်းအား ဖမ်းဆီးရမိသည်။

မတ် ၅ ရက်က ကချင်ပြည်နယ် ဗန်းမော်မြို့နယ် တပ်ကလေးသဘော်ဆိပ်၌ တရားမဝင် ကျွန်းခွဲသား ၄၅၉ ချောင်း (၇ ဒသမ ၀၅၆ တန်)တင်ဆောင်ထားသည့် ပဲ့ထောင်စက်လှေတစ်စင်းကို ပိုင်ရှင်မဲ့သိမ်းဆည်းရမိသည်။

မတ် ၆ ရက်တွင် ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ် ကိုင်းကြီးကျေးရွာနှင့် မအူတန်းကျေးရွာကြား နေရာသုံးခုမှ တရားမဝင်ကျွန်းသစ် ၂ ဒသမ ၄၀၇၆ တန်၊ သစ်မာ ၀ ဒသမ ၉၁ တန်၊ အခြားသား ၀ ဒသမ ၈၁၁၈ တန်နှင့် သစ်စက်အင်ဂျင်တစ်လုံး၊ လွှဝိုင်းနှစ်ဝိုင်းနှင့် ဆက်စပ်ပစ္စည်းများ၊ ပဲခူးမြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင် (၃၉/၃)၌ တရားမဝင် ပိတောက်ခားရွှေတုံး ၁ ဒသမ ၁၄၄၂ တန် တင်ဆောင်လာသည့် ကားတစ်စီးနှင့် ယာဉ်မောင်း/သစ်ပိုင်ရှင် ကိုဇော်မင်းအောင်အား ဖမ်းဆီးရမိသည်။

မတ် ၇ ရက်က ရှမ်းပြည်နယ် ရပ်စောက်မြို့နယ် အင်တော-ရပ်စောက်ကားလမ်း မိုင်တိုင်(၄၃/၆)နှင့် (၄၃/၇)ကြား၌ တရားမဝင် ကျွန်းခွဲသား အချောင်း၁၁၀(ဝဒသမ ၉၂တန်) တင်ဆောင်လာသည့် ကားတစ်စီးနှင့် သစ်ပိုင်ရှင် ဦးဆွေ၊ ယာဉ်မောင်း ဦးမောင်မောင်ထွေးတို့ကို ဖမ်းဆီးရမိသည်။

မတ် ၉ ရက်က ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် မုကွာကြိုးဝိုင်း၌ တရားမဝင် ပျဉ်းကတိုးသစ် ၁၈ လုံး (၅ ဒသမ ၇၈တန်) တင်ဆောင်လာသည့် ကားတစ်စီးနှင့် ယာဉ်မောင်းဦးတိုးတိုးနှင့် လေးဦးတို့ကို ဖမ်းဆီးရမိသည်။

မတ် ၁၀ ရက်က သာယာဝတီမြို့နယ် ရန်ကုန်-ပြည်လမ်း မိုင်တိုင် (၇၆/၀)တွင် တရားမဝင် ကျွန်းခွဲသား ၃၁ ချောင်း (၁ ဒသမ ၁၈၇၂တန်) တင်ဆောင်လာသည့် ကားတစ်စီးနှင့် ယာဉ်မောင်း ဦးကြည်ဝင်း၊ ယာဉ်နောက်လိုက် ဦးအေးနိုင်တို့ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံဘူမိသိပ္ပံအသင်း
နဝမအကြိမ်သင်းလုံးကျွတ် နှစ်ပတ်လည်အစည်းအဝေးနှင့် စတုတ္ထအကြိမ် မြန်မာနိုင်ငံသက်ကြီးဘူမိဗေဒပညာရှင်များ
ကန်တော့ပွဲအခမ်းအနား ဖိတ်ကြားလွှာ

မြန်မာနိုင်ငံဘူမိသိပ္ပံအသင်းမှကြီးမှူး၍ နဝမအကြိမ်မြောက် အသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် ဘူမိဗေဒဘွဲ့ရ ကျောင်းသား ကျောင်းသူဟောင်းများစုပေါင်း၍ သက်ကြီးဘူမိဗေဒပညာရှင်များ ကန်တော့ပွဲအား ၂၀၁၃ ခုနှစ် မတ် ၃၀ ရက်တွင် Excel Treasure Hotel ၌ ညနေ ၃ နာရီတွင် စတင်ကျင်းပမည်ဖြစ်ပါသဖြင့် ဌာနအသီးသီးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဘူမိဗေဒပညာရှင်များ၊ တက္ကသိုလ်အသီးသီးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ပါမောက္ခ၊ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဗဟိုအလုပ်အမှုဆောင်များနှင့် အမှုဆောင်များ၊ အသင်းသူ အသင်းသားများအားလုံး(မပျက်မကွက်) တက်ရောက်ကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။(သီးခြားဖိတ်စာ မပို့ပါ။)

အလုပ်အမှုဆောင်အဖွဲ့-မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်း

ညစာစားပွဲနေရာထိုင်ခင်းအတွက် ဟိုတယ်နှင့် ကြိုတင်ညှိနှိုင်းစီစဉ်နိုင်ရန် ၂၅-၃-၂၀၁၃ ရက်မတိုင်မီ အသင်းရုံးနှင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်ကြပါရန်နှင့် အလှူငွေများလည်း ပါဝင်လှူဒါန်းကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

မြန်မာနိုင်ငံဘူမိသိပ္ပံအသင်းရုံး၊ MES အဆောက်အအုံ၊ လှိုင်တက္ကသိုလ်နယ်မြေ ဖုန်း-၅၁၉၆၇၃~၆၊ လိုင်းခွဲ-၅၀၁၊ ဦးစိုးမြင့်(ဥက္ကဋ္ဌ) ဖုန်း-၀၁-၅၀၃၉၈၁၊ ဒေါက်တာမြင့်သိန်း(ဒုဥက္ကဋ္ဌ) ဖုန်း-၀၂-၃၆၆၂၈၊ ဦးလှကြည်(ဒုဥက္ကဋ္ဌ) ဖုန်း-၀၁-၅၈၀၁၁၅၊ ဦးကြိုင်စိန်(ဒုဥက္ကဋ္ဌ) ဖုန်း-၀၉-၂၀၄၂၀၅၄၊ ဒေါက်တာဒေါ်တင်ဌေးမူ ဖုန်း-၀၉-၅၁၅၃၄၄၁၊ ဦးသန်းထွန်း ဖုန်း ၀၉-၅၁၁၃၀၉၊ ဦးတင်ကျော်သန်း ဖုန်း-၀၁-၅၇၁၀၂၈၊ ၀၉-၅၀၀၂၅၈၁၊ ဦးညွှန့်ဌေး ဖုန်း-၆၄၄၁၇၅၊ ၀၉-၇၃၀၉၄၈၁၂၊ ဦးရီစိန် ဖုန်း-၀၁-၃၈၇၂၀၅၊ ၀၉-၅၀၄၀၄၁၁၊ ဦးရဲမြတ်စိုး ဖုန်း-၀၉-၅၀၁၈၆၂၅၊ ဦးစိုးသူရထွန်း ဖုန်း-၅၅၂၉၀၁၊ ၀၉-၅၁၄၄၀၀၅၊ ဦးအေးလွင် ဖုန်း-၀၁-၂၄၅၆၆၃၊ ၀၉-၅၀၀၆၂၅၈၊ ဦးကောင်းနိုင် ဖုန်း-၀၉-၇၃၁၅၄၂၉၉၊ ဦးမြတ်ဇော် ဖုန်း-၀၉-၇၃၁၅၄၄၃၃၊ ဦးအောင်မြတ်ကျော် ဖုန်း-၀၉-၅၁၆၂၁၆၉

ရောင်းချရန်ကြော်ငြာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)

အလုံမြို့နယ်တရားရုံး၊ ၂၀၁၁ ခုနှစ် တရားမဇာရီမှုအမှတ်-၁၅

ဒေါ်ခင်ခင်ဦး **တရားနိုင်** **နှင့်** ဒေါ်ခင်သန်းကြည် ပါ(၃) **တရားရှုံးများ**

ရန်ကုန်တိုင်းဒေသကြီးအနောက်ပိုင်းခရိုင်တရားရုံး၏ ၂၀၀၉ခုနှစ် တရားမကြီးမှုအမှတ်-၉၀အမှုတွင် တရားနိုင်က အမွေပုံပစ္စည်း၏ ၁၂ပုံ တစ်ပုံ ရထိုက်ခွင့်ရှိကြောင်း၊ အနိုင်ဒီကရီအရ အမွေပုံပစ္စည်းဖြစ်သည့် အောက်ဖော်ပြပါပစ္စည်းကို ၂၀၁၃ခုနှစ် ဧပြီ ၂၃ရက် (၁၃၇၅ခုနှစ် တန်ခူးလဆန်း ၁၃ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၃အိုင်၊ မြေကွက်အမှတ် ၁၇၇၊ အကျယ်အဝန်း (အလျားပေ၅၀×အနံ ၂၅ပေ)ရှိ နှစ်၉၀ဂရန်မြေနှင့် အမှတ် ၃၅၊ ဌာနာလမ်း၊ ဌာနာရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်မြေ၏ အကျိုးခံစားခွင့်အရပ်ရပ်။

ကြမ်းခင်းဈေး ကျပ်သိန်း ၁၅၀၀ တိတိ။

လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

(၁) ပစ္စည်းစာရင်းတွင် ဖော်ပြထားသောအချက်များမှာ တရားနိုင်က တရားရုံးတော်သို့ တင်ပြချက်အရ သိရှိရသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်းတစ်ခုခုပေါ်ပေါက်လာပါက တရားရုံးက တာဝန်ယူမည်မဟုတ်။

(၂) လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းချသူအရာရှိထံ လေလံတင်ရောင်းချမည့် ရက်မတိုင်မီရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၁၃ခုနှစ် မတ် ၁၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဝင်းနိုင်)
မြို့နယ်တရားသူကြီး၊ အလုံမြို့နယ်တရားရုံး

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ သမဝါယမအသင်းစုချုပ်ပိုင်ဖြစ်သော ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ မဟာဗန္ဓုလလမ်းနှင့် အနော်ရထာလမ်းအကြား(ဘားလမ်း)စုပေါင်းအိမ်ပိုင် အဆောက်အအုံ တိုက်အမှတ် ၁၅၈/၁၆၈၊ အခန်းအမှတ် ၉/၁၀၊ မြေညီထပ်နှင့် တွယ်ကပ်တပ်ဆင်ထားသည့် ရေ၊ မီး၊ လိုင်းတယ်လီဖုန်းအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ကျွန်မ၏မိတ်ဆွေက ပဲခူးတိုင်းဒေသကြီး၊ သမဝါယမအသင်းစုချုပ်ကိုယ်စား သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး၏ ၁၇-၁-၂၀၁၁ရက်စွဲပါ စာအမှတ် င-ဖ/၇/(၀၉၄) ၂၀၁၁အရ အဖွဲ့ဝင် ခုနစ်ဦးဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ချက်အရ ဦးခင်စိုး ၇/ပခန(နိုင်)၁၇၂၄၃၈ ဥက္ကဋ္ဌ-ပဲခူးတိုင်းဒေသကြီး၊ သမဝါယမအသင်းစုချုပ်ထံမှ အပြီးအပိုင်ဝယ်ယူရန် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ တိုက်ခန်းနှင့်ပတ်သက်၍ သက်ဆိုင်သူ၊ အကျိုးခံစားခွင့်ရှိသူများရှိပါက ခိုင်လုံသော တရားဝင်အထောက်အထား၊ စာချုပ်စာတမ်း၊ စာရွက်စာတမ်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်မထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်လှတင် (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၅၄)
အမှတ် -၈၅(မြေညီထပ်)၊ ၃၇လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၃၉၂၀၉၀၊ ၀၁-၅၇၂၆၈၁၊ ၀၉-၅၀၂၁၂၄၄

ပျောက်ဆုံး

ကျွန်မ မလန်းနေဟတ်၏ နိုင်ငံကူးလက်မှတ် A-318215 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေး ပါရန်။

ဖုန်း-၀၉-၄၉၂၆၃၁၃၀

ပြင်ဆင်ဖတ်ရှုပါရန်

၂၂-၂-၂၀၁၃ ရက် မြန်မာ့အလင်းနှင့် ၂၄-၂-၂၀၁၃ရက် ကြေးမုံသတင်းစာပါ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၁၃၊ မြေကွက်အမှတ်၂၈၂၊ မြေကွက်တည်နေရာအမှတ် ၂၈၂၊ သီရိရန္တာ(၂၉)လမ်း၊ ၁၃ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးဝမ်းလှိုင်အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးဝမ်းလှိုင်ထံမှ ကိုယ်စားလှယ်လွှဲစာအမှတ် ၁၃၆၀၇/၂၂-၇-၂၀၁၂ အထူးကိုယ်စားလှယ် ဦးစိုင်းသီဟအောင် ၁၂/ပဇတ(နိုင်)၀၁၂၁၂၅ အစား ကိုယ်စားလှယ်လွှဲစာအမှတ် ၁၃၆၀၇/၂၂-၇-၂၀၁၁ဟု ပြင်ဆင်ဖတ်ရှုပါရန်။

17-3-2013 (B).pmd 1 3/15/2013, 9:15 PM

ကြော်ငြာ

သဘာဝအချိုရည်၊ ဂျယ်လီ၊ သစ်သီးယို၊ ရေခဲမုန့် နိုင်ငံခြားမုန့်ဖုတ်သင်တန်း

အဆီကျကျန်မားရေ ရှောင်ရည်မျိုးကြက်ဥမှတင်ပေါင်းစိမ်ချဉ်နှင့် အစေးဆိုင်ဖွင့်နည်းအကောင်းပြဆုံနည်း

1	17.3.13 ¥ 23.3.13	3	25.3.13 ¥ 31.3.13	အမြဲ့သင်တန်းရှိသည်။ နယ်မှလာ
2	21.3.13 ¥ 27.3.13	4	29.3.13 ¥ 4.3.13	သူများအတွက်နေရာစီစဉ်ပေးသည်။

ROYAL SUN အားအသာကျေနပ်သင်တန်း အမှတ် - 26၊ သစ်တောလမ်း
အလုံစာတိုက်အနီး၊ အလုံမြို့နယ်၊ ရန်ကုန်။ 01-212651, 09-49308462

နေဝင်းမြင့်

မန်းဘခိုင် နှင့် ဖဆပလ

ထွက်ပြီ

တစ်ပြည်လုံးဖြန့်ချိရေး - ရှုံ့မဝ်စာပေ ၂၁၂ ၃၁ လမ်း ရန်ကုန်မြို့ ဖုန်း ၀၁-၂၈၅၂၉၄၇၊ ၀၉-၄၃၂၀၄၀၄၂

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး
၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ်-၁၆၆

ဒေါ်သီသီအောင် **တရားလို** **နှင့်** ဦးစိုးထက်ကို **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(တောင်)၊ ဦးဝိစာရလမ်းသွယ် (မြေနီခြံ)၊ တိုက်အမှတ် (၁၀၄) လေးလွှာ(ဘယ်)နေ ဦးစိုးထက်ကို(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပြန်လည်ပေးချေမည့် ငွေကျပ်သိန်း ၁၂၀ (ကျပ်သိန်း တစ်ရာ့နှစ်ဆယ်တိတိ)နှင့် နှစ်နာကြေးငွေကျပ် ၁၅ သိန်း စုစုပေါင်း ကျပ် ၁၃၅ သိန်း ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့် ပါ၍ဖြစ်စေ ၂၀၁၃ခုနှစ် မတ် ၂၈ရက် (၁၃၇၄ခုနှစ် တပေါင်းလပြည့်ကျော်၂ရက်) မွန်းမတည့်မီ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို စွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဖေဖော်ဝါရီ ၂၆ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(တင်တင်မာ)
ဒုတိယခရိုင်တရားသူကြီး(၃)
ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး

အများသိစေရန်

ကျွန်ုပ်၏အမှုသည် မယုဇနထွန်းဝင်း ၁၃/မဖန(နိုင်)၀၁၇၄၆၆နှင့် ဦးဝင်းမောင် ၁၂/လကန(နိုင်)၀၀၁၂၅၃တို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်းတိုက်ဆိုင်မှုမရှိ၍ ဆက်လက်ပေါင်းသင်းနေထိုင်ရန် ဆန္ဒမရှိတော့ကြပါသဖြင့် နှစ်ဖက်သော မိဘဆွေမျိုးများရှေ့တွင် ၇-၃-၂၀၁၃ရက်က လက်မှတ်ရေးထိုး တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း၊ နောက်နောင် တစ်ဦးနှင့်တစ်ဦး လူမှုရေး၊ စီးပွားရေး၊ ငွေရေးကြေးကိစ္စများ လုံးဝပတ်သက်ခြင်းမရှိကြပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မယုဇနထွန်းဝင်း၏လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်တင်ဝင်းမြင့် LL.B (စဉ်-၄၉၄၂)
တရားလွှတ်တော်ရှေ့နေ
အမှတ် ၁၆၊ အနော်ရထာလမ်း၊ ကျောက်ကုန်း၊ ရန်ကင်းမြို့နယ်

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပလရ(အေးသာယာကွက်သစ်)ရပ်ကွက်၊ အေးသာယာ ၃လမ်း၊ အမှတ် ၅၃၅/က-၁၆၄ဟု ခေါ်တွင်သော ပေ(၃၀×၅၀)ရှိ မြေကွက်နှင့် မြေပေါ်တွင် ဆောက်လုပ်ထားသောအဆောက်အအုံ၊ နေအိမ်အဆောက်အအုံနှင့်တကွ မြေပေါ်ရှိ သီးပင်စားပင်အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ရှိပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်မျိုးထက်ရင် ၇/ပခန(နိုင်)၂၅၂၅၆၆ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တင်ပြ၍ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

မောင်မောင်ထူးအောင်လင်း၏
လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမောင်မောင်ဝင်း
တရားလွှတ်တော်ရှေ့နေ(၂၀၇၇)
အမှတ် ၁၁၃၊ ၃၁ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၃၇၇၇၁၀

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၊ အနော်မာ ၁၆ လမ်း၊ မြေကွက်အမှတ် ၇၀၀/ခ အမည်ပေါက် ဦးဘိုကေ ၁၂/သကတ(နိုင်) ၀၉၇၂၉၆ ပိုင်မြေအကျယ်အဝန်း ၁၀ ပေ× ပေ ၆၀ အား တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဆိုသူ ဦးမောင်မောင်မြင့် ၁၂/သကတ(နိုင်)၁၄၄၀၇၈ ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင် ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ငါးရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်သီတာမမ	**ဦးအောင်ကျော်လင်း**	**ဒေါ်ဝင်းလဲ့လဲ့နိုင်**
(စဉ်-၇၂၂၆)	(စဉ်-၄၁၀၇၀)	(စဉ်-၄၁၀၃၄)

တရားလွှတ်တော်ရှေ့နေ **အထက်တန်းရှေ့နေများ**
၄၄(ပထမထပ်)၊ အခန်း ၁၀၊ ၃၆ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၇၃၁၂၁၅၇၃၊ ၀၉-၄၅၀၅၄၂၇၃၄

YANGON METAL INDUSTRY CO., LTD. မှ ဘက်ထရီအိုးဟောင်းများဝယ်သည်

TOYO, GS , 3K , FB , YUASA , YUCON အမည်ပါသော အိုးများသာ

20 Ah	(3600) ကျပ်	NS 100 (80 Ah)	(13200) ကျပ်
35 Ah	(7200) ကျပ်	100 Ah	(16800) ကျပ်
45 Ah	(8400) ကျပ်	N120PP (110 Ah)	(18000) ကျပ်
60 Ah	(10800) ကျပ်	120 Ah	(20400) ကျပ်
70 Ah	(12600) ကျပ်	150 Ah	(25200) ကျပ်
75Ah	(13200) ကျပ်	200 Ah	(33600) ကျပ်

ကျန်တံဆိပ်ဘက်ထရီများနှင့် ပြန်လည်ပြုပြင်ထားသော ဘက်ထရီများကို ကတ္တားဖြင့်ဝယ်သည်။ ဈေးနှုန်းတည်မြဲရက် လေးရက်အတွင်းသာ ကတ္တရာအိုးများ မဝယ်ပါ။

လွင်ဘက်ထရီနှင့် ပလိတ်ပြားရောင်းဝယ်ရေး

အမှတ် (က-၃၉)၊ အခန်း ၁၀၊ ဘုရင့်နောင်ဈေး၊ ရန်ကုန်၊ ဖုန်း-၆၈၂၂၆၈

YMI - အမှတ်(F/S 14)၊ ရွှေစံပယ်ရိပ်မွန်၊ ဘုရင့်နောင်လမ်းမကြီး၊ကမာရွတ်၊ ရန်ကုန်၊ ဖုန်း-၅၂၇၆၆၇၊ ၇၀၁၇၁၉ ~၂၀
- အမှတ် ၄၅၂၊ ၈၂လမ်းနှင့် ၃၄လမ်းထောင့်၊ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊ ဖုန်း-၀၂-၇၂၇၆၁၊ ၀၉-၇၃၅၀၁၇၇၅
- အမှတ် ၆၄၊ လေးထောင့်ကန်လမ်း၊လေးထောင့်ကန်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၁၃၂၃၇၇
- အမှတ် ၃၁၊ သုဓမ္မာလမ်းမကြီး၊ ဘုန်းကြီးလမ်းမှတ်တိုင်အနီး၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉-၇၃၂၂၇၆၂၃

ရောင်းချရန်ကြော်ငြာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
မြောက်ဥက္ကလာပမြို့နယ်တရားရုံး
၂၀၁၂ ခုနှစ် တရားမဇာရီမှုအမှတ်-၇၂

မြန်မာ့စီးပွားရေးဘဏ် ကမာရွတ်ဘဏ်ခွဲ ၄င်း၏မန်နေဂျာ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။	**နှင့်**	၁။ ဦးမြဝင်း ၂။ ဒေါ်ယဉ်ယဉ်တင့်
တရားနိုင်		**တရားရှုံးများ**

ယခင် ရန်ကုန်တိုင်းဒေသကြီးတရားရုံး၊ တရားမကြီးအမှုအမှတ် ၁၁၂၈/၂၀၀၅အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသောပစ္စည်းကို ၂၀၁၃ခုနှစ် ဧပြီ ၂၉ ရက် (၁၃၇၅ ခုနှစ် တန်ခူးလပြည့်ကျော် ၄ရက်) နံနက် ၁၀ နာရီတွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄၊ လူနေရပ်ကွက်အမှတ် ရွှေပေါက်ကံမြို့နယ်၊ မြေကွက်အမှတ် ၆၄၊ မြေဧရိယာ ၀ ဒသမ ၀၅၅ဧက၊ ပေ (၄၀×၆၀)အကျယ်အဝန်းရှိ နှစ် ၆၀မြေငှားဂရန်မြေကွက်နှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသည့် ပေ (၂၀×၅၀)အကျယ် သွပ်မိုး၊ ပျဉ်ကာခင်း၊ နှစ်ထပ်တိုက်ခံအိမ်အပါအဝင် အကျိုးခံစားခွင့်များအားလုံး။

ကြမ်းခင်းဈေး ကျပ်သိန်း ၁၃၀ (ကျပ်သိန်းတစ်ရာသုံးဆယ်တိတိ)

လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

